ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်၊ ကြာသပတေးနေ့။ Thursday, 27 February 2020 ၉၉၃၈

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံသို့ရောက်ရှိ၊ Akshardham ဟိန္ဒူဘုရားကျောင်းအတွင်း ကြည့်ရှုလေ့လာ

နယူးဒေလီ ဖေဖော်ဝါရီ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီ ရမ် နက်သ် ကိုဗင့်ဒ်၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့နံနက် ၁၁ နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ထွက်ခွာကြသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်အဖွဲ့ Akshardham ဟိန္ဒူဘုရားကျောင်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။

ကြေးမုံ ယနေ့ ဖတ်စရာ

ဆင်းကတ်များ စနစ်တကျ ပြန်လည်မှတ်ပုံတင်နိုင်ရေး စကားဝိုင်းကျင်းပ စာမျက်နှာ » ၉

လူထုအခြေပြုဗဟိုဌာနများကို အကျိုးရှိအောင် ဘယ်လိုအသုံးပြုမလဲ စကားဝိုင်းကျင်းပ စာမျက်နှာ » ၁၀

အခြေခံပညာအဆင့် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်း ကြေညာ စာမျက်နှာ » ၁၂

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance
Awarded by Euromoney
Awarded by The FinanceAsia

# ၂၀၂၀ ပြည့်နှစ်၊ (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်နေ့ ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး (၃) ပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးတာဝန်ထမ်းဆောင်ရေး။

(၂) ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်ရန် တပ်မတော်၏ငြိမ်းချမ်းရေးမူဝါဒ (၆) ရပ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ရေး။

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၄) နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အမျိုးသားနိုင်ငံရေးတာဝန်များကို ခေတ်အဆက်ဆက် ကျေပွန်စွာထမ်းဆောင်ခဲ့သည့် တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရေး။

ကြေးမုံ

## မိမိကိုယ်မိမိစောင့်ရှောက်ခြင်းဖြင့် ရောဂါဘေးဘယာများကို ခုခံကာကွယ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအချို့တွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 ဗိုင်းရပ်စ်ပိုးကြောင့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ဖြစ်ပွားသောနိုင်ငံများ၌ ထိန်းချုပ်နိုင်ခြင်းမရှိသေးချေ။ လူတို့အား အလွယ်တကူကူးစက်နိုင်ပြီး အသက်ပင်သေဆုံးနိုင်သော ထိုရောဂါပိုးသည် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံမှ စတင်ဖြစ်ပွားသဖြင့် ဖြစ်ပွားလျှင်ဖြစ်ပွားချင်း ကျန်းမာရေးဆိုင်ရာ ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်မှု၊ သံသယရှိသည်ဟုယူဆလျှင် အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုတို့ကြောင့် ဖေဖော်ဝါရီလ ၂၅ ရက်နေ့အထိ COVID-19 ဗိုင်းရပ်စ်ပိုးခတ်ခွဲ အတည်ပြုလူနာ တစ်ဦးတစ်ယောက်မျှ မတွေ့ရှိရသေးပေ။

COVID-19 ဗိုင်းရပ်စ်ပိုးကူးစက်ပျံ့နှံ့မှုသည် တရုတ်နိုင်ငံ ဝူဟန်မြို့၌ စတင်ဖြစ်ပွားသည့်နေ့မှစ၍ ကူးစက်ခံရမှုနှင့် သေဆုံးမှုနှုန်း တစ်နေ့ထက်တစ်နေ့ တိုးတက်လာခဲ့ရာ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် တစ်ရက်အတွင်း ၇၁ ဦးသေဆုံးခဲ့ပြီး သေဆုံးသူ ၂၆၆၃ ဦး၊ ကူးစက်ခံရသူ ၇၇၆၅၈ ဦး ရှိခဲ့ပြီဖြစ်သည်။ အိမ်နီးချင်းတရုတ်နိုင်ငံတွင် သေဆုံးမှု၊ ကူးစက်မှု မြင့်တက်နေပြီး ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် အီရန်နိုင်ငံ စသည့်နိုင်ငံများတွင်ပါ ကူးစက်ပျံ့နှံ့မှု မြင့်တက်လာသောကြောင့် မြန်မာနိုင်ငံအနေဖြင့် သတိဝီရိယကို ပိုသည်ဟူ၍သဘောမထားဘဲ ယခုထက်ပိုမိုအထူးဂရုစိုက်၍ ခုခံကာကွယ်တားဆီးသွားကြရမည်ဖြစ်သည်။

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံအတွင်း၌ COVID-19 ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားသော လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါနှင့်ပတ်သက်၍ အတည်ပြုရောဂါလူနာမတွေ့သေးသော်လည်း ထိုကူးစက်ရောဂါသည် အချိန်မရွေး၊ နေရာမရွေး လူအများ၌ ကူးစက်ဖြစ်ပွားနိုင်သဖြင့် ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးကို ပထမဦးစားပေးအရေးပေါ်ကိစ္စရပ်အနေဖြင့် အထူးဂရုပြု၍ ဆက်လက်အားထုတ်ဆောင်ရွက်နေမှုများကို အသိအမှတ်ပြုရမည်ဖြစ်သည်။

ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူစုလူဝေးများ ပြုလုပ်ခြင်းအား ရှောင်ကြဉ်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တိုက်တွန်းထားပြီး ကျန်းမာရေးဝန်ကြီးဌာနကလည်း အသိပေးနှိုးဆော်ချက်များထုတ်ပြန်ထားသည်။ အကယ်၍ မဖြစ်မနေပြုလုပ်ရမည်ဆိုပါလျှင် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကျန်းမာရေးအသိပေးနှိုးဆော်ချက်များအတိုင်း လိုက်နာဆောင်ရွက်ကြဖို့လိုမည်ဖြစ်သည်။ အထူးသဖြင့် ထိုရောဂါသည် ပြည်တွင်း၌ကူးစက်ဖြစ်ပွားခြင်းမရှိသဖြင့် ပြည်ပမှဝင်ရောက်လာသော လူများမှတစ်ဆင့်သာ ကူးစက်နိုင်သောကြောင့် နိုင်ငံတကာဝင်ပေါက်၊ ထွက်ပေါက်များမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်လာသောဧည့်သည်များအား သေချာစွာစောင့်ကြည့်ကြပ်မတ် ဆောင်ရွက်ရန်လိုအပ်သည်။ အဆိုပါရောဂါ မည်သို့ဖြစ်ပွားသည်၊ ပျံ့နှံ့သည်ဖြစ်စေ မြန်မာနိုင်ငံသူ နိုင်ငံသားများအနေဖြင့် လက်ရှိကောင်းမွန်နေသောအနေအထားထက် ပိုမိုတိုးတက်ကောင်းမွန်စေရန်အတွက် မိမိကိုယ်ကို ကျန်းမာအောင် နေထိုင်ပြုမူလုပ်ကိုင်သွားရမည်ဖြစ်သည်။

ပြင်ပကျန်းမာရေးနှင့်ပတ်သက်၍ နံနက်စောစောနေရောင်ခြည်ကဲ့သို့ သင့်တင့်သောနေရောင်ခြည်နှင့်ထိတွေ့ခြင်း၊ သင့်လျော်သော ပတ်ဝန်းကျင်/ကိုယ်ခန္ဓာ အပူချိန်ရှိခြင်း၊ လေဝင်လေထွက်ကောင်းမွန်ခြင်း၊ ရောဂါကူးစက်နိုင်သော နေရာများတွင် ကလိုရင်းပိုးသတ်ဆေးပက်ဖျန်းခြင်း၊ လက်ကို သန့်ရှင်းအောင် အစဉ်အမြဲဆေးကြောသန့်စင်ခြင်း၊ ခံနိုင်ရည်ရှိခြင်းနှင့် ကိုယ်ခံအားကောင်းခြင်းတို့သည် ဗိုင်းရပ်စ်ပိုးအား ကြိုတင်ကာကွယ်ခုခံတားဆီးနိုင်သော အကောင်းဆုံးနည်းလမ်းများဖြစ်သည်။

လူတိုင်းလူတိုင်း တစ်ကိုယ်ရေကျန်းမာရေးနှင့်ပတ်သက်၍ အိပ်ရေးဝအောင် အိပ်စက်ခြင်း၊ နံနက်စာကိုပုံမှန်စားသုံးခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သောအစားအသောက်များကို ပုံမှန်စားသုံးခြင်း၊ ကိုယ်လက်လှုပ်ရှားမှု ပုံမှန်ပြုလုပ်ခြင်း၊ စိတ်ရွှင်လန်းတက်ကြွပြီး စိတ်ချမ်းသာအောင်နေထိုင်ခြင်းနှင့် အရာရာတွင် အကောင်းမြင်တတ်ခြင်းတို့သည် COVID-19 ဗိုင်းရပ်စ်ပိုးသာမက အခြားမည်သည့်ရောဂါ၊ ဗိုင်းရပ်စ်ပိုးမျှ အလွယ်တကူမဝင်ရောက်နိုင်အောင် ကြိုတင်ကာကွယ်တားဆီးနိုင်သည်။

သို့ဖြစ်ရာ ရောဂါဘေးဘယာများအမျိုးမျိုးထူပြောနေသော ယနေ့ကာလတွင် မိမိကိုယ်တိုင်အထူးဂရုပြု၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ရာ ကိုယ်စီကိုယ်စီကိုယ်ခံအားကောင်းမွန်ကြလျှင် ဝင်ရောက်လာနိုင်သော ရောဂါဘေးအန္တရာယ်များကို ခုခံကာကွယ်တားဆီးနိုင်မည်ဖြစ်ပါကြောင်း။ ။

## ရဟန္တာမဟာသိမ်တော်ကြီး ဘက်စုံမွမ်းမံပြုပြင်ခြင်းနှင့် နဝရတ်ရွှေစင်အောင်စေတီတော်နှင့် ပတ္တမြားမျက်ရှင်ပုံတူရုပ်ပွားတော် မဟာဒါနကုသိုလ် စုပေါင်းရေစက်ချမင်္ဂလာအခမ်းအနား ကျင်းပ



ရန်ကုန် ဖေဖော်ဝါရီ ၂၆

ရဟန္တာမဟာသိမ်တော်ကြီး ဘက်စုံမွမ်းမံပြုပြင်ခြင်းနှင့် နဝရတ်ရွှေစင်အောင် စေတီတော်နှင့် ပတ္တမြားမျက်ရှင်ပုံတူရုပ်ပွားတော် မဟာဒါနကုသိုလ် စုပေါင်းရေစက်ချမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော် တောင်ဘက်မုခ် အနီးရှိ အဆိုပါ မဟာသိမ်တော်ကြီး၌ ကျင်းပသည်။

### တင်လျှုပူဇော်

ရှေးဦးစွာ နဝရတ်ရွှေစင်အောင် စေတီတော်နှင့် ပတ္တမြားမျက်ရှင် ပုံတူရုပ်ပွားတော်မြတ်တို့အား နိုင်ငံတော် သြဝါဒါစရိယ ဆရာတော်ကြီးများနှင့် ရွှေတိဂုံစေတီဘဏ္ဍာတော် ထိန်း ဂေါပကအဖွဲ့ သြဝါဒါစရိယ ဆရာတော်ကြီးများက ဗုဒ္ဓါဘိသေက အနေကဇာ တင်လျှုပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ သြဝါဒါစရိယ အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသထံမှ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပိုနှင့် ဇနီး၊ ဂေါပကအဖွဲ့များနှင့် အလှူရှင်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင် ဦးအေးထွန်းက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

### အနုမောဒနာတရား နာယူ

ထို့နောက် ဆရာတော်ကြီးများက အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြပြီး တိုင်းမှူးနှင့် ဇနီး၊ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ စေတိယင်္ဂဏ ပဝရသိရီမဟာဓမ္မဂုရု၊ သ.စ.အ ဓမ္မာစရိယ၊ ဝဋံသကာ၊ ပါဠိပါရဂူ၊ နိုင်ငံတော် ဗဟိုသံဃဝန်ဆောင်၊ တိပိဋက သြဝါဒါစရိယ၊ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် လှရတနာ ဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချ အနုမောဒနာတရား နာယူကြသည်။

ရဟန္တာ မဟာသိမ်တော်ကြီး၌ တောင်ဘက်ခြမ်း မြေထိန်းနံရံများ ပြိုကျခဲ့ရာ အလှူရှင်များက အလျား ၄၂ ပေ၊ အနံ ၃၆ ပေ၊ အမြင့် ၁၂ ပေရှိ မြေထိန်းနံရံအသစ် တည်ဆောက်ခြင်း၊ ပတ္တမြားမျက်ရှင် ကြေးသွန်းရုပ်ပွားတော် ပုံတူထုဆစ်ပူဇော်ခြင်း၊ ဂန္ဓကုဋိ တိုက်တည်ဆောက်ခြင်း၊ ရင်ပြင်တော်တွင် စကျင်ကျောက်ပြားများ အစားထိုးပြန်လည်ခင်းကျင်းခြင်း၊ သိမ်တော်ကြီးအတွင်းရှိ မူလဗုဒ္ဓရုပ်ပွားတော်ကြီးနှင့် ရုပ်ပွားတော်ရှစ်ဆူတို့အား ပုလဲဆေးများ ကပ်လှူပူဇော်ခြင်းနှင့် အခြားဘက်စုံမွမ်းမံမှုများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **ဇော်မင်းလတ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၆-၂-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂,၀၀၀ | ၁၂,၀၀၀ | ၆,၁၄၁ | ၇၃,၆၉၂,၀၀၀ |
| MTSH | ၄,၀၀၀ | ၃,၉၅၀ | ၁၀,၄၃၂ | ၄၁,၅၇၇,၅၀၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၆၈ | ၅၆၄,၄၀၀ |
| FPB | ၂၃,၀၀၀ | ၂၃,၀၀၀ | ၆၅၄ | ၁၅,၀၄၂,၀၀၀ |
| TMH | ၂,၉၀၀ | ၂,၉၀၀ | ၁၉၁ | ၅၅၃,၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ရန်ကုန်(ရွှေဈေး) ၁၂၄၇၀၀၀ မန္တလေး(ရွှေဈေး) ၁၂၄၇၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၉၀/၈၆၅ ကျပ် | ၈၅၀/၈၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၄၀/၈၉၅ ကျပ် | ၉၂၀/၉၄၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၂၀/၇၈၀ ကျပ် | ၈၀၀/၈၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၀၀/၈၇၅ ကျပ် | ၈၆၅/၈၇၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၂၀/၇၃၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၃၀/၇၄၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၇၅/၆၉၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၄၆.၉ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၇၆.၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၆.၁၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၅.၃၅၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၂.၆၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀.၁၉၆ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၁၂.၉ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၈.၉၂ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၅၁.၇၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၃၅.၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Daily Established in 1957

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ဇနီး ဒေါ်ခင်စောမူ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Dr. Sumit Seth နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

❂ ရှေ့ဖုံးမှ

နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်ဇနီး ဒေါ်ခင်စောမူ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Dr. Sumit Seth နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးညီပု၊ နိုင်ငံတော်သမ္မတရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

## ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့ ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၅၅ မိနစ်တွင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ Palam လေတပ်စခန်းသို့ ရောက်ရှိကြရာ အိန္ဒိယသမ္မတနိုင်ငံ အစားအသောက်ထုတ်လုပ်ရေး စက်မှုလုပ်ငန်းဆိုင်ရာ ဒုတိယဝန်ကြီး ရှရီရာမစ်ရှ်ဝါ တီလီ၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမိုးကျော်အောင်နှင့် ဇနီး၊ မြန်မာစစ်သံမှူး ဗိုလ်မှူးချုပ်သိန်းဇော်နှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆော်ရက်(ဘ်)ကူမားနှင့် ဇနီး၊ မြန်မာသံရုံးနှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများက Palam လေတပ်စခန်း၌ ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

## ရောက်ရှိ

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် Taj Palace ဟိုတယ်သို့ ရောက်ရှိကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့သည် အဖွဲ့ဝင်များနှင့်အတူ Akshardham ဟိန္ဒူဘုရားကျောင်းသို့ ရောက်ရှိရာ Sadhu Gnanmunidas နှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် အဖွဲ့ဝင်များနှင့်အတူ ဟိန္ဒူဘုရားကျောင်းအတွင်းရှိ ဘာသာရေးဆိုင်ရာအဆောက်အဦများ၊ အနုပညာလက်ရာများနှင့် အိန္ဒိယနိုင်ငံ၏ သမိုင်းကြောင်းဆိုင်ရာ ပြခန်းများအား လှည့်လည်ကြည့်ရှုလေ့လာရာ Sadhu Gnanmunidas နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

## ပေးအပ်

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် အဖွဲ့ဝင်များ၊ ဘုရားကျောင်းမှ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဘုရားကျောင်း၏ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးကြကာ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့သည် အဖွဲ့ဝင်များနှင့်အတူ နယူးဒေလီမြို့ရှိ မြန်မာသံရုံးသို့ သွားရောက်ပြီး မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ သံရုံးဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားကာ သံရုံးနှင့်စစ်သံရုံး ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ Palam လေတပ်စခန်းသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို မြန်မာသံရုံးဝန်ထမ်းမိသားစုများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းများပါ ပုဒ်မ၊ ပုဒ်မခွဲများအပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဝန်းသို မဲဆန္ဒနယ်မှ ဦးနေစိုးအောင်က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၃၄၄ တွင်ပါဝင်သည့် မသန်မစွမ်းဆိုသည့် စကားရပ်ကို ခေတ်နှင့်လျော်ညီသည့် မသန်စွမ်းဟု ပြင်ဆင်ပေးရန်ဖြစ်ပါကြောင်း၊ ထို့ပြင် ခေတ်နှင့်မကိုက်ညီသည့် ပုဒ်မ ၃၃၈ ကို ပယ်ဖျက်ရန်နှင့် ဥပဒေဘောင်ထဲတွင် ရှေ့နောက်မညီသည့် ပုဒ်မ ၃၃၉ ကို ပယ်ဖျက်ရန်တို့အတွက် ပြည်သူနှင့် နိုင်ငံတော်ကို ကိုယ်စားပြုသည့် လွှတ်တော်ကိုယ်စားလှယ်များကို တိုက်တွန်းလိုပါကြောင်း ဆွေးနွေးသည်။

## မိမိတို့၏ အမျိုးသားအကျိုးစီးပွားအပေါ်တွင်သာ ခိုင်မာညီညွတ်စွာ ရပ်တည်ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း ဆွေးနွေး

ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေးက ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) အခြေခံမူများ၊ ပုဒ်မ ၆ ပုဒ်မခွဲ(ဃ) တွင် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေးဟု ပြဋ္ဌာန်းချက်ကို စည်းကမ်းပြည့်ဝသော ဆိုသည့် အထူးပြုပုဒ်ကိုဖြုတ်ပြီး ပြင်ဆင်ထားသည်ကို တွေ့ရပါကြောင်း၊ ပုဒ်မ ၇၊ ပုဒ်မ ၃၉ နှင့် ပုဒ်မ ၄၀၅ ပုဒ်မခွဲ (က) တို့တွင်လည်း အလားတူပယ်ဖျက်ထားပါကြောင်း၊ အဆိုပါ ပုဒ်မ ၄ ခု၏ ပြင်ဆင်ချက်ကို မူလအတိုင်းထားရှိရန် အဆိုတင်သွင်းအပ်ပါကြောင်း၊ ထို့ပြင် ဥပဒေမူကြမ်းများ၏ ပြင်ဆင်၊ ပယ်ဖျက်၊ ပြဋ္ဌာန်းချက်များကို ဘာသာစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲများနှင့် ငြင်းခုံမနေဘဲ အမျိုးဘာသာ သာသနာနှင့် မြန်မာနိုင်ငံတော်ကြီး မပျက်စီးစေရန် မိမိတို့၏ အမျိုးသား အကျိုးစီးပွားအပေါ်တွင်သာ ခိုင်မာညီညွတ်စွာရပ်တည် ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း ဆွေးနွေးသည်။

အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုးက ပုဒ်မ ၃၉၆ ပုဒ်မခွဲ (ခ) ပြင်ဆင်ချက်နှင့်စပ်လျဉ်း၍ ထောက်ခံဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ ပြင်ဆင်သည့် ပုဒ်မသည် အခန်း(၉) ရွေးကောက်တင်မြှောက်ခြင်း၊ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း ခေါင်းစဉ်အောက်မှ လွှတ်တော်ကိုယ်စားလှယ်များနှင့်ပတ်သက်သော ပုဒ်မတစ်ခုဖြစ်ပါကြောင်း၊ အဆိုပါ ပုဒ်မပြင်ဆင်ခြင်းသည် ပါတီတစ်ခု၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၊ အဖွဲ့အစည်းတစ်ခုအတွက် ပြင်ဆင်ခြင်းမဟုတ်ပါကြောင်း၊ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်များအကြား တရားမျှတမှုရှိရေး၊ ဤဥပဒေပါပုဒ်မကို နိုင်ငံရေးလက်နက်သဖွယ် အသုံးမပြုနိုင်ရေး၊ မဲဆန္ဒနယ်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ လွှတ်တော်များ တည်ငြိမ်စွာ မောင်းနှင်နိုင်ရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတို့အတွက် များစွာအရေးပါသည့်အတွက်ကြောင့် အဆိုပါပြင်ဆင်ချက်ကို အပြည့်အဝ ထောက်ခံပါကြောင်း ဆွေးနွေးသည်။


ဝန်းသိုမဲဆန္ဒနယ်မှ ဦးနေစိုးအောင်


ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး


အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး


မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအေး


ဖားဆောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ


ကရင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၇)မှ နော်ခရစ္စထွန်း (ခေါ်) ဒေါက်တာ အားကာမိုး

အဆိုပါ ဥပဒေမူကြမ်းများပါ ပုဒ်မ၊ ပုဒ်မခွဲများအပေါ် မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး၊ ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း၊ သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် နေမျိုးအောင်၊ တပ်မတော်သားအမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးကောင်းကျော်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးနိုင်ဦး၊ ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း၊ ကယားပြည်နယ်မဲဆန္ဒနယ် အမှတ်(၉)မှ ဦးစိုးသိန်း၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင့်လွင်၊ တပ်မတော်သားအမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဗိုလ်မှူးမိုးဟန်၊ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကျော်မင်းထွန်း၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး စိုးမိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး၊ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်၊ ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး (ခေါ်) ဦးနေမျိုးနှင့် ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးတို့က ဆက်လက်ဆွေးနွေးကြသည်။

ယနေ့အစည်းအဝေးတွင် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ဒုတိယခြောက်လပတ် အခွန်ရငွေများနှင့် ၎င်းအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၂/၂၀၂၀)တို့နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအေးက သဘာဝသယံဇာတနှင့်ပတ်သက်သည့် အခွန်များ တိုးတက်ရရှိနေခြင်းသည် သယံဇာတများကို ပိုမိုထုတ်ယူနေသည့်သဘောသက်ရောက်နေပါကြောင်း၊ ထို့ကြောင့် အဖိုးတန်သဘာဝသယံဇာတအရင်းအမြစ်များ အချိန်တိုအတွင်း ကုန်ခန်းသွားခြင်းမျိုး မဖြစ်ပေါ်စေရန်အတွက် ထုတ်လုပ်မှုများပြားမလာစေရန် ထိန်းချုပ်သင့်ပါကြောင်း၊ ထုတ်လုပ်မှုတိုးတက်လာပြီး သယံဇာတအခွန်များ တိုးတက်ရရှိနေခြင်းသည် မဖြစ်သင့်ပါကြောင်း၊ ထို့ကြောင့် သယံဇာတအခွန်များအပေါ်တွင် အခွန်ငွေတိုးတက်ရရှိလာခြင်းကို အားမပေးလိုပါကြောင်း ဆွေးနွေးသည်။

## အခွန်အခြေချဲ့ထွင်ခြင်းဖြင့် အခွန်ကောက်ခံမှုဧရိယာ တိုးချဲ့ဆောင်ရွက်ရန် လိုအပ်

ဖားဆောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူက အခွန်အကောက်ရငွေ တိုးတက်ရရှိစေရေးအတွက် ဆောင်ရွက်ရာတွင် အခွန်နှုန်းထား တိုးမြှင့်ကောက်ခံခြင်းထက် တည်ဆဲဥပဒေပြဋ္ဌာန်းချက်နှင့်အညီ တိုးတက်ကောက်ခံရရှိနိုင်ရေးကိုကြပ်မတ်ဆောင်ရွက်သွားရန် အထူးပင်လိုအပ်ပါကြောင်း၊ အခွန်အခြေချဲ့ထွင်ခြင်းဖြင့် အခွန်ကောက်ခံမှုဧရိယာ တိုးချဲ့ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်ကို ထောက်ခံပါကြောင်း၊ ထို့ကြောင့် မိမိမဲဆန္ဒနယ်ရှိ သတ္တုတွင်းလုပ်ကွက်မြေဧရိယာများကို ပြန်လည်စိစစ်၍ အခွန်အခြေချဲ့ထွင်ခြင်းဖြင့် အခွန်ကောက်ခံမှုဧရိယာ တိုးချဲ့သွားရန်အတွက် တိုက်တွန်းအကြံပြုလိုပါကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စတို့နှင့်စပ်လျဉ်း၍ ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း၊ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်းနှင့် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း (ခေါ်) ဒေါက်တာ အားကာမိုးတို့က ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်က ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းပါ ပုဒ်မ ၂၆၂ ပုဒ်မခွဲ(ဠ) ပြင်ဆင်ချက်နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် ယမန်နေ့က ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်အောင်စန်းချစ်က ၎င်းတင်သွင်းထားသည့် ဥပဒေမူကြမ်းပါ ပုဒ်မ ၂၆၂ ပုဒ်မခွဲ(ဠ) နှင့်စပ်လျဉ်း၍ စကားရပ်အချို့ ကျန်ရှိနေကြောင်း တင်ပြမှုအပေါ် စိစစ်ချက်အရ ရုံးပိုင်းဆိုင်ရာ မှားယွင်းမှုဖြစ်သည့်အတွက် ဖြည့်စွက်ပြင်ဆင်ပေးမည်ဖြစ်သည်ကို ရှင်းလင်းပြောကြားခဲ့ပါကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ အစီရင်ခံစာ နောက်ဆက်တွဲ (ဃ) ဇယား၊ (ဆ ) ဇယား၊ (ဈ - ၁) ဥပဒေမူကြမ်းဇယားနှင့် (ဈ - ၂) ဇယားတို့ပါ ပုဒ်မ ၂၆၂ ပုဒ်မခွဲ(ဠ) တွင် စကားရပ်အချို့ထည့်သွင်း ပြင်ဆင်ထားသည့် ဇယားကို ယနေ့တွင် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပါကြောင်း။

ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်များထံ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် ဖြန့်ဝေခဲ့သည့် အစီရင်ခံစာ၏နောက်ဆက်တွဲ (ဇ - ၁) နှင့် (ဈ - ၁)တို့ပါ ဥပဒေမူကြမ်းများ၏ ပြင်ဆင်ချက်ဇယား(၂)ခုဖြစ်သည့် နောက်ဆက်တွဲ (ဇ - ၂)နှင့် (ဈ - ၂) တို့အပေါ် အဖွဲ့အလိုက် တင်သွင်းထားသည့် ဥပဒေမူကြမ်းများနှင့်စပ်လျဉ်း၍ အလားတူကွဲလွဲမှု တစ်စုံတစ်ရာရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး၌ တိုက်ရိုက်ဆက်သွယ်နိုင်ကြောင်း အသိပေးပြောကြားသည်။

ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- အောင်ရဲသွင်၊ အေးအေးသန့်**
**ဓာတ်ပုံ-ထန်းဖုန်(သတင်းစဉ်)**

# MRTV Channel အား HD စနစ်ဖြင့် ပုံမှန်ထုတ်လွှင့်သွားမည်

၁။ မြန်မာ့ရုပ်မြင်သံကြားကြည့်ပရိသတ်များ အရုပ်/အသံ အရည်အသွေး ပိုမိုကြည်လင်စွာ ကြည့်ရှုနိုင်ရန်အတွက် MRTV Channel အား ပုံမှန်ထုတ်လွှင့်နေသော Standard Definition (SD) စနစ်အပြင် High Definition (HD) စနစ်ဖြင့်ပါ (၁၅-၁-၂၀၂၀) ရက်နေ့မှ စတင်စမ်းသပ်ထုတ်လွှင့်ပေးခဲ့ပြီး (၁၅-၂-၂၀၂၀)ရက်နေ့မှ စတင်၍ HD စနစ်တစ်မျိုးတည်းဖြင့်သာ ပုံမှန်ထုတ်လွှင့်ပေးသွားမည် ဖြစ်ပါသည်။

၂။ ထိုသို့ HD စနစ်သို့ အဆင့်မြှင့်တင်ပြောင်းလဲထုတ်လွှင့်မှုများသည် အရုပ်/အသံ အရည်အသွေးကောင်းမွန်ရေးကို ရှေးရှုဆောင်ရွက်ခြင်းဖြစ်ပြီး Digital စနစ်ဖြင့် ဖမ်းယူကြည့်ရှုနေကြသည့် ရုပ်မြင်သံကြားဖမ်းစက်များအနေဖြင့် HD အရည်အသွေးအတိုင်း ဖမ်းယူကြည့်ရှုနိုင်မည် ဖြစ်ပါသည်။

၃။ Analogue စနစ်ဖြင့် ဖမ်းယူကြည့်ရှုနေသော TV များတွင်မူ မည်သည့် ချိန်ညှိမှုကိုမှ ပြုလုပ်ရန် မလိုအပ်ဘဲ ယခင်အတိုင်း ဆက်လက်ဖမ်းယူကြည့်ရှုနိုင်မည် ဖြစ်ပါသည်။

၄။ မြန်မာ့ရုပ်မြင်သံကြားပရိသတ်များအနေဖြင့် MRTV Channel အား HD စနစ်ကို ကြည့်ရှုနိုင်ရန် DVB-T2 Set-top Box (သို့မဟုတ်) DVB-T2 Tuner ပါရှိသော LCD/LED TV များအား Auto Tuning ပြန်လည် ပြုလုပ်ခြင်းဖြင့် ရုပ်/သံ အရည်အသွေးကောင်းမွန်စွာ ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပါသည်။

(က) DVB-T2 Set-top Box ဖြင့် ဖမ်းယူပါက
Menu မှ Channel Search ကိုရွေးပြီး Auto Search သို့ သွား၍ OK နှိပ်ပါ။
**Menu → Channel Search → Auto Search → OK**

(ခ) DVB-T2 Tuner ပါရှိသော LCD / LED Flat TV များဖြင့် ဖမ်းယူကြည့်ရှုပါက Menu မှ Channel ကိုသွားပြီး Tuner Type တွင် Antenna ကို ရွေး၍ OK နှိပ်ပါ။ ပြီးလျှင် Auto Scan ကိုနှိပ်ပါ။ Country တွင် (Myanmar) နှင့် Mode တွင် ( DTV+ ATV ) တို့ကို ရွေးချယ်၍ Start သို့ သွားပြီး OK နှိပ်ပါ။
**Menu → Channel → Tuner Type → Antenna → Auto Scan → Country (Myanmar) → Mode(DTV+ATV) → Start → OK**

(ဂ) Analogue TV (Tube) ကို Set-top Box နှင့် ချိတ်ဆက်ကြည့်ရှုပါက ရုပ်ပုံအရွယ်အစား ချိန်ညှိရန်အတွက် Set-top Box ၏ Menu မှ Picture ကိုနှိပ်ပြီး Aspect Ratio မှ 16:9 Wide Screen ကို ရွေး၍ OK နှိပ်ပါ။
**Menu → Picture → Aspect Ratio → 16:9 Wide Screen → OK**

၅။ ဖမ်းယူချိန်ညှိပြီးပါက Channel Box တွင် အောက်ပါအစီအစဉ်အတိုင်း Channel များကို ဖမ်းယူရရှိမည် ဖြစ်ပါသည် -

| | |
|---|---|
| (1) MRTV HD | (12) MNTV |
| (2) MRTV Hluttaw | (13) Channel-9 |
| (3) MRTV NRC | (14) Mizzima |
| (4) MRTV Farmer | (15) DVB |
| (5) MRTV Sport | (16) Channel K |
| (6) MITV | (17) YTV |
| (7) EDU | (18) Fortune TV |
| (8) MRTV Entertainment | (19) Myanma Radio |
| (9) MRTV-4 | (20) Upper Tineyinthar |
| (10) Channel-7 | (21) Lower Tineyinthar |
| (11) 5 Plus | |

၆။ ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများအား ဖမ်းယူကြည့်ရှုနေသူများအနေဖြင့်လည်း (၁၅-၂-၂၀၂၀) ရက်နေ့မှစတင်၍ အထက်ပါ အစီအစဉ်များအတိုင်း ရရှိရန် Auto Tuning ပြန်လည်ပြုလုပ်ရန် လိုအပ်မည် ဖြစ်ပါသည်။

၇။ မြန်မာ့ရုပ်မြင်သံကြားကြည့် ပရိသတ်များအနေဖြင့် ထိုသို့ ဖမ်းယူကြည့်ရှုရာတွင် အဆင်မပြေမှု တစ်စုံတစ်ရာရှိပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

(က) 9 Meter Earthstation (တပ်ကုန်း ၊ ရုံးချုပ်) ဖုန်း၊ ၀၉-၄၀၈၀၈၂၀၉၀

(ခ) 9 Meter Earthstation (ရန်ကုန် ၊ ပြည်လမ်း) ဖုန်း၊ ၀၉-၄၀၈၀၈၂၀၈၀

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြား**

○ ကျောဖုံးမှ

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား ဆွေးနွေးပွဲသို့ ဖိတ်ခေါ်နိုင်ရေး အစိုးရ၏ကြိုးပမ်းမှုများနှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ် လက်မှတ်ရေးထိုးမှုဆိုင်ရာ ရရှိမှုများနှင့် တိုးတက်မှုများကို အသိပေးပြောကြားခဲ့သည်။ ထို့ပြင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို မကြာမီလများအတွင်း ကျင်းပသွားရန် လျာထားကြောင်း ပြောကြားသည်။

**တိုက်တွန်း**

ရခိုင်ပြည်နယ်အရေးနှင့်စပ်လျဉ်း၍ အသိုက်အဝန်းအားလုံးကို ထိခိုက်စေသည့် ရခိုင်ပြည်နယ် ပဋိပက္ခအပေါ် နိုင်ငံတကာအသိုက်အဝန်း၏ စိုးရိမ်ပူပန်မှုများကို အပြည့်အဝ နားလည်ကြောင်းနှင့် ရခိုင်ပြည်နယ်အရေးကိစ္စကိုဖြေရှင်းရန် အစိုးရ၏ ကတိကဝတ်များကို ထပ်လောင်းပြောကြားခဲ့ပြီး ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် အာဆာ၏ ရည်ရွယ်ချက်ရှိရှိဖြင့် တိုက်ခိုက်ခဲ့မှုသည် လူသားချင်းစာနာမှုဆိုင်ရာအခြေအနေများကို အခက်အခဲဖြစ်စေသည်သာမက ရခိုင်ပြည်နယ်အတွင်း လူမှုသဟဇာတဖြစ်ရေး၊ ပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းမှုများအား အားလျော့စေကြောင်း ထောက်ပြခဲ့သည်။ ယခုအချိန်တွင် အရေးအကြီးဆုံးမှာ စိစစ်ပြီးသည့် နေရပ်စွန့်ခွာသူများ မိမိဆန္ဒအလျောက် လုံခြုံစွာနှင့် သိက္ခာရှိရှိဖြင့် ရခိုင်ပြည်နယ်သို့ ပြန်လည်ဝင်ရောက်နိုင်ရေး အမြန်ဆုံးစတင်နိုင်ရန် ဖြစ်ကြောင်း အလေးပေးပြောကြားပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံအား နှစ်နိုင်ငံလက်မှတ်ရေးထိုးထားသည့် သဘောတူစာချုပ်များကို တိကျစွာလိုက်နာ၍ စစ်မှန်သော နိုင်ငံရေးဆန္ဒ၊ ကတိကဝတ်ပြုထားမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပြသရန် တိုက်တွန်းပြောကြားခဲ့သည်။

တာဝန်ခံမှုနှင့် တာဝန်ယူမှုအပိုင်းတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအစိုးရသည် နိုင်ငံတကာဥပဒေများ၏ အခြေခံမူဝါဒများကို အခိုင်အမာလိုက်နာကြောင်း ထပ်လောင်းပြောကြားခဲ့သည်။ လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင် (ICOE) နှင့်ဆက်စပ်၍ ပြည်ထောင်စုဝန်ကြီးက ဇာတ်ကြောင်းပြန်ပြောကြားမှုများကို အခြေမခံဘဲ မျက်မြင်သက်သေ ၁၅၀၀ နီးပါးတို့နှင့် တွေ့ဆုံမေးမြန်းမှုများကို အရင်းခံထားသည့် ICOE ၏ အပြီးသတ် အစီရင်ခံစာကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် နိုင်ငံတော်သမ္မတထံ တင်သွင်းခဲ့ကြောင်း၊ သမ္မတရုံးမှ နောက်ထပ်စုံစမ်းစစ်ဆေးမှုများနှင့် အရေးယူမှုများ ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ညွှန်ကြားထားကြောင်းနှင့် တပ်မတော်ကလည်း တပ်မတော်သားများက ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ကြောင်း အထောက်အထား ခိုင်ခိုင်လုံလုံ တွေ့ရှိပါက စစ်ဥပဒေချုပ်ရုံးမှ စစ်ဘက်ဆိုင်ရာ တရားဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် အရေးယူသွားမည်ဖြစ်ကြောင်း ကြေညာထားကြောင်း ပြောကြားခဲ့သည်။

**အသိပေး ပြောကြား**

ထို့ပြင် ကုလသမဂ္ဂတည်ထောင်ခြင်း (၇၅) နှစ်ပြည့် ကျင်းပခြင်းနှင့်အတူ လူ့အခွင့်အရေးကော်မရှင်၏ အားနည်းချက်များကို ကိုင်တွယ်ဖြေရှင်းရန် လူ့အခွင့်အရေးကောင်စီကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (UPR) သည် တန်းတူအခြေအနေနှင့် တန်းတူပြောရေးဆိုခွင့်တို့ကို အခြေခံကာ လူ့အခွင့်အရေးဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် အကောင်းဆုံးယန္တရားဖြစ်ကြောင်း၊ (၃၇) ကြိမ်မြောက် UPR လုပ်ငန်းအဖွဲ့၏ အစည်းအဝေးတွင် မြန်မာနိုင်ငံ၏ တတိယအကြိမ် UPR သုံးသပ်မှုကို ပြုလုပ်ရန်ရှိကြောင်း အသိပေးပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လူ့အခွင့်အရေးကောင်စီဖွဲ့စည်းခဲ့သည့်အချိန်တွင် အဖွဲ့ဝင်နိုင်ငံများက မည်မျှမျှော်လင့်ချက်ကြီးကြီးထားရှိကြောင်းကို “မိမိတို့သည် လူ့အခွင့်အရေးကောင်စီကို လူ့အခွင့်အရေးကိစ္စအားလုံးအား တန်းတူညီမျှဆက်ဆံသည့်နေရာ၊ ဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေးကိစ္စအဖြစ် မှတ်ယူသည့်နေရာ၊ နိုင်ငံများ၏ အချုပ်အခြာအာဏာကို လက်ကိုင်ထားပြီး လုပ်ဆောင်ချက်များ တန်းတူညီမျှမှုရှိစွာ လုပ်ဆောင်၍ စံနှစ်မျိုးကျင့်သုံးမှုအား ရှောင်ကြဉ်သည့် နေရာ၊ ဆင်ခြင်တုံတရား ကင်းမဲ့စွာ တစ်ဖက်သတ် အာဏာသုံးမှုနှင့် လုပ်ပိုင်ခွင့်တို့ကို ခွင့်မပြုသည့်နေရာ၊ ခနအင်အားကြွယ်ဝမှုအတိုင်းအတာနှင့် နိုင်ငံရေးလွှမ်းမိုးမှုတို့ဖြင့် တန်ဖိုးကို မဆုံးဖြတ်သည့် နေရာဟူ၍ စိတ်ကူးအိပ်မက်ခဲ့ကြောင်း” ပြောကြားခဲ့ပြီး “မိမိတို့၏ စိတ်ကူးအိပ်မက်မှာ ယခုထိ အကောင်အထည်ပေါ်လာခြင်း မရှိသေးပါကြောင်း” ပြည်ထောင်စုဝန်ကြီးက ဆက်လက်ထောက်ပြပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက “စိတ်ကူးရည်မှန်းချက်များသည် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှုမရှိဘဲ အမှန်တကယ်ဖြစ်မလာကြောင်း” အလေးအနက်ထားပြောကြားပြီး ရည်မှန်းချက်များပြည့်ဝရေးနှင့် လူ့အခွင့်အရေးကောင်စီသည် အားလုံးကောင်းမွန်ရေးအတွက် အတူတကွ ကြိုးပမ်းမှုဖြင့် လူသားအားလုံးအတွက် လူ့အခွင့်အရေးအနှစ်သာရများ ခံစားနိုင်ရန် မျှော်လင့်ချက် မီးရှူးတန်ဆောင် အမှန်တကယ်ဖြစ်လာရေး အဖွဲ့ဝင်နိုင်ငံများအားလုံး ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းပြောကြားခဲ့သည်။

**သတင်းစဉ်**

# မြန်မာ့ရုပ်ရှင်နှစ် (၁၀၀) ပြည့်အခမ်းအနားနှင့် ရန်ကုန်တက္ကသိုလ်နှစ် (၁၀၀) ပြည့် အခမ်းအနားများ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

မြန်မာ့ရုပ်ရှင်နှစ် (၁၀၀) ပြည့်အခမ်းအနားနှင့် ရန်ကုန်တက္ကသိုလ်နှစ် (၁၀၀) ပြည့်အခမ်းအနားများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့တွင် မြန်မာ့ရုပ်ရှင်နှင့် ရန်ကုန်တက္ကသိုလ်ရာပြည့် အခမ်းအနားများအတွက် ဆောင်ရွက်ထားပြီးသည်များ၊ ဆက်လက်လုပ်ဆောင်ရန်များကို ရှင်းလင်းတင်ပြကြရန်ဖြစ်ပါကြောင်း၊ လိုအပ်သည်များကို ဖြည့်စွက်ပြီး အကြံညာဏ်များပေးရန်နှင့် ဦးစီးကော်မတီနှင့်လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီအစည်းအဝေးများတွင် ပြည့်ပြည့်စုံစုံ တင်ပြဆွေးနွေးညှိနှိုင်းနိုင်ရန် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနားကျင်းပရေး ဦးစီးကော်မတီကို နိုင်ငံတော်သမ္မတရုံး၏ ၁၃-၂-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၃/၂၀၂၀ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားရှိမှုနှင့် ဦးစီးကော်မတီ၏ လုပ်ငန်းတာဝန်များ၊ လုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ရန် လျာထားမှုနှင့် လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ ရန်ကုန်တက္ကသိုလ် ရာပြည့် အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီများတွင် ပါဝင်ဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က မြန်မာ့ရုပ်ရှင်ရာပြည့် အခမ်းအနားကျင်းပနိုင်ရေးနှင့် ရန်ကုန်တက္ကသိုလ်ရာပြည့်အခမ်းအနားများ



ကျင်းပနိုင်ရေးအတွက် မြန်မာ့အသံ (ရေဒီယို)နှင့်ရုပ်မြင်သံကြား အစီအစဉ်များ ရိုက်ကူးထုတ်လွှင့်နေမှု၊ ဆက်လက်ထုတ်လွှင့်ရန် လျာထားချက်များကို ကနဦးကာလ၊ အကြိုကာလ၊ ပွဲတော်ကာလနှင့် ပွဲတော်ပြီးကာလ အပိုင်းလေးပိုင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်က ရာပြည့်အခမ်းအနားအတွက် မှတ်တမ်းစာအုပ်ထုတ်ဝေရေး ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် ကော်မတီအလိုက် ပါဝင်ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးသက်ဆွေက နိုင်ငံပိုင်သတင်းစာများတွင် ရာပြည့်အခမ်းအနားများနှင့် ပတ်သက်၍ ဖော်ပြခဲ့မှုများ၊ ဆက်လက်ဖော်ပြရန်လျာထားသည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ် အမှာစကားပြောကြားခဲ့သည်။

**သတင်းစဉ်**

# ခေတ်အလိုက်ပြောင်းလဲလာသော တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဝတ်စားဆင်ယင်မှုများ မှတ်တမ်းစာအုပ်ပြုစုနိုင်ရေး ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဝတ်စားဆင်ယင်မှုများကို မှတ်တမ်းစာအုပ်ပြုစုနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပြောင်းလဲလာ**

အစည်းအဝေးတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှမော်ဦးက ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားလူမျိုးစုများသည် မတူကွဲပြားသော်လည်း အရောင်အသွေးစုံစွာ တစုတစည်းတည်း နေထိုင်လာကြရာ ခေတ်ကာလအလိုက် တိုင်းရင်းသားလူမျိုးစုများ၏



ရိုးရာဝတ်စားဆင်ယင်မှုများ ပြောင်းလဲလာသည်ကို တွေ့မြင်ရပါကြောင်း၊ ပြောင်းလဲလာသော တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများကို မှတ်တမ်းအဖြစ် ပြုစုထားရှိနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကျင်းပရခြင်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားမျိုးစုံတို့၏ ဝတ်စားဆင်ယင်မှုများ ခေတ်ကာလ ပြောင်းလဲလာမှုအရ မှတ်တမ်းတင်နိုင်ရန် ဖြစ်ပါကြောင်း၊ ထိုသို့မှတ်တမ်းတင်ရာတွင် အမျိုးသား၊ အမျိုးသမီး ဝတ်စားဆင်ယင်မှုအားလုံးကို စုံစုံလင်လင်ဝေဝေဆာဆာမှတ်တမ်းတင် ထားရှိသွားမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် စုဆောင်းထားသည့် မှတ်တမ်းဓာတ်ပုံများကို ထည့်သွင်းပြုစုနိုင်ရေးအတွက် ဝန်ကြီးဌာနများမှ ဓာတ်ပုံများပေးပို့၍ ပါဝင်ပူးပေါင်းဆောင်ရွက်ပေးရန်နှင့် စုစည်းရရှိပြီးသော ဓာတ်ပုံများကို သေချာစိစစ်ပြီး မှတ်တမ်းတင်ပြုစုနိုင်ရေးသာမက စာအုပ်အဖြစ် ထုတ်ဝေနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန် ရည်ရွယ်ထားပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်က ဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ပေါင်းစပ်ညှိနှိုင်းပေး**

ဆက်လက်၍ ဝန်ကြီးဌာနများမှ တက်ရောက်လာကြသူများက ခေတ်ကာလအလိုက် ပြောင်းလဲလာသော တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာဝတ်စားဆင်ယင်မှုများကို မှတ်တမ်းအဖြစ်ပြုစုနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို တင်ပြဆွေးနွေးကြရာ ဒုတိယဝန်ကြီး ဦးလှမော်ဦးက ဆွေးနွေးတင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်စကားပြောကြားသည်။

**သတင်းစဉ်**

# စင်ကာပူမှာ …..
# (စင်ကာပူကားထိန်းချုပ်မှု အတွေ့အကြုံ)

## ကောင်းမြတ်နွယ်(စင်ကာပူ)




**စင်ကာပူမှာ အဓိကအဝေးပြေးကားလမ်းရှယ်ကြီး ရှစ်စင်းလောက်ရှိပါတယ်။ ကားပျက်တာမရှိ၊ မီးပွိုင့်မရှိ အတားအဆီးမဲ့ လမ်းရှည်ဖြောင့်ဖြောင့်တွေကြောင့် ယာဉ်ပိတ်ဆို့နှောင့်နှေးမှု မရှိသလောက်ပါ။ မြို့လယ်ကောင် ရုံး၊ ဈေး၊ ကျောင်း ပေါများတဲ့ရေိယာမှာ တစ်မိနစ်ကားဘယ်နှစီး ဖြတ်မောင်းတယ်။ ယာဉ်စီးဆင်းမှုနှုန်း တစ်နာရီ ဘယ်နှမိုင်နှုန်း မောင်းနိုင်တယ်ဆိုတာ အမြဲတမ်းစောင့်ကြည့်လျက်ရှိပါတယ်။ ကားရပ်နားမှု ကားပတ်စ်ပို့တွေမှာ ကားရပ်ဖို့ ဘယ်လောက်ကြာအောင် စောင့်ရတယ်ဆိုတာတွေ စောင့်ကြည့်အစီရင်ခံနေခြင်းအားဖြင့် ကားလမ်းယာဉ်ပိတ်ဆို့မှုလျှော့ချဖို့ကြိုးစားကြပါတယ်။ အဲဒါအတွက် အဖြေကတော့ စီအိုအီးနဲ့ ထိန်းချုပ်ခြင်းပါပဲ။**

ကားထိန်းချုပ်မှုကိစ္စဟာ တိုင်းပြည်တိုးတက်ပြောင်းလဲရေးမှာ ၈၀ ရာခိုင်နှုန်းလောက် အရေးကြီးတယ်လို့ မြင်ပါတယ်။

ယာဉ်ပိတ်ဆို့မှုကြောင့် လုပ်ချင်တဲ့အလုပ်တွေမပြီး၊ ရုံးချိန်နောက်ကျ၊ အစည်းအဝေးချိန် နှောင့်နှေး၊ သယ်ယူပို့ဆောင်ရေးအချိန်မမီခြင်းတို့ဟာ ကုန်ထုတ်လုပ်မှု နှောင့်နှေးစေတဲ့၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ထိခိုက်စေနိုင်တဲ့ အချက်တွေဖြစ်ပါတယ်။

ကားနံပါတ်၊ ကားပိုင်ရှင်၊ လိုင်စင်ပါလိပ်စာတွေ တိကျမှန်ကန်မှုမရှိခြင်းကြောင့် မူးယစ်ဆေးဝါးတင်ဆောင်ထားတဲ့ ကားကြီးတစ်စီးလုံး ပိုင်ရှင်မဲ့လုပ်နိုင်တာ၊ ကားတွေ၊ မော်တော်ဆိုင်ကယ်တွေနဲ့ ရာဇဝတ်မှု ကျူးလွန်ခြင်းကို ခြေရာခံမဖော်ထုတ်နိုင်တာတွေ ဖြစ်ရပါတယ်။

စင်ကာပူနိုင်ငံမှာ ကားဝယ်မယ်ဆိုရင် ကိုယ့်အတိုင်းအတာနဲ့ကိုယ် မာစီဒီး၊ ဘီအမ်ဒဗလျူ၊ အော်ဒီ၊ ဂျာဂွား၊ ဖို့ဒ်၊ ဘောက်စ်ဝက်ဂွန်း အနောက်ကကားတွေ ဝယ်မလား။ တိုယိုတာ၊ နီဆန်း၊ ဆူဇူကီး၊ ဟွန်ဒါ စီးပွားရေးတွက်ခြေကိုက်တဲ့ ဂျပန်ကားဝယ်မလား။ ကားပြခန်းဆီ ချီတက်ရုံပဲဖြစ်ပါတယ်။

အပြိုင်အဆိုင်ရောင်းကြတယ်။ အင်္ဂလိပ်နှစ်သစ်ကူး၊ တရုတ်နှစ်သစ်ကူး ကားလက်ဆောင်ပေးမလား အထူးလျှော့ဈေးကြော်ငြာရောင်းပါသေးတယ်။

ကားတစ်စီးဝယ်ဖို့ လက်ထဲမှာ ပိုက်ဆံအလုံအလောက် မရှိသေးဘူးလား။ မပူပါနဲ့။ ကားတန်ဖိုးရဲ့၁၀ ရာခိုင်နှုန်း၊ ၂၀ ရာခိုင်နှုန်းစသည်ဖြင့် သတ်မှတ်ထားတဲ့ ပထမအရစ်ငွေကိုသာ ပေးဖို့လိုပါတယ်။ ကျွန်တော်ဝယ်စဉ် ၂၀၀၄ ခုနှစ် တရုတ်နှစ်သစ်ကူးကာလမှာ ပထမအရစ်မပေးပါနဲ့၊ အမ်ပေါင်း၂၀၀၀ ငွေသားပြန်ယူသွားပါ။ ကားလည်း ခုမောင်းယူသွားပါလို့ ပေးတာဗျာ။

အဲ…အဲ… သိပ်ပျော်မသွားနဲ့ဦး။

ပြီးတာနဲ့ စားပွဲမှာထိုင်ခိုင်းတယ်။ မုန့်မျိုးစုံ၊ ကော်ဖီ၊ အအေးလိုချင်တာ ချကျွေးတယ်။ အသင့်ပြင်ထားတဲ့ စာချုပ်ပုံစံတစ်ထပ်ကြီးယူလာတယ်။

"နိုင်ငံသားမှတ်ပုံတင်လေးပေးပါ"

ပုံစံမှာဖြည့်သွင်းတယ်၊ မိတ္တူကူးယူတယ်။ ဘဏ်တစ်ခုခုကနေ ချေးငွေယူဖို့ပြောတယ်။

"မေဘဏ်က အတိုးနှုန်းအသက်သာဆုံးပဲ၊ လစဉ် ၅၅၀ ဆပ်၊ ၁၀ နှစ်ဆပ်လို့ရတယ်"

ကားရောင်းတဲ့သူက ဘဏ်တွေနဲ့ ချိတ်ပြီးသား၊ သူ့အတွက် အကျိုးအရှိဆုံးဘဏ်ကိုယူဖို့ ဆွယ်ပြီးပွားတာပါပဲ။ ပြီးတော့ ကျွန်တော်လစာတွေ စုဆောင်းထားတဲ့ ဘဏ်အကောင့်ပေးရတယ်။ လစဉ် အဲဒီဘဏ်အကောင့်ထဲက အလိုအလျောက် ဂျိုင်ရိုနဲ့ဖြတ်ယူမှာ။ မလွယ်ကူဘူးလား၊ ဘဏ်တွေရဲ့အတည်ပြုချက်ကလည်း မိနစ်ပိုင်းအတွင်း တီခနဲပဲ။ ဒီမှာတောင် ကော်ဖီတစ်ခွက်သောက်လို့မကုန်သေးဘူး။ အတည်ပြုပြီးဖြစ်သွားပြီ။ ပျော်စရာကြီးနော်။

မပျော်ပါနဲ့။ ပွဲစားခ၊ ဘဏ်တိုးတွေ အဲဒီနောက်ကွယ်မှာ အများကြီးပါ။ သို့သော် စိတ်ချမ်းသာပါတယ်။ ကိုယ်ပိုင်ကားစီးချင်တဲ့ဆန္ဒ ကားအသစ်ကြီးနဲ့ ချက်ချင်းပြည့်ပေါ့။ ကိုယ့်အတွက်လည်း စိတ်ချမ်းသာ။ နိုင်ငံတော်အတွက်ရော။ နိုင်ငံတော်အတွက် အကျိုးများစွာရှိပါတယ်။

နိုင်ငံတော်က ဝန်ဆောင်မှုအခွန် ခုနစ်ရာခိုင်နှုန်းရတယ်။ ကားသွင်းတဲ့အခွန် ရထားတယ်။ ကုမ္ပဏီအခွန်တွေရထားတယ်။ လမ်းအခွန်ရဦးမယ်။ ကားအာမခံ၊ လူ့အသက်အာမခံနဲ့ အီးအာရ်ပီကနေရဦးမှာ ဖြစ်ပါတယ်။ တရားဝင်မော်တော်ကားများ ရောင်းချခြင်းရဲ့အကျိုးကျေးဇူးတွေပါ ခင်ဗျ။

ကိုင်း…..ကားတော့ရပြီ။

ဆင်တွေ၊ မြင်းတွေဝယ်စီးရင်တောင် အစာကျွေးရသေးတာပဲ။ ဓာတ်ဆီဆိုင်ကိုမောင်း ဆီဖြည့်၊ နိုင်ငံတော်က စွမ်းအင်သုံးဆီတင်သွင်းရောင်းချမှုကနေ အခွန်ကောက်ခံရရှိပါသေးတယ်။

ကားကအိမ်နားရောက်ပြီ၊ ကားရပ်နားဖို့ တိုင်တွေစိုက်ရ၊ တုံးတွေချရ၊ ရန်ဖြစ်ရမှာ တွေးပူစရာမလိုပါဘူး။ အိမ်ရာဦးစီးဌာနက ညအိပ်ယာဉ်ရပ်နားခွင့်ကို တစ်လဒေါ်လာ ၉၀ နဲ့ဝယ်၊ ငါးထပ်အမြင့် ကားရပ်နားအဆောက်အအုံမှာ စတိုင်ကျကျမောင်းတက် ရပ်နားရုံပါပဲခင်ဗျာ။

**လမ်းခွန်**

Road Tax က တစ်လတစ်ကြိမ်ဝယ်မလား။ သုံးလတစ်ကြိမ် ဝယ်မလား။ ဘောစိဆိုတော့ တစ်နှစ်စာဝယ်မလား။ အဲဒီလမ်းခွန်က ကားရှေ့လေကာမှန်မှာ သုံးလက်မပတ်လည်လောက် အကြီးကြီးကပ်ထားရပါတယ်။ စစ်တဲ့သူက လေဆာမီးနဲ့ထိုးပြီး မှန်၊ မမှန် စစ်ပါတယ်။ မမှန်ရင် ဒဏ်ချခံရတာအကြီးကြီးမတန်တဆခံရပါမယ်။

**ကားအာမခံ**

ကားအာမခံ ဝယ်ကိုဝယ်ရပြန်တယ်။ မတော်တဆကားချင်းငြိရင် လျော်စရာ၊ လူကိုတိုက်မိရင် လျော်စရာ ကားအာမခံမဝယ်မနေရပါ။ ကားအာမခံပြမှ လမ်းခွန်ပြား ကားမှာကပ်ထားစရာ ဝယ်လို့ရတာပါ။

ကိုယ့်ကားက သူများကားကိုသွားငြိလို့ လျော်ရတော့မယ်ဆိုရင် အာမခံကုမ္ပဏီကို ဖုန်းလှမ်းဆက်လိုက်ရုံပါပဲ။ ပိန်ရင်ထု ပွန်းရင်ဆေးမှုတ်။ အာမခံကုမ္ပဏီကရှင်းပေးလိုက်တယ်လေ။ အဆင်ပြေမလား။

မပြေပါဘူး။ အဲဒီလျော်ပေးရတာတွေ များလာရင် နောက်တစ်ရစ် ကားအာမခံဝယ်တဲ့အခါ အာမခံကြေးများလာပါတယ်။

ကျွန်တော့်မိတ်ဆွေက သူ့မာစီဒီးကားပေါ် သစ်ကိုင်းကျိုးကျလို့ ပိန်ချိုင့်သွားတာ အာမခံကုမ္ပဏီကို လျော်ခိုင်းပါတယ်။ လျော်ပေးပါတယ်။ နောက်တစ်ရစ်ကျ ရတာနဲ့မတန်အောင် ထပ်တိုးတောင်းခံရတာပါပဲ။ ဒါကြောင့် ကျွန်တော်ကတော့ တော်ရုံတန်ရုံဖြစ်သမျှ သွားထု၊ သွားမှုတ်ကိုယ်တိုင်ခံလိုက်တယ်။ အလျော်ရနည်းတဲ့ ကျွန်တော်ကား အာမခံနည်းသည်ထက် နည်းလာတယ်။

ဒါတွေလည်း နိုင်ငံတော်ကို သွယ်ဝိုက်အခွန်ဘဏ္ဍာရနေတာပဲခင်ဗျ။ ကျွန်တော်တို့က အခွန်ထမ်းပါ၊ နိုင်ငံတော်ချမ်းသာအောင် ပံ့ပိုးနေတာ။

ဟား…နိုင်ငံတော်က ကားကြောင့်ရတဲ့အခွန်ထဲမှာ အီးအာရ်ပီကအရဆုံးပါဗျာ။ အီးအာရ်ပီ (ERP– Electronic Road Pricing) ဆိုတာ ကားအဝင်၊ အထွက်များလို့ပိတ်ကျပ်နေတဲ့နေရာတွေကို မဝင်မဖြစ် ဝင်ခြင်းမှတစ်ပါး တားဆီးထားတဲ့ ဝင်ခွင့်ကောက်ခံငွေဖြစ်ပါတယ်ဗျာ။ ကားဝင်၊ ကားထွက်များတဲ့ ကားပိတ်ဆို့မှုများနိုင်တဲ့အချိန်ကို ကားတစ်စီး သုံးဒေါ်လာလောက်ကောက်တယ်။ ကားနည်းချိန် ၅၀ ဆင့်ကောက်တယ်။ မြန်မာငွေကျပ် ၅၀၀ လောက်ဆိုပါတော့။

သတ်မှတ်ရာလမ်းအဝင်မှာ သံမဏိမုခ်ဦးကြီးတွေ အခိုင်အမာဆောက်တယ်။ ကားက အဲဒီအောက်ကဖြတ်ပြီး (ဗိုလ်ချုပ်ဈေးလို) ယာဉ်ထူထပ်တဲ့နေရာမျိုးဝင်တော့မယ်ဆိုရင် ကျသင့်ငွေကို ကျွန်တော်ကားထဲမှာတပ်ထားတဲ့ ကပ်ပြားအိမ် IU (In– vehicle Unit) ထဲကနေ တီခနဲနုတ်သွားတာ။ နုတ်မရရင် ဒဏ်ငွေဆောင်ခိုင်းသေးသဗျ။ ၁၂ ဆလောက် ဆောင်ရမှာဆိုတော့ ကားမောင်းသူတိုင်းက မှန်မှန်ကန်ကန် အဖြတ်ခံရတာကိုပဲ ဝမ်းသာနေရသေးသဗျာ။

ဒဏ်ငွေထိပြီဆိုတာနဲ့ ကျွန်တော်ဖုန်းထဲက မက်ဆေ့က တီတီဆို ဝင်လာတာကိုး။

ကျွန်တော်က မာတီစတိုရီကားပတ်ခ် (Marti–story Car Part) မှာကားရပ်ပြီး အိမ်ပြန်ချင်ဇောနဲ့ ပြန်သွားလိုက်တာ။ ညရှစ်နာရီလောက်မှာ ဖုန်းမြည်လာလို့ ကိုင်လိုက်တော့

"ငါတို့ ရဲတွေပါ၊ မင်းကားဘယ်မှာ ရပ်ထားလဲ"

"လေးထပ်မှာလေ"

"ခဏဆင်းလာခဲ့ပါ"

အပြေးအလွှားဆင်းသွား၊ ကားပတ်ခ်ပေါ် ဒုန်းစိုင်းပြီး တက်သွားရတာပေါ့။ ကျွန်တော်ကားရဲ့ ယာဉ်မောင်းခုံဘေးက မှန်မတင်ခဲ့မိလို့လေ။ တွေ့တဲ့တစ်ယောက်ယောက်က မသင်္ကာလို့ ၉၉၉ ခေါ်လိုက်တာ။ ဟူး….မလွယ်ပါလား။

ရဲက ကုန်းလမ်းသယ်ပို့အာဏာပိုင် (Land Transport Authority) ကို ပိုင်ရှင်လိပ်စာ၊ ဖုန်းနံပါတ်တောင်းပြီး ဆက်တာဗျာ။ ကားနံပါတ်သိရင် အကုန်သိနိုင်တယ်။

စင်ကာပူမှာ ကားဟောင်းရောင်းလို့၊ ဝယ်လို့မရဘူးလား။

ရပ့ါဗျား။

အထင်ကရ ကားဟောင်းစက်ကင်းဟန်းကားတွေ အရောင်းအဝယ် အကြီးအကျယ်လုပ်ကြတယ်။ အစိုးရလိုင်စင်ရ ပိုင်ရှင်ပေါက် လွှဲပြောင်းရောင်းဝယ်ခြင်းပါပဲ။ ဒါကြောင့် အခွန်လည်းရှောင်မရပါဘူး။ စင်ကာပူရီယမ်တွေကလည်း အခွန်ရှောင်ဖို့ယောင်လို့တောင် မတွေးပါဘူးဗျာ။ ကိုယ့်အခွန်ငွေမဆိုသလောက်ဟာ နိုင်ငံတော် အတွက် သဲတစ်ပွင့် ရနိုင်ပွင့်ပဲလေ။ ကားအဟောင်း အရောင်းအဝယ်ဖြစ်တာက အခြေအနေကောင်းနေဆဲ မာစီဒီး၊ ဘီအမ်ဒဗလျူလို ကားကောင်းတွေပါပဲ။ အနိမ့်ဆုံး ဟွန်ဒါလောက်ပေါ့။

အင်္ဂလိပ်လို ထည့်မပြောဘဲမြန်မာလိုပဲ တတ်နိုင်သမျှရေးမယ် စိတ်ကူးထားပေမယ့် မပြည့်စုံနိုင်လို့ အင်္ဂလိပ်လို ညှပ်ပြောခွင့်ပြုပါဗျာ။

ကားအကြောင်းပြောတော့ စီအိုအီး(COE) ဆိုတာ မပါလို့ မဖြစ်ဘူး။ The Certificate of Entitlement ဆိုတာ ကားဝယ်ရင် အပေါင်တင်ထားတဲ့သဘောပြောရမလားပဲလေ။ (LTE– Land Transport Authority) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအာဏာပိုင်မှာ အာဏာအပြည့်ရှိပါတယ်။ ကားလမ်းပိတ်ဆို့မှုဖြစ်ရင် ကုန်ထုတ်လုပ်မှုတွေ၊ နိုင်ငံတော်စီမံခန့်ခွဲရေးတွေကို သွယ်ဝိုက်ထိခိုက်တာပါပဲ။ အဖြစ်မခံနိုင်ပါဘူး။ ရှိနေတဲ့ကားလမ်းပမာဏ၊ မသွားမဖြစ် ရုံး၊ ဈေး၊ ကျောင်းအထင်ကရနေရာတွေမှာ မောင်းနှင်နေတဲ့ အရေအတွက်လွန်ယာဉ်တွေကြောင့် ကားလမ်းပိတ်ဆို့မှု ဖြစ်ရပါတယ်။ စင်ကာပူမှာ အဓိကအဝေးပြေးကားလမ်း ရှယ်ကြီး ရှစ်စင်းလောက်ရှိပါတယ်။ ကားပျက်တာမရှိ ၊ မီးပွိုင့်မရှိ အတားအဆီးမဲ့ လမ်းရှည်ဖြောင့်ဖြောင့်တွေကြောင့် ယာဉ်ပိတ်ဆို့နှောင့်နှေးမှုမရှိသလောက်ပါ။ မြို့လယ်ကောင် ရုံး၊ ဈေး၊ ကျောင်း ပေါများတဲ့ ဧရိယာမှာ တစ်မိနစ် ကားဘယ်နှစီးဖြတ်မောင်းတယ်။ ယာဉ်စီးဆင်းမှုနှုန်း တစ်နာရီ ဘယ်နှမိုင်နှုန်းမောင်းနိုင်တယ်ဆိုတာ အမြဲတမ်းစောင့်ကြည့်လျက်ရှိပါတယ်။ ကားရပ်နားမှုကားပတ်စ်ပို့တွေမှာ ကားရပ်ဖို့ ဘယ်လောက်ကြာအောင် စောင့်ရတယ်ဆိုတာတွေ စောင့်ကြည့်အစီရင်ခံနေခြင်းအားဖြင့် ကားလမ်းယာဉ်ပိတ်ဆို့မှုလျှော့ချဖို့ကြိုးစားကြပါတယ်။ အဲဒါအတွက် အဖြေကတော့ စီအိုအီးနဲ့ ထိန်းချုပ်ခြင်းပါပဲ ခင်ဗျ။

စင်ကာပူမှာချမ်းသာလို့ကားဝယ်စီးနိုင်တဲ့သူတွေကို ၁၀ နှစ်တိတိစီးခွင့်ပြုပါတယ်။ ကားပြခန်းမှာကားဝယ်ကတည်းက ကားစီးခွင့် ၁၀ နှစ်စာ စီအိုအီးက အပြီးပါထားပီးသားပါ။ ကျွန်တော်ကားဝယ်စီးတဲ့ ၂၀၀၄ ခုနှစ်မှာ ကျွန်တော်ရဲ့ ငါးယောက်စီး စူပါဆလွန်းအတွက် စီအိုအီးက ဒေါ်လာကိုးထောင်။ ကားရဲ့ တန်ဖိုးသက်သက် ဒေါ်လာငါးသောင်းခွဲရယ်။ စုစုပေါင်း ဒေါ်လာခြောက်သောင်းလေးထောင်ပေးရတယ်။ ကျွန်တော်ကားလက်ထဲရောက်ပြီး သုံး၊ လေးလကြာတော့ အဲဒီစီအိုအီးကြီးက နှစ်ဒေါ်လာအထိ ကျသွားတယ်။ စီအိုအီးက ကားဝယ်သူများလာတာ၊ ကားလမ်းပေါ်မှာ ကားတွေများလာပြီး ယာဉ်သွားလာမှုနှေးကွေးပိတ်ကျပ်မှုကို ထိန်းချုပ်တာပါ။ လူတွေကားမဝယ်ချင်လောက်အောင် စီအိုအီး မြှင့်တင်လိုက်ခြင်းဖြင့် ကားရောင်းရမှု လျော့သွားစေခဲ့ပါတယ်။

၁၀ နှစ်ပြည့်လို့ ဖျက်ဆီးပစ်လိုက်ခြင်းခံရတဲ့ ကားတွေလျော့သွားပြီ၊ လမ်းတွေချောင်နေပြီ၊ ကားရပ်နားတဲ့နေရာတွေ ကားရပ်နားမှုမရှိ လျော့နည်းသွားပြီဆိုရင် စီအိုအီးချပေးပါတယ်။ လိုချင်တဲ့ ကားအရေအတွက် လမ်းပေါ်မှာပြည့်နေရင် တောက်ပစ်လိုက်ပါတယ်။ နေ့စဉ် ၁၀ နှစ်ပြီးတဲ့ ကားတွေကိုလည်း တွင်တွင်ထုချေပစ်နေတာဆိုတော့ ကားလမ်းပိတ်ဆို့မှုလည်းမရှိ၊ ယာဉ်အို၊ ယာဉ်ဟောင်း၊ ဒုက္ခိတယာဉ်၊ လက်ပူတိုက်ယာဉ်တွေကားလမ်းပေါ်မှာမမြင်ရတော့ဘူးပေါ့ဗျာ။ ကျက်သရေရှိလိုက်တာ…..

စင်ကာပူမှာ ကားတွေကိုသတ်မှတ်ချက်အတိုင်း ပုံမှန်စစ်ဆေးရေးအစစ်ခံဖို့ သွားပေးရတယ်။ စာရရင် လာရမည့်နေ့ အချိန်သွား။ အချိန်မကြာဘူး။ မစောင့်ရဘူး။ မျက်နှာငယ်၊ အားငယ်စရာလည်းမလိုဘူး။ မအားရင် ဖုန်းဆက်ရက်ရွှေ့ချိန်းပါရတယ်။

VICOM ဆိုတဲ့ ယာဉ်စစ်ဆေးတဲ့ဌာနဝင်းထဲရောက်တော့ ညွှန်ပြတဲ့အတိုင်း သံလမ်းပေါ်မောင်းတင်ပေးရတယ်။ စစ်ဆေးတဲ့သူက ကားအောက်က ကျင်းထဲကနေစစ်တယ်။ အပေါ်ဘက်ကလူတွေက ဘရိတ်စစ်တယ်။ အချက်ပြမီးတွေစစ်တယ်။ ကားတွေကအသစ်တွေပဲဆိုတော့ pass ဖြစ်တာပဲ တွေ့ရပါတယ်။

စင်ကာပူမှာ အသက် ၁၈ နှစ်ပြည့်ပြီးမှသာ ယာဉ်မောင်းလိုင်စင်လျှောက်ထားခွင့်ရှိပါတယ်။ စာတွေ့၊ လက်တွေ့ ယာဉ်မောင်းလိုင်စင် လျှောက်ထားခွင့်ရှိပါတယ်။ သင်ကြားပေးမယ့် သင်တန်းတွေ၊ သင်တန်းဆရာများကို ကုန်းလမ်းသယ်ပို့အာဏာပိုင်က သတ်မှတ်ခွင့်ပြုထားတာကြောင့် စင်ကာပူနိုင်ငံရဲ့ ယာဉ်အန္တရာယ်ဟာ အင်မတန်နည်းပါတယ်။

၁၀ နှစ်စီးပြီးဖြစ်တဲ့ကားကို ဆက်စီးချင်သေးရင် ဒေါ်လာတစ်သောင်းခွဲလောက် ထပ်ပေးရတယ်။ ငါးနှစ်ထပ်စီးလို့ရတယ်။ အပေါင်ပေးထားတဲ့ စီအိုအီးဆုံးပါတယ်။

စာမျက်နှာ ၇ သို့ ❖

# Coronavirus Disease 2019 (COVID-19) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့်ကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် နေ့စဉ်ညှိနှိုင်းအစည်းအဝေး (၂၄/၂၀၂၀) ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

Coronavirus Disease 2019 (COVID-19) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် နေ့စဉ်ညှိနှိုင်းအစည်းအဝေး (၂၄/၂၀၂၀) ကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ကျင်းပသည်။



### မျိုးရိုးဗီဇပြောင်းလဲခြင်းမရှိသေး

အစည်းအဝေးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယနေ့ခေတ်ကာလသည့် လေကြောင်းခရီးသွားလာမှုများ တိုးတက်များပြားသည့်အတွက် အိမ်နီးချင်းနိုင်ငံများသာမက အလှမ်းဝေးကွာသည့် နိုင်ငံများသို့ပင် နေ့ချင်းခရီးရောက်ရှိနိုင်သည့်အတွက် အလှမ်းဝေးနိုင်ငံများ၌ ရောဂါဖြစ်ပွားမှုပုံသဏ္ဌာန်သည် မိမိတို့မြန်မာနိုင်ငံသို့ ထင်ဟပ်လာနိုင်သည့်အတွက် ၎င်းနိုင်ငံများ၌ ဖြစ်ပွားသည့် ရောဂါဖြစ်ပွားမှုအခြေအနေများအား အချိန်နှင့်တစ်ပြေးညီ သုံးသပ်ရမည်ဖြစ်ပါကြောင်း၊ ရောဂါစတင်ဖြစ်ပွားရာ ပင်ရင်းဗဟိုနေရာ ဝူဟန်မြို့အပြင် အခြားရောဂါကူးစက်ပြန့်ပွားမှုဆင့်ပွားဖြစ်ပွားမှု နေရာငယ်များ အချိန်မရွေးဖြစ်ပွားလာနိုင်သည့် အခြေအနေများကိုလည်း သုံးသပ်ပြီး မိမိတို့နိုင်ငံ၌ ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်ရမည်ဖြစ်ပါကြောင်း၊ COVID-19 ရောဂါပိုးသည် ယခုအချိန်အထိ မျိုးရိုးဗီဇပြောင်းလဲခြင်းမရှိသေးသည်ကို တွေ့ရှိရသည်မှာ ကောင်းမွန်သောလက္ခဏာတစ်ရပ်ဖြစ်ပါကြောင်း၊ ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲအနေဖြင့် COVID- 19 ရောဂါနှင့်ပတ်သက်၍ ကမ္ဘာ့နိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများအပါအဝင် ရောဂါဖြစ်ပွားမှုများသော နိုင်ငံများ၏ သတင်းထုတ်ပြန်ချက်နှင့် ပြောကြားချက်များအား နေ့စဉ်နားထောင်ခြင်း၊ သုံးသပ်ခြင်း၊ ဆန်းစစ်ခြင်းတို့ကိုပြုလုပ်ခြင်း၊ အပတ်စဉ်ကပ်ရောဂါဗေဒရှုထောင့်မှ အခြေအနေများအား တင်ပြအစီရင်ခံသွားရမည်ဖြစ်ကြောင်း။

ဒေသတွင်းနိုင်ငံများတွင် COVID-19 ရောဂါရှိသူများအား အောင်မြင်စွာ ကုသခဲ့မှုကုထုံးဆိုင်ရာ အတွေ့အကြုံများနှင့် အခက်အခဲ အချက်အလက်များကိုကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ချိတ်ဆက်၍ အမြန်ဆုံး သတင်းရယူသွားရန် အရေးကြီးပါကြောင်း၊ သို့မှသာ မိမိတို့နိုင်ငံတွင်ဓာတ်ခွဲအတည်ပြု COVID-19 ရောဂါလူနာများတွေ့ရှိပါက ၎င်းတို့အား ကုသရာ၌များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းရှိ အဓိကဆေးရုံများနှင့် နယ်စပ်ဒေသတွင်ရှိသော မြို့နယ်ဆေးရုံများတွင် လက်ရှိအချိန်၌ ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများအား စာရင်းပုံစံဖြင့် ဆန်းစစ်ခြင်းကို ချက်ချင်းဆောင်ရွက်၍ တွေ့ရှိချက်များအား ဝန်ကြီးဌာနသို့ အမြန်ဆုံးသတင်းပို့ရန် လိုအပ်ပြီး လိုအပ်ချက်များကို ချက်ချင်းဖြည့်ဆည်းမည်ဖြစ်ပါကြောင်း။

### ဆန်းစစ်

COVID-19 ရောဂါနှင့်ပတ်သက်၍ ယခုအချိန်အခါ၌ နယ်စပ်မြို့များမှ လူများဝင်၊ ထွက်ရာနေရာများရှိ ဝန်ထမ်းများနှင့် ပြည်သူများ၏ ကျန်းမာရေးအသိပညာမည်မျှရှိနေသည်ကို ဆန်းစစ်ခြင်းဖြင့် မိမိတို့၏ ကျန်းမာရေးအသိပညာပေးနှိုးဆော်မှုလုပ်ငန်းများ ထိရောက်မှုအတိုင်းအတာကို သိရှိနိုင်မည်ဖြစ်ပါကြောင်း၊ တွေ့ရှိချက်ပေါ်မူတည်၍ လိုအပ်လျှင်လိုအပ်သလို မဟာဗျူဟာ၊ နည်းဗျူဟာများကိုပြောင်းလဲ၍ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

### အထူးအရေးကြီး

လတ်တလော ရောဂါဖြစ်ပွားမှုများပြားနေသော ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့်စင်ကာပူနိုင်ငံများမှ ဝင်ရောက်လာသော ခရီးသည်များအား အပြည်ပြည်ဆိုင်ရာ လေဆိပ်များ၌ ယခုထက်ပိုမို၍ ဂရုစိုက်စစ်ဆေးရန်လိုအပ်သည့်အပြင် ၎င်းတို့တည်းခိုမည့် ဟိုတယ်နှင့် တည်းခိုခန်းများသို့ ချက်ချင်းအကြောင်းကြားသည့်ကိစ္စသည် ယခုအချိန်အခါ၌ အထူးအရေးကြီးပါကြောင်း၊ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ လေဆိပ်များ၌ တာဝန်ထမ်းဆောင်လျက်ရှိသော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနနှင့် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနများနှင့် မိမိတို့လေဆိပ်ကျန်းမာရေးဌာနများသည် အနည်းဆုံးတစ်ပတ်လျှင် တစ်ကြိမ် အပတ်စဉ်ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ပြီး လိုအပ်လျှင်လိုအပ်သလို ပိုမိုတိကျစနစ်ကျစွာဖြင့် ချိန်ကိုက်ပူးပေါင်းဆောင်ရွက်ခြင်းကို လုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသားများ လာရောက်နေထိုင်မှုများပြားသည့် ရပ်ကွက်များ၌လည်း ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ယခုထက်ပိုမို၍ စနစ်တကျဆောင်ရွက်စေလိုကြောင်းနှင့် အသိပညာပေးဟောပြောမှုများကို ဆက်လက်ဆောင်ရွက်စေလိုပါကြောင်း၊ COVID-19 ရောဂါနှင့်ပတ်သက်၍ ပြည်သူများအား ကျန်းမာရေးအသိပညာပေး နှိုးဆော်မှုများ ပြုလုပ်ရာတွင် အစိုးရိမ်လွန်ကဲခြင်းနှင့် လုံးဝအလေးဂရုမပြုခြင်းတို့ကြားတွင် မျှတမှုရှိသော ကျန်းမာရေးအသိပေးမှုများကို ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အများပြည်သူများအသုံးပြုသည့် YBS ဘတ်စ်ကားများ၊ အဝေးပြေး express ကားများနှင့် သင်္ဘောများတွင်လက်ဆေးခြင်း၊ ချောင်းဆိုးခြင်းနှင့်ပတ်သက်သည့် နှစ်မိနစ်ခန့်ကြာမည့် ကျန်းမာရေးအသိပေးနှိုးဆော်ချက်များကို ဖြစ်နိုင်ပါက လက်ကိုင်အသံချဲ့စက်ငယ်များအသုံးပြု၍ ဆောင်ရွက်သွားနိုင်ရန် သက်ဆိုင်ရာ အဖွဲ့အစည်း၊ ဌာနများကို အကြောင်းကြားရမည်ဖြစ်ပါကြောင်း။

အပျော်စီးသင်္ဘောများ ပြည်တွင်းသို့ဝင်ရောက်မှုအားတတ်နိုင်သမျှ မလာစေချင်ပါကြောင်းနှင့် မတ် ၄ ရက်တွင် ဝင်ရောက်မည့် သင်္ဘောပါခရီးသည်များ၏ လွန်ခဲ့သော ၁၄ ရက်အတွင်း ခရီးသွားလာမှုရာဇဝင်နှင့် မြန်မာနိုင်ငံအတွင်း သွားရောက်မည့် ခရီးစဉ်၊ အသုံးပြုမည့်ယာဉ်၊ တည်းခိုမည့် ဟိုတယ်များအပါအဝင် အသေးစိတ်အချက်အလက်များ အတိအကျတောင်းခံ၍ ရောဂါစောင့်ကြပ်ကြည့်ရှုသွားရန် လိုအပ်ကြောင်း၊ ဤကိစ္စရပ်ကို အထူးတင်းကျပ်စွာကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ Free visa ပေးထားသည့်နိုင်ငံများနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ပြီး သက်ဆိုင်ရာဌာနများနှင့် ဆွေးနွေးရန် လိုအပ်ပါကြောင်း၊ နိုင်ငံခြားခရီးသည်များ တည်းခိုနေထိုင်မည့်ဟိုတယ်များတွင် COVID-19 ရောဂါနှင့်ပတ်သက်၍ လုပ်ဆောင်ရမည့် ညွှန်ကြားစာများရရှိခြင်း ရှိ၊ မရှိကို အမြန်ဆုံးဆန်းစစ်၍ လိုအပ်သလို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ဤရောဂါနှင့်ပတ်သက်သည့် လှူဒါန်းရရှိထားသည့် ဆေးနှင့်ဆေးပစ္စည်းများကို လိုအပ်သောဆေးရုံများ၏ လက်ကျန်စာရင်းအားစိစစ်၍ အမြန်ဆုံးဖြန့်ဝေပို့ဆောင်ရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထပ်မံရရှိမည့် တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးဝတ်စုံများသည် မိမိတို့ဝန်ထမ်းများ၊ သံသယလူနာများထံမှ ဓာတ်ခွဲနမူနာများရယူခြင်းနှင့် ကုသမှုပေးခြင်းများ၌ အသုံးပြုရန်လိုအပ်သဖြင့် လုံးဝပြတ်လပ်မှုမရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

### မဖြစ်မနေ သတင်းပေးပို့

ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုထိရောက်စေရန်အတွက် COVID-19 ရောဂါအား ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းများတွင် လာရောက်ပြသပါက မဖြစ်မနေ သတင်းပေးပို့တိုင်ကြားရမည့်ရောဂါအဖြစ် သတ်မှတ်၍ အမိန့်စာ ထုတ်ပြန်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထူးသဖြင့် နယ်စပ် ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင် ပါဝင်ကူညီဆောင်ရွက်ပါက ပိုမိုထိရောက်နိုင်မည်ဖြစ်ပါကြောင်း၊ လိုအပ်ပါက COVID-19 ရောဂါသံသယနှင့်စောင့်ကြည့်လူနာ အဓိပ္ပာယ်သတ်မှတ်ချက်တွင် ဖြစ်ပွားပျံ့နှံ့မှုများလျက်ရှိသည့် နိုင်ငံများ၌ အသုံးပြုသည့်ပုံစံကို သုံးသပ်ပြီး သင့်လျော်ပါက မိမိတို့နိုင်ငံ၌လည်း ပြင်ဆင်သတ်မှတ်သွားရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးကြော်ငြာချက်ကတ်တွင် ရောဂါဖြစ်ပွားသည့်နိုင်ငံများအား ထပ်တိုးထည့်သွင်းသတ်မှတ်သွားခြင်းနှင့် လေယာဉ်မထွက်ခွာမီ ကျန်းမာရေးအသိပေးနှိုးဆော်ချက်ကို ပိုမိုရိုးရှင်းစေရန်အတွက် ပြန်လည်မွမ်းမံထားသည်ကိုတွေ့ရှိရသည်မှာ ကောင်းမွန်ပါကြောင်း၊ ဝန်ကြီးဌာနနှင့် နီးနွယ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအားလုံးအနေဖြင့် မိမိတို့တွင်ရှိသော လူ့စွမ်းအားအရင်းအမြစ်၊ ဘဏ္ဍာငွေ၊ စက်ပစ္စည်းကိရိယာများဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှုများကို လုံးဝအရှိန်မလျှော့ဘဲ ဆက်လက်ဆောင်ရွက်ကြစေလိုပါကြောင်း မှာကြားသည်။

### ဆွေးနွေးတင်ပြ

အစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ပြည်နယ်အလိုက်ရောဂါဖြစ်ပွားမှုနှင့် အခြေအနေများ၊ ရောဂါဖြစ်ပွားမှုမြင့်တက်လာသည့် နိုင်ငံများ၊ လေကြောင်းဆက်သွယ်မှု အခြေအနေများ၊ တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ ဆေးရုံ/ ဆေးခန်းများမှ ထူးခြားဖြစ်စဉ်များ၏ အခြေအနေများ၊တိုင်းဒေသကြီး/ ပြည်နယ်များအတွင်းတွင် COVID-19 ရောဂါနှင့်ပတ်သက်သည့် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည့်အခြေအနေများနှင့် လက်ရှိနေ့စဉ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ထပ်မံလိုအပ်နိုင်သည့် ဆေးနှင့် ဆေးပစ္စည်း အလျင်အမြန်ဖြည့်တင်းပေးနိုင်ရေးအတွက် ပြင်ဆင်ထားရှိသည့် အခြေအနေများ၊ ဖေဖော်ဝါရီ ၂၅ ရက်တွင် ပဉ္စမအကြိမ်မြောက် ဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းဆက်သွယ်ရေး ကော်မတီအစည်းအဝေး ကျင်းပခဲ့မှု အခြေအနေများ၊ Cabin announcement တွင် မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် အချိန်တိုအတွင်း ပြောကြားနိုင်စေရန် မွမ်းမံပြင်ဆင်ဆောင်ရွက်လျက်ရှိမှု၊ ရောဂါဖြစ်ပွားမှုမြင့်မားသည့် နိုင်ငံများမှပြန်လာသော ကျောင်းသားများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လာရန် တောင်းဆိုထားသော မြန်မာနိုင်ငံသားများအတွက် လိုအပ်သည့် ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့် စစ်ဆေးမှုများဆောင်ရွက်နိုင်ရန် ပြင်ဆင်ထားရှိရေး တင်ပြခြင်း၊ အပြည်ပြည်ဆိုင်ရာ သင်္ဘောကုမ္ပဏီများ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းလမ်းစဉ်များနှင့် အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်များဖြစ်သော လေဆိပ်နှင့် ဆိပ်ကမ်းများတွင် Pneumonia Surveillance ဆောင်ရွက်မှုဆိုင်ရာ စံလုပ်ထုံးလုပ်နည်း၊ ဝန်ကြီးဌာနမှ ထုတ်ပြန်သော သတင်းများအား မီဒီယာများမှ အလေးထားရယူ၍ သတင်းများထုတ်ပြန်ရန် ညှိနှိုင်းခြင်းအတွက် Media Advocacy ဆောင်ရွက်ရန်ကိစ္စ၊ လူအများအား အသိပညာပေးရာတွင် ထိရောက်စေရန်အတွက် လက်ကိုင်အသံချဲ့စက်များဖြင့် အသုံးပြုနိုင်မည့်စက္ကန့် ၈၀ ခန့်ကြာမြင့်သည့် အသံဖိုင်အား ပြုလုပ်ထားရှိမှု စသည်တို့ကို ဆွေးနွေးတင်ပြခဲ့ကြသည်။

### တက်ရောက်

အဆိုပါ အစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုဝန်ကြီးရုံး)၊ ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန)၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဝယ်/ဖြန့်)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ ဘဏ္ဍာ)၊ဒုတိယ ညွှန်ကြားရေးမှူးချုပ် (ဓာတ်ခွဲ)၊ နေပြည်တော်ခုတင် (၁၀၀၀) ဆံ့ ပြည်သူ့ဆေးရုံအုပ်ကြီး၊ ညွှန်ကြားရေးမှူး (ဗဟိုကူးစက်)၊ ညွှန်ကြားရေးမှူး (ကုသရေး) နှင့်ပြည်သူ့ကျန်းမာရေး၊ ကုသရေး၊ ဓာတ်ခွဲ၊ ehealth စသည့် ကဏ္ဍအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်၍ ဆန်းစစ်သုံးသပ်ခြင်း၊ ဆွေးနွေးအကြံပြုခြင်းများ ဆောင်ရွက်ခဲ့သည်။

**သတင်းစဉ်**

---

❖ စာမျက်နှာ ၆ မှ

၁၀ နှစ်ထပ်စီးချင်ရင်တော့ ဒေါ်လာငါးသောင်း လောက်ထပ်ဆောင်ရပါတယ်။ ကားအကောင်းစားကြီးတွေက လွဲရင် ထပ်တိုးဖို့မတန်ပါဘူး။

ကျွန်တော်ကားကို ၁၀ နှစ်ပြည့်လို့ လာအပ်ခိုင်းတဲ့အခါ အတွေးထဲမှာ ဒီကောင်တွေ ငါ့ကားကိုတစ်စစီဖြုတ်ရောင်းမလား။ ဆင်းရဲတဲ့နိုင်ငံတွေဆီ ပြန်ရောင်းမလားနဲ့ ဒွိဟသံသယဖြစ်မိသေးသဗျ။ စင်ကာပူမှာ ဆလွန်းကားကိုတစ်လက်ကိုင်မောင်းတာ။ ရပ်တော့ အရိပ်အောက်၊ မောင်းတော့ နိုင်လွန်လမ်း၊ သုံးတဲ့ဆီက အကောင်းစားဆိုတော့ ကားကအသစ်အတိုင်း။

ကျွန်တော်လည်း ကားလာအပ်ကြောင်းပေးတဲ့ပုံစံမှာ ဖြည့်ပြီးရော ကားလေးရဲ့ လေကာမှန်ပေါ်မှာ မတ်ကာပင်နဲ့ သူတို့ရေးခြစ်လိုက်တာနဲ့တစ်ပြိုင်နက် ဖော့ကလစ်ကားတစ်စီးက သူ့လက်တံနှစ်ချောင်းနဲ့ လေကာမှန်ကို ဒိုင်းခနဲထိုးဖောက်ပြီး ကားလေးကို မယူသွားပါတော့တယ်။ တစ်ခါတည်းအင်အားကြီးမားလှတဲ့စက်တွေနဲ့ ဖိချလိုက်တော့တာပါပဲ။ ကျွန်တော်မှာသာ ၁၀ နှစ်တာ အတူရှိခဲ့တဲ့ ရင်သွေးငယ်ကိုဆုံးရှုံးလိုက်ရသလို ရင်ကွဲပက်လက်ဖြစ်ပြီး ရင်နာနာနဲ့ပြန်လာခဲ့ရတယ်။

စင်ကာပူမှာ ကားအစိတ်အပိုင်းတစ်ခုပျက်ရင် မပြင်ပါဘူး။ တစ်ပိုင်းလုံးဖြုတ်လဲလိုက်ပါတယ်။ ဆေးရောင်စုံရနိုင်တဲ့အတွက် ပွန်းပဲ့ထိခိုက်ဒဏ်ရာကိုလည်း အဆင်ပြေပြေပြန်ဖာလို့ရတယ်။ စင်ကာပူမှာ ဒါကြောင့် ကားပစ္စည်းအဟောင်းတန်းမရှိ။ ကားကုမ္ပဏီရဲ့ ပြုပြင်ဌာနဆီပြန်သွားပြီး လိုတာအသစ်လဲလှယ်လိုက်ရုံပဲ ဖြစ်ပါတယ်။

ဒါကြောင့် ကားသယ်ယူပို့ဆောင်မှု၊ ရောင်းဝယ်ထိန်းချုပ်မှုကောင်းများ အခြေကျနေပြီဖြစ်တဲ့ စင်ကာပူကနည်းလမ်းများကို လေ့လာပြီး သူများနဲ့မတူ တစ်မူကွဲပြားစွာ အကောင်းတကာ့ အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းသင့်ကြပါကြောင်း။ ။

## သံချေးမီးလောင်မှုတွင် မီးငြိမ်းသတ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသော တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပွဲပြုလုပ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ဖေဖော်ဝါရီ ၂၀ ရက်က ဖြစ်ပွားခဲ့သော ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်ရှိ သံချေးမီးလောင်မှု၌ မီးငြိမ်းသတ်ရေးတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့နံနက် ၉ နာရီက မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် သီတာခန်းမ၌ ကျင်းပသည်။

အဆိုပါ ဂုဏ်ပြုပွဲအခမ်းအနားတွင် သံချေးမီးလောင်မှု၌ မီးငြိမ်းသတ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ လုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကူညီဆောင်ရွက်ပေးခဲ့ကြသည့် တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုသောအားဖြင့် မီးလောင်ပြင် ကူညီကယ်ဆယ်ရေးဆောင်ရွက်မှုများအား ၁၀ မိနစ် ဗီဒီယိုမှတ်တမ်းဖြင့် ရှင်းလင်းတင်ပြခြင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က ဂုဏ်ပြုအမှာစကားပြောကြားခြင်းနှင့် တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ အရာရှိကြီးများ၊ အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှ အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များမှ မီးသတ်ဦးစီးမှူးများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့နှင့် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်၏ ရှာဖွေကယ်ဆယ်ရေးအထူးတပ်ဖွဲ့ဝင်များ စုစုပေါင်း ၃၅၀ ခန့် တက်ရောက်ခဲ့ကြကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

**ကြေးမုံ**

## လက်တွေ့လူမှုဘဝနယ်ပယ်အထိပါ အကျိုးပြုနိုင်သည့် သုတေသနလုပ်ငန်း ဖော်ထုတ်ပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တို့မှ ပြည်ပပညာသင်များ၏ သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းတက္ကသိုလ်များ နယ်မြေရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

**စီမံဆောင်ရွက်ပေးလျက်ရှိ**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အဖွင့်အမှာစကား ပြောကြားရာတွင် သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိရစ္ဆာန်ရောဂါစစ်ဆေးရေး ဓာတ်ခွဲခန်းများ၊ ဆေးဝါးနှင့် တိရစ္ဆာန်အာဟာရစစ်ဆေးရေး ဓာတ်ခွဲခန်းများ၊ ငါးလုပ်ငန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေး ဓာတ်ခွဲခန်းများကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ ပြည်တွင်းဘွဲ့လွန်သင်တန်းများအပြင် ခေတ်နှင့်အညီ တိုးတက်လာသည့် နည်းပညာများ လေ့လာနိုင်စေရေးအတွက် ပြည်ပသင်တန်းများ စေလွှတ်၍ နည်းပညာအသစ်များ လေ့လာသင်ယူနိုင်ရန် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာသင်များအနေဖြင့် ပြည်ပအတွေ့အကြုံကောင်းများအား မိမိတို့၏ လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေမှုရှိစွာ ဆန်းသစ်တီထွင်ပြီး လက်တွေ့အသုံးချပညာရပ်များအဖြစ် ပြောင်းလဲပေးနိုင်ရေး ကြိုးပမ်းကြစေလိုကြောင်း။

**ပေးစွမ်းနိုင်**

သုတေသန လုပ်ငန်းစဉ်သည် တက္ကသိုလ်၏ အသက်သွေးကြောဖြစ်သကဲ့သို့ ဘက်စုံဖွံ့ဖြိုးရေးအတွက် သုတေသနလုပ်ငန်းသည် အရေးပါသောကဏ္ဍတွင် ပါဝင်နေသည်ကို သတိပြုကြရမည်ဖြစ်ကြောင်း၊ သုတေသနလုပ်ငန်းတိုင်းသည် ရလဒ်ကောင်း မဖော်ထုတ်နိုင်သော်လည်း သုတေသန ရလဒ်ကောင်းတစ်ခုသည် အကျိုးကျေးဇူးများစွာကို ပေးစွမ်းနိုင်ကြောင်း၊ သို့ဖြစ်၍ အောင်မြင်မှုပန်းတိုင်၏ သွားရာလမ်းကြောင်းတွင် အရင်းအနှီးနှင့် ပေးဆပ်ရမှုများရှိနိုင်သဖြင့် သုတေသန ပညာရှင်များအနေဖြင့် မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယထား ကြိုးပမ်းသွားကြရန် တိုက်တွန်းအားပေးလိုပါကြောင်း၊ အတွေးအခေါ်သစ်များကို ပြောင်းလဲလက်ခံနိုင်သည့် စိတ်ဆန္ဒကောင်းများကို အခြေခံ၍ မိမိတို့ကျွမ်းကျင်ရာ ဘာသာရပ်အလိုက် သုတေသနပြုခြင်းများအပြင် ဆက်နွှယ်ရာ ဘာသာရပ်များ စုပေါင်းဆောင်ရွက်သည့် သုတေသနလုပ်ငန်းများကိုလည်း ကြိုးစားဆောင်ရွက်ကြရန်၊ ပညာရပ်ပိုင်းသာမက လက်တွေ့လူမှုဘဝနယ်ပယ်အထိပါ အကျိုးပြုနိုင်သည့် သုတေသနလုပ်ငန်း ဖော်ထုတ်ပေးနိုင်ကြပါစေရန် ဆန္ဒပြုပါကြောင်း ပြောကြားသည်။



ထို့နောက် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမာမာဝင်းက စာတမ်းဖတ်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**မွေးထုတ်ပေး**

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်အနေဖြင့် ယနေ့အထိ တိရစ္ဆာန်ဆေးသိပ္ပံဘွဲ့ ၅၆၇၂ ဦး၊ တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့(M.V.Sc) ၂၉၆ ဦး၊ တိရစ္ဆာန်ဆေးပညာ မဟာဘွဲ့(M.V.M) ၉ ဦး၊ ပါရဂူဘွဲ့(Ph.D) ၂၀ တို့ကို မွေးထုတ်ပေးပြီးဖြစ်ကာ ဝန်ကြီးဌာန၏ လုပ်ငန်းလိုအပ်ချက်အရ စိတ်ပါဝင်စားသည့် ဘွဲ့ရဝန်ထမ်းများကို မွေးမြူထုတ်လုပ်ရေးလုပ်ငန်း ဒီပလိုမာ (Dip.L.I.S) သင်တန်းနှင့် မွေးမြူထုတ်လုပ်ရေး ဒီပလိုမာ (Dip.L.P.A) သင်တန်းများ ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့သည်။

ယနေ့ကျင်းပသည့် ပြည်ပပညာသင်များ၏ သုတေသနစာတမ်းဖတ်ပွဲ၌ မြန်မာနိုင်ငံပျားသုတေသန ဆောင်ရွက်မှုများတွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်က ပါဝင်ဆောင်ရွက်မှု အခြေအနေများစာတမ်း၊ မြန်မာ့နွားမျိုးများ၏ မျိုးရိုးဗီဇခွဲ ကွဲပြားခြားနားမှုကိုလေ့လာခြင်း စာတမ်း၊ နို့စားနွားမများအတွက် လွှတ်ကျောင်းသည့် စားကျက်မြက်တွင် ပါဝင်သည့် Crude Protein အား အပြည့်အဝ အသုံးချနိုင်ရေး ကြိုတင်တွက်ချက်ထားရှိသည့် အစာစီမံချက်ဆိုင်ရာ သုတေသနစာတမ်း၊ နယူးဇီလန်နိုင်ငံ မာနာဝါတူပြည်နယ်အတွင်းမှ ESBL နှင့် AmpC-Blatamase အင်ဇိုင်းများ ထုတ်လုပ်ခြင်းဖြင့် ဆေးယဉ်ပါးနေသော E-coli ပိုးများအား ရှာဖွေခြင်း သုတေသနစာတမ်း၊ ဂျပန်နိုင်ငံ ဖူကူအိုကာမြို့ရှိ လူသားအရင်းအမြစ်နှင့် အစားအစာအရင်းအမြစ်များမှ E-coli ဘက်တီးရီးယားပိုးများ၏ ပဋိဇီဝဆေးယဉ်ပါးမှုကို ရှာဖွေခြင်း သုတေသနစာတမ်း၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့၏ နယ်စပ်များမှ ဝက်နှင့် ဝက်ထွက်နမူနာပစ္စည်းများမှ ရရှိလာသော Salmonella နှင့် E-coli ဘက်တီးရီးယားများအား ESBL နှင့် colistin ဆေးယဉ်ပါးမှုကို လေ့လာခြင်းစာတမ်း။

**တင်သွင်းဖတ်ကြား**

ကမာကောင်(Oyster)နှင့် ပင်လယ်ရေမှ ကောက်ယူရရှိသော Vibrio parahaemolyticus ဘက်တီးရီးယားမျိုးစိတ်မှ ပဋိဇီဝဆေးယဉ်ပါးမှုဆိုင်ရာ မျိုးဗီဇများနှင့် ဝမ်းလျှောရောဂါကိုဖြစ်ပွားစေသည့် မျိုးဗီဇများ ရှာဖွေဖော်ထုတ်ခြင်းစာတမ်း၊ တောင်ကိုရီးယား၏ ပညာတော်သင်အတွေ့အကြုံများနှင့် Program အား Overview ရှင်းလင်းတင်ပြခြင်းစာတမ်း၊ ငါးလုပ်ငန်းသိပ္ပံဆိုင်ရာ စီးပွားရေးနှင့် စီမံကိန်းစီမံခန့်ခွဲမှု ဘာသာရပ်နှင့် အတွေ့အကြုံများအား ရှင်းလင်းတင်ပြခြင်းစာတမ်း၊ ငါးလုပ်ငန်းစီမံခန့်ခွဲမှု ဘာသာရပ်နှင့် ပတ်သက်သည့် အတွေ့အကြုံများအား မျှဝေခြင်းစာတမ်း၊ ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ်အတွင်းရှိ ကျေးလက်ဒေသတွင်နေထိုင်သည့် အမျိုးသမီးများမှ ကျေးရွာဖွံ့ဖြိုးရေးအသင်း အဖွဲ့အစည်းများ၌ ပူးပေါင်းပါဝင်မှုများကို လေ့လာခြင်းစာတမ်း၊ ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် လူထုဗဟိုပြုစီမံကိန်း၏ အကျိုးသက်ရောက်မှုစာတမ်းစသည့် စာတမ်းများအား ဆွေးနွေးခန်းမဆောင် နှစ်ခုတို့တွင် တင်သွင်းဖတ်ကြားကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မသန်စွမ်းသူများအတွက် နေပြည်တော်၌ အတားအဆီးကင်းမဲ့သော ပတ်ဝန်းကျင်စံနမူနာပြတည်ဆောက်ထားမှုများကို ကြည့်ရှု

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ရေပန်းဥယျာဉ်နှင့် မြို့မဈေးတို့၌ မသန်စွမ်းသူများအတွက် အတားအဆီးကင်းမဲ့သော ပတ်ဝန်းကျင်စံနမူနာပြ တည်ဆောက်ထားသည့်အခြေအနေများကို ယနေ့နံနက်ပိုင်းက မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ (၁)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ ဒုတိယဝန်ကြီးဦးစိုးအောင်၊ နေပြည်တော် ကောင်စီ ဒုတိယမြို့တော်ဝန် ဦးရဲမင်းဦးနှင့် တာဝန်ရှိသူ များ သွားရောက်ကြည့်ရှုသည်။



**လှည့်လည်ကြည့်ရှု**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် ရေပန်းဥယျာဉ်သို့ရောက်ရှိကြပြီး မသန်စွမ်းသူများ အဆင်ပြေစွာ သွားလာအပန်းဖြေနိုင်ရန်အတွက် ဘီးတပ်ကုလားထိုင် သွားလာနိုင်သည့်လမ်းများ၊ အမြင်အာရုံချို့ယွင်းသူများအသုံးပြုနိုင်ရန် အမှတ်အသားပါ လျှောက်လမ်းများ၊ စတီးလက်ရန်းများတည်ဆောက်ပြီးစီးမှုများကို လှည့်လည်ကြည့်ရှုကြပြီး မသန်စွမ်းသူများ ပိုမိုအဆင်ပြေလွယ်ကူစွာသွားလာနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် မြို့မဈေးသို့သွားရောက်ကြပြီး ဈေးတန်းအပြင်လျှောက်လမ်းနှင့် အတွင်းလျှောက်လမ်းများတွင် မသန်စွမ်းသူများ အဆင်ပြေစွာသွားလာအသုံးပြုနိုင်ရေးအတွက် ဘီးတပ်ကုလားထိုင်သွားလာနိုင်သည့် လမ်းများ၊ သန့်စင်ခန်းများ၊ အမြင်အာရုံချို့ယွင်းသူများအသုံးပြုနိုင်ရန် အမှတ်အသားပါ လျှောက်လမ်းများ၊ စတီးလက်ရန်းများ တည်ဆောက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများကို လှည့်လည်ကြည့်ရှုကြပြီး ဈေးသူ ဈေးသားများနှင့်တွေ့ဆုံ၍ လုပ်ငန်းများဆောင်ရွက်ရသည့် ရည်ရွယ်ချက်ကိုရှင်းလင်းကာ ပူးပေါင်းပါဝင်ပေးနိုင်ရေးအတွက် ညှိနှိုင်းပြောကြားသည်။

**ပူးပေါင်းတည်ဆောက်ခြင်းဖြစ်**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ရေပန်းဥယျာဉ်နှင့် မြို့မဈေးတို့၌ မသန်စွမ်းသူများအတွက် အတားအဆီးကင်းမဲ့သော ပတ်ဝန်းကျင်စံနမူနာပြတည်ဆောက်ခြင်းကို မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူ၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့က ပူးပေါင်းတည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဆင်းကတ်များ စနစ်တကျပြန်လည်မှတ်ပုံတင်နိုင်ရေးစကားဝိုင်း ကျင်းပ

စုစည်းတင်ပြသူ
မင်းသစ်(MNA)
ဓာတ်ပုံ
ဇော်မင်းလတ်(ဒလ)

တယ်လီဖုန်းဆင်းကတ်သုံးစွဲသူများအနေဖြင့် မိမိတို့နာမည်အမှန်ဖြင့် တရားဝင် မှန်မှန်ကန်ကန် မှတ်ပုံတင်သုံးစွဲနိုင်ရေးနှင့် မှန်မှန်ကန်ကန် မှတ်ပုံမတင်သည့် ဆင်းကတ်များကို ၂၀၂၀ ပြည့်နှစ် ဧပြီလကုန်နောက်ပိုင်းမှစတင်ကာ အထွက်ဖုန်းခေါ်ဆိုမှုကို ပိတ်သွားမည်ဖြစ်ကြောင်း သိရသည်။ တယ်လီဖုန်းသုံးစွဲသူများက ဆင်းကတ်များကို စနစ်တကျ ပြန်လည်မှတ်ပုံတင်နိုင်ရန်အတွက် "ဆင်းကတ်များ စနစ်တကျပြန်လည်မှတ်ပုံတင်နိုင်ရေးစကားဝိုင်း"ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ရိုက်ကူးထုတ်လွှင့်ခဲ့သည်။

အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒေါ်မေစန္ဒီမောင်က အစီအစဉ်မှူးအဖြစ်ဆောင်ရွက်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်း၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးဆွေ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးမျိုးသန့်၊ တယ်လီနောမြန်မာမှ Head of customer care ဒေါ်ထက်ထက်ထွန်း၊ အူရီဒူးမြန်မာစားသုံးသူဝန်ဆောင်မှုဌာန အမှုဆောင်အရာရှိချုပ် ဦးစောဆဲသပ်ကလဲနှင့် မိုင်တဲလ်မှ ပြင်ပဆက်ဆံရေးအရာရှိချုပ် ဦးဇော်မင်းဦးတို့ ပါဝင်ဆွေးနွေးခဲ့သည်။

**အစီအစဉ်မှူး။** ။ တယ်လီဖုန်းဆင်းကတ်သုံးစွဲသူတွေအနေနဲ့ ဆင်းကတ်တွေကို မှန်မှန်ကန်ကန် မှတ်ပုံတင်ရမယ်လို့ သိရပါတယ်။ တကယ်လို့များ မှန်မှန်ကန်ကန် မှတ်ပုံမတင်တဲ့သူတွေရဲ့တယ်လီဖုန်းဆင်းကတ်တွေကို ပိတ်သိမ်းသွားမယ်လို့ သိရပါတယ်။ ဘာကြောင့်ဒီလိုဆောင်ရွက်ရသလဲဆိုတာ သိပါရစေ။

**ဦးစိုးသိန်း။** ။ မိုဘိုင်းတယ်လီဖုန်းသုံးစွဲမှုကိုကမ္ဘာပေါ်မှာ လူဦးရေသန်း ငါးထောင်ကျော်လောက် မိုဘိုင်းဖုန်းသုံးစွဲနေတယ်လို့ သိရပါတယ်။ ကမ္ဘာ့လူဦးရေအားလုံးရဲ့ ၇၀ ရာခိုင်နှုန်းလောက်က သုံးစွဲနေတဲ့သဘောပေ့ါ။ ကမ္ဘာ့နိုင်ငံအသီးသီးမှာ နိုင်ငံပေါင်း ၄၀ ကျော်လောက်က ဆင်းကတ်တွေကို မှတ်ပုံမတင်ဘဲနဲ့ သုံးစွဲလို့ရတာရှိသလို နိုင်ငံအများစုဖြစ်တဲ့ နိုင်ငံပေါင်း ၁၅၀ ကျော်မှာတော့ ဆင်းကတ်တွေကိုမှတ်ပုံတင်ပြီးတော့ စနစ်တကျသုံးစွဲနေတာကို တွေ့ရပါတယ်။ ဒီလိုမှတ်ပုံတင်သုံးစွဲတဲ့နေရာမှာလည်း သက်သေခံကတ်ပြား တစ်ခုခုကိုအသုံးပြုပြီး မှတ်ပုံတင်တာ၊ မျက်ကြည်လွှာတို့၊ လက်ဗွေရာတို့အစရှိတဲ့ (Bio Matric Information) အသုံးပြုပြီး မှတ်ပုံတင်တာ စတဲ့စနစ်အမျိုးမျိုး သုံးတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံအနေနဲ့ကတော့ လောလောဆယ်မှာတော့ သက်သေခံကတ်ပြားတစ်ခုခုကို အသုံးပြုပြီးတော့ မှတ်ပုံတင်သုံးစွဲဖို့ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီလိုမှတ်ပုံတင်သုံးစွဲမှုကိုလည်း ၂၀၁၄ ခုနှစ်လောက်ကတည်းက အော်ပရေတာတွေကို ညွှန်ကြားတယ်။ အများပြည်သူကိုလည်း အသိပေးကြေညာချက်တွေထုတ်ပြီးတော့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

သို့သော်လည်း အဲဒီအချိန်ခါတုန်းက ကျွန်တော်တို့က အသုံးပြုတဲ့ မှတ်ပုံတင်ကတ်ပြားကို သုံးစွဲသူအဆင်ပြေအောင်ဆိုပြီးတော့ မည်သည့်သက်သေခံကတ်ပြားမဆို ကျောင်းသားကတ်၊ ဝန်ထမ်းကတ်၊ ထောက်ခံချက်တွေ ဒါတွေနဲ့ခွင့်ပြုခဲ့တာရှိခဲ့တော့ ပြန်လည်စိစစ်တဲ့အခါမှာ အခက်အခဲတွေရှိတယ်။ အော်ပရေတာတွေ၊ အရောင်းဆိုင်တွေ ကိုယ်တိုင်ကလည်း သက်ဆိုင်ရာဌာနတွေက ထုတ်ပြန်ထားတဲ့ညွှန်ကြားချက်တွေကို တိတိကျကျ လိုက်နာဆောင်ရွက်မှု အားနည်းတယ်။

ဒီလိုအချက်တွေကြောင့် ဒီနေ့ဈေးကွက်ထဲမှာ စနစ်တကျ မှန်မှန်ကန်ကန် မှတ်ပုံမတင်ထားတဲ့ ဆင်းကတ်တွေအများအပြားရှိနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ် ဧပြီလနောက်ပိုင်းမှာလည်း နှစ်ကတ်ထက်ပိုပြီး ရောင်းချခြင်း မပြုရဘူးဆိုပြီး ညွှန်ကြားချက်တွေ ထုတ်ပြန်ထားတာရှိပါတယ်။ သို့သော်လည်း လက်ရှိအချက်အလက်တွေအရ စနစ်တကျမှတ်ပုံတင်မထားတဲ့ ဆင်းကတ်တွေ ၂၈ သန်းကျော်ဖြစ်နေပြီဆိုတာကိုလည်း သိရတာဖြစ်ပါတယ်။ ဒီလိုဆင်းကတ်တွေ မှတ်ပုံတင်တဲ့အခါမှာ စနစ်တကျမတင်ထားတဲ့အတွက် ကျွန်တော်တို့ရဲ့လက်တွေ့ဘဝမှာ အခက်အခဲတွေလည်း အများအပြားကြုံတွေ့နေရမှာဖြစ်ပါတယ်။

အခုဆိုရင် Mobile Money တို့၊ Mobile Payment တို့ စတဲ့ ငွေရေးကြေးရေး ဝန်ဆောင်မှုတွေအပါအဝင် ကျွန်တော်တို့ရဲ့နေ့စဉ်ဘဝတော်တော်များများမှာ မိုဘိုင်းဖုန်းကိုသုံးပြီးတော့ ဆောင်ရွက်တာတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ မှန်မှန်ကန်ကန် မှတ်ပုံတင်ထားတဲ့ မိုဘိုင်းဖုန်းတွေကို မှန်မှန်ကန်ကန်သုံးခြင်းအားဖြင့် ဒီလိုဝန်ဆောင်မှုလုပ်ငန်းတွေကို လုံခြုံစိတ်ချစွာနဲ့အသုံးပြုနိုင်မှာကို တွေ့ရမှာဖြစ်ပါတယ်။ နောက်တစ်ချက်အနေနဲ့ အွန်လိုင်းပေါ်မှာ မကြာမကြာတွေ့နေရတဲ့ မမှန်မကန်သတင်းအချက်တွေ ဖြန့်ဝေနေတာတွေ၊ အမုန်းစကားတွေ ပြောနေတာတွေ၊ လိမ်လည်မှုတွေ၊ ဆိုက်ဘာပြစ်မှုတွေကျူးလွန်နေတာတွေ တွေ့ရမှာဖြစ်ပါတယ်။

နောက်တစ်ချက် ဆင်းကတ်တွေကို မှန်မှန်ကန်ကန်အသုံးမပြုနေတဲ့ အနေအထားကိုမူတည်ပြီးတော့ ငွေကြေးခဝါချတဲ့ကိစ္စတွေ လုံခြုံရေးကိုထိပါးစေမယ့် အဖျက်အမှောင့်လုပ်ငန်းတွေအထိ ဆောင်ရွက်လာနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် ဆင်းကတ်တွေကို မှန်မှန်ကန်ကန် စနစ်တကျ မှတ်ပုံတင်အသုံးပြုခြင်းက လူတစ်ဦးချင်းရဲ့လုံခြုံရေးကို အကာအကွယ်ပေးနိုင်မှာ ဖြစ်သလို ဒီထက်ပိုပြီးစဉ်းစားမယ်ဆိုရင်လည်း နိုင်ငံတော်ရဲ့လုံခြုံရေးအထိ အကျိုးရှိမှာ ဖြစ်တဲ့အတွက်ကြောင့် ဆင်းကတ်တွေကို မှန်မှန်ကန်ကန်နဲ့ မှတ်ပုံတင်အသုံးပြုဖို့ ကျွန်တော်တို့ တိုက်တွန်းဆောင်ရွက်တာ ဖြစ်ပါတယ်။

အချက်အလက် မမှန်မကန်နဲ့ မှတ်ပုံတင်ထားတဲ့ ဆင်းကတ်တွေကို အသုံးပြုခြင်းအားဖြင့် အချက်အလက်မှန်မှန်ကန်ကန်နဲ့ ရိုးရိုးသားသားမှတ်ပုံတင်ပြီး အသုံးပြုနေတဲ့ ပြည်သူတွေကိုလည်း အကာအကွယ်ပေးရာရောက်မှာ ဖြစ်တဲ့အတွက် ဆင်းကတ်တွေကို မှန်မှန်ကန်ကန်မှတ်ပုံတင်သွားရေးကို တိုက်တွန်းပေးပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့လည်း ဖေဖော်ဝါရီ ၂၂ ရက် ရက်စွဲနဲ့ ဆင်းကတ်တွေကို မှန်မှန်ကန်ကန်မှတ်ပုံတင်ပြီး အသုံးပြုကြဖို့ ပြည်သူလူထုကို တိုက်တွန်းနှိုးဆော်ထားတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။

**အစီအစဉ်မှူး။** ။ တယ်လီဖုန်းဆင်းကတ်တွေကို ပြန်လည်မှတ်ပုံတင်တဲ့နေရာမှာ ဘယ်လိုဆောင်ရွက်ထားသလဲဆိုတာ သိပါရစေ။

**ဦးမျိုးဆွေ။** ။ ကျွန်တော်တို့နိုင်ငံရဲ့ ဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲ တိုးတက်ပြီးနောက်ပိုင်း ၂၀၁၄ ခုနှစ်နောက်ပိုင်းမှာ အော်ပရေတာတွေရဲ့ဆင်းကတ်တွေကလည်း ဈေးကွက်ထဲကို အများအပြား ရောက်ရှိလာတာဖြစ်ပါတယ်။ ရောက်ရှိလာတဲ့ ဆင်းကတ်တွေကို စနစ်တကျ မှတ်ပုံတင်နိုင်ရေးအတွက် ကျွန်တော်တို့ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနကနေပြီးတော့ အော်ပရေတာတွေကို ညွှန်ကြားခဲ့တာရှိပါတယ်။ ဒါပေမယ့်လည်း အော်ပရေတာတွေက ဒီညွှန်ကြားချက်အပေါ်မှာ လိုက်နာမှုအားနည်းတာရယ်၊ တချို့အရောင်းဆိုင်တွေကလည်း ဆင်းကတ်တွေ မှတ်ပုံတင်ရောင်းချတဲ့အခါမှာ သက်သေခံအားနည်းချက်တွေရှိပြီး ဆင်းကတ်အတွင်းမှာရော မှတ်ပုံတင်


ဦးစိုးသိန်း


ဦးမျိုးဆွေ


ဦးမျိုးသန့်


ဒေါ်ထက်ထက်ထွန်း


ဦးစောဆဲသပ်ကလဲ


ဦးဇော်မင်းဦး

မထားတဲ့ ဆင်းကတ်တွေအများအပြားရှိနေတဲ့အတွက် ၂၀၁၆ ခုနှစ် ဩဂုတ်လကစပြီးတော့ ၂၀၁၇ ခုနှစ် ဇွန်လအထိ ၁၁ လအကြာ ဆင်းကတ်တွေ ပြန်လည်မှတ်ပုံတင်ခိုင်းတဲ့လုပ်ငန်းစဉ်တွေ ဆောင်ရွက်ခဲ့ပါတယ်။

အဲဒီလုပ်ငန်းစဉ်ပြီးတဲ့နောက်ပိုင်းမှာ တချို့ပြန်လည်မှတ်ပုံမတင်တဲ့ ဆင်းကတ် ၆ ဒသမ ၅ သန်းကိုလည်း ပိတ်သိမ်းခဲ့တာရှိပါတယ်။ ဒါပေမယ့် အဲဒီတုန်းက ကျွန်တော်တို့ပြောခဲ့တာက မှတ်ပုံတင်တစ်ခုကို ဆင်းကတ် ဘယ်နှကတ်တင်ရမယ်၊ ဘယ်လောက်ထိတင်လို့ရတယ်ဆိုတဲ့ အရေအတွက်ကကန့်သတ်ထားခြင်းမရှိခဲ့တော့ တချို့တွေက ဆင်းကတ်မှတ်ပုံတင်တစ်ခုတည်းကို ဆင်းကတ်အများအပြားကို မှတ်ပုံတင်တယ်။ ပြန်လည်ရောင်းချတာတွေ ရှိခဲ့ပါတယ်။

ဒါကြောင့် ၂၀၁၉ ခုနှစ် ဧပြီလ ၁ ရက်နေ့ကစပြီးတော့ မှတ်ပုံတင်တစ်ခုကို ဆင်းကတ် နှစ်ခုပဲ မှတ်ပုံတင်ရမယ်ဆိုပြီး ညွှန်ကြားချက်တွေသတ်မှတ်ခဲ့တာ ရှိပါတယ်။ ဒါပေမယ့်လည်း အရင်တင်ထားတဲ့နံပါတ်ထက် မှတ်ပုံတင်တစ်ခုကို နှစ်ကတ်ထက်မက မှတ်ပုံတင်ထားတဲ့ ဆင်းကတ်တွေကိုလည်း အများအပြား ဈေးကွက်ထဲမှာ ရှိနေခဲ့ပါတယ်။ အဲဒီဆင်းကတ်တွေဆိုရင် ဆက်သွယ်ရေးလုပ်ငန်းမှာဆိုရင် နံပါတ်တပ်မှတ်ပုံတင်ထားတာ ၁၃ သန်းလောက်ရှိတယ်။ တယ်လီနောဆိုရင် ခြောက်သန်းကျော်ရှိတယ်။ အော်ရီဒူးဆိုရင် ၄ ဒသမ ၆ သန်းလောက်ရှိတယ်။ မိုင်တဲလ်ဆိုရင်လည်း ၄ ဒသမ ၆ သန်းလောက်ရှိတယ်။ စုစုပေါင်း ၂၈ သန်းကျော်လောက်က ဆင်းကတ်မှတ်ပုံတင်ထားတာ ရှိနေပါတယ်။ မှတ်ပုံတင်ရမှာ ဖြစ်ပါတယ်။

ဒါတွေကို ပြန်လည်မှတ်ပုံတင်တဲ့နေရာမှာ အပိုင်းနှစ်ပိုင်းရှိပါတယ်။ တစ်ခုကတော့ ကိုယ်သုံးနေတဲ့ဆင်းကတ်က ကိုယ့်မှတ်ပုံတင် ဟုတ်၊ မဟုတ် ပြန်လည်စိစစ်ပေးတဲ့အပိုင်းပါ။ ဒုတိယအပိုင်းကတော့ ကိုယ်သုံးနေတဲ့ ဆင်းကတ်က ကိုယ့်မှတ်ပုံတင်နဲ့ မှတ်ပုံတင်ထားခြင်းမဟုတ်ဘူးဆိုရင် ပြန်လည်မှတ်ပုံတင်ရမယ့်အပိုင်းပါ။

ပြန်လည်ပြီးစစ်ဆေးတဲ့အပိုင်းကတော့ သုံးစွဲသူတွေအနေနဲ့စစ်ဆေးပြီးတော့ ကိုယ်ရဲ့မှတ်ပုံတင်အမှန်နဲ့ မှတ်ပုံတင်ထားခြင်းမရှိဘူးဆိုရင် ပြန်လည်မှတ်ပုံတင်ရမှာ ဖြစ်ပါတယ်။ အဲဒီလို ပြန်လည်မှတ်ပုံတင်တာနဲ့ ပတ်သက်ပြီးတော့ အော်ပရေတာတွေကလည်း လာရောက်ပြီး မှတ်ပုံတင်တဲ့သူတွေ လာရောက်ဆောင်ရွက်မယ့်သုံးစွဲသူတွေ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ အော်ပရေတာအလိုက် ဘယ်လိုဆောင်ရွက်တယ်ဆိုတာကိုလည်း အော်ပရေတာတစ်ဦးချင်းကလည်း ရှင်းပြသွားမှာဖြစ်ပါတယ်။

**အစီအစဉ်မှူး။** ။ ဆက်သွယ်ရေးအော်ပရေတာတွေအနေနဲ့ ဒီလိုမျိုး တယ်လီဖုန်းဆင်းကတ်တွေကို ပြန်လည်မှတ်ပုံတင်တဲ့အခါမှာ ဘယ်လိုမျိုး ပြင်ဆင်ဆောင်ရွက်ထားသလဲဆိုတာကို သိပါရစေ။

**ဦးမျိုးသန့်။** ။ မြန်မာဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ကျွန်တော်တို့ MPT ဆင်းကတ်အသုံးပြုနေတဲ့ မိုဘိုင်းသုံးစွဲသူတွေအနေနဲ့ သုံးစွဲနေတဲ့ဆင်းကတ်တွေရဲ့အချက်အလက်တွေကို ပြန်လည်စိစစ်ဖို့ဆိုရင် MPT ဆိုင်တွေရှိပါတယ်။ တစ်နိုင်ငံလုံးမှာရှိပါတယ်။ MPT ဆိုင်တွေသွားပြီးတော့ စိစစ်လို့ရပါတယ်။ နောက်တစ်နည်းကတော့ Online အသုံးပြုပြီး Website က တစ်ဆင့်စိစစ်လို့ရပါတယ်။ နောက်တစ်ခါ Mobile application တွေ ရှိပါတယ်။ MPT 4U ဆိုတဲ့ application ကိုလည်း အသုံးပြုပြီး ချိတ်ဆက်လို့ရပါတယ်။ နောက်တစ်ခုက Call center အသုံးပြုပြီး Call center ကနေခေါ်ဆိုပြီး Call center ကနေ လိုအပ်တဲ့အချက်အလက်တွေ ပြန်လည်စိစစ်လို့ရတယ်ဆိုတာ ဖြေကြားပေးမှာ ဖြစ်ပါတယ်။ နောက်တစ်ခုက USSD ကုဒ်ကိုလည်း နှိပ်ပြီးတော့ စိစစ်လို့ရပါတယ်။

**အစီအစဉ်မှူး။** ။ တယ်လီနောအနေနဲ့လည်း ဘယ်လိုပြင်ဆင်ထားသလဲ ဆိုတာ သိပါရစေ။

**ဒေါ်ထက်ထက်ထွန်း။** ။ တယ်လီနောမြန်မာအနေနဲ့သုံးစွဲသူတွေကို သူတို့ရဲ့ ဆင်းကတ်အသေးစိတ်နဲ့ ပိုင်ဆိုင်မှုတွေကို အလွယ်တကူ အခမဲ့စစ်ဆေးနိုင်ဖို့ဆိုပြီး ဝန်ဆောင်မှုနှစ်မျိုးနဲ့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပထမတစ်ခုက SMS စာတိုပေးပို့ခြင်းပါ။ ၅၀၀ ဆိုတဲ့ နံပါတ်ကို REG စာသားလေးကိုပေးပို့ရမှာ ဖြစ်ပါတယ်။ နောက်တစ်ခုက USSD ကုဒ်ပါ။ *979*3*3# ကို ဖုန်းခေါ်ဆိုရမှာဖြစ်ပါတယ်။

ခုနကပြောတဲ့ SMS ပဲပို့ပို့၊ USSD ကိုပဲ ပို့ပို့သုံးစွဲသူတွေအနေနဲ့က သူတို့ မှတ်ပုံတင်ထားတဲ့ သက်သေခံကတ်ပြားနာမည်ကတ်လေးရရှိမှာ ဖြစ်ပါတယ်။ တကယ်လို့ သူတို့ရဲ့ သက်သေခံကတ်ပြားနံပါတ်နဲ့နာမည်တွေကို ပြန်ပြီး ပြင်ဆင်ချင်တယ်ဆိုရင် Online ကနေတစ်ဆင့်ဖြစ်ဖြစ်၊ အနီးဆုံးတယ်လီနောရဲ့ အရောင်းဆိုင်ကြီးတွေသွားပြီးတော့ပဲဖြစ်ဖြစ် ပြန်လည်ပြင်ဆင်လို့ရပါတယ်။

**အစီအစဉ်မှူး။** ။ အူရီဒူးအနေနဲ့ရော ဘယ်လိုပြင်ဆင်ထားသလဲဆိုတာ သိပါရစေ။

**ဦးစောဆဲသပ်ကလဲ။** ။ အူရီဒူးမြန်မာအနေနဲ့ ဆင်းကတ်မှတ်ပုံတင်ခြင်းနဲ့ ပတ်သက်ပြီးတော့ အလွယ်တကူစစ်ဆေးလို့ရတဲ့ နည်းလမ်း ခြောက်ခုရှိပါတယ်။ ပထမဆုံးနည်းလမ်းကတော့ USSD ကုဒ် ဖြစ်ပါတယ်။ *666# ကိုနှိပ်ပြီး လင့်ကနေပြီး ကိုယ်ရဲ့ဆင်းကတ်မှတ်ပုံတင်ခြင်းအခြေအနေ နာမည်နဲ့ မှတ်ပုံတင်နံပါတ်ပြီးရင် တစ်ချိန်တည်းမှာပဲ အဲဒီမှတ်ပုံတင်ခြင်းကို ပြန်လည်ပြင်ဆင်ချင်တယ်ဆိုရင် ပြင်လို့ရတဲ့လင့်လေးရသွားမယ်။

ဒုတိယအနေနဲ့ SMS အစားထိုး 666 ကိုနှိပ်ပြီး ID ဆိုပြီး ရိုက်လိုက်ရင် ဒီလိုအပ်တဲ့အချက်အလက်တွေ ပေးသွားမှာဖြစ်ပါတယ်။ တတိယအနေနဲ့က my ooredoo app application ကိုသုံးပြီးတော့ အလွယ်တကူစစ်ဆေးပြီးပြင်ဆင်နိုင်ပါတယ်။ စတုတ္ထအနေနဲ့ကတော့ Website တွေရှိပါတယ်။ Website မှာ အချိန်မရွေး အလွယ်တကူဝင်ရောက်ပြီးတော့ ကြည့်ရှုနိုင်ပါတယ်။ ပြီးရင် အူရီဒူးဆိုင်တွေရှိပါတယ်။ အူရီဒူးစတိုးဆိုင်တွေမှာလည်း အလွယ်တကူ သွားရောက်မေးမြန်းပြီးတော့ ပြင်ဆင်မှုများကို ပြုလုပ်နိုင်ပါတယ်။ ပြီးလို့ရှိရင်တော့ Call center ကိုခေါ်ပြီးတော့ အချိန်မရွေး ၂၄ နာရီခေါ်ဆိုပြီး မေးမြန်းစစ်ဆေးနိုင်ပါတယ်။

**အစီအစဉ်မှူး။** ။ မိုင်တဲလ်အနေနဲ့ရော ဘယ်လိုပြင်ဆင်ထားလဲဆိုတာ သိပါရစေ။

**ဦးဇော်မင်းဦး။** ။ မိုင်တဲလ်အနေနဲ့ ဆင်းကတ်တွေ ပြန်လည်မှတ်ပုံတင်ရေးနဲ့ ပတ်သက်တဲ့ကိစ္စနဲ့ပတ်သက်ပြီး တတ်နိုင်သမျှ အကောင်းဆုံး ပြင်ထားပါတယ်။ နံပါတ် ၁ ကတော့ USSD *966# ကို ပေးပို့လိုက်ရင် Menu တစ်ခုကျလာမယ်။ နံပါတ် ၂ ကိုနှိပ်လိုက်လို့ရှိရင် ကိုယ့်ရဲ့မှတ်ပုံတင် SMS ပြန်ပို့ပါတယ်။ SMS ကို ကြည့်ပြီးတော့ ကိုယ့်ဥစ္စာဟုတ်တယ်ဆိုရင်တော့ပြီးပြီ။ မဟုတ်ဘူးဆိုရင်တော့ ပြင်ဆင်မှုအပိုင်းတွေဆက်သွားရပါလိမ့်မယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ရဲ့တစ်နိုင်ငံလုံးမှာရှိတဲ့ စတိုးဆိုင်တွေကို မိုင်တဲလ်စတိုးဆိုင်ပေါင်း ၁၃၇ ဆိုင်လောက်ရှိပါတယ်။ အဲဒီကိုသွားပြီး စစ်ဆေးပြီးတော့ ကိုယ်ဥစ္စာဟုတ်တယ်၊ မဟုတ်ဘူး စစ်လို့ရပါတယ်။ နောက်တစ်ခုက တခြား POS တွေမှာလည်း POS တွေနဲ့ ပူးပေါင်းဆောင်ရွက်ပြီးတော့ ဒါကိုစစ်နိုင်အောင် POS ပေါင်း ငါးထောင်ကျော်ရှိပါတယ်။ အဲဒီမှာ သွားစစ်ဆေးလို့ ရပါတယ်။ ကိုယ်သုံးနေတဲ့ဆင်းကတ်က ကိုယ့်ရဲ့ဆင်းကတ် ဟုတ်တယ် မဟုတ်ဘူး။ ကိုယ့်မှတ်ပုံတင် မှန်၊ မမှန်စစ်လို့ရပါတယ်။ နောက် Website ပါ။ အကောင့်အတွက် mytel .com. mm ဆိုတဲ့ Website မှာသွားပြီး စစ်ဆေးနိုင်ပါတယ်။ နောက်ဆုံးတစ်ခုကတော့ တစ်လောကမှ application တစ်ခု Launch လုပ်ထားတာရှိပါတယ်။ MY ID ဆိုတာလေးပါ။ MY ID မှာလည်း Menu တစ်ခု ရှိပါတယ်။အဲဒီ Menu ကနေစစ်ဆေးမယ်ဆိုရင် ကိုယ်သုံးနေတဲ့ဆင်းကတ်က ကိုယ့်ရဲ့မှတ်ပုံတင်ဟုတ်တယ်၊ မဟုတ်ဘူးဆိုတာ အလွယ်တကူသွားရောက်စစ်ဆေးနိုင်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

# လူထုအခြေပြုဗဟိုဌာနများကို အကျိုးရှိအောင်ဘယ်လိုအသုံးပြုမလဲ စကားဝိုင်းကျင်းပ

ထက်အုံလင်း

**လူထုအခြေပြုဗဟိုဌာန(Community Centre)များကို အကျိုးရှိအောင်ဘယ်လိုအသုံးပြုမလဲစကားဝိုင်းကို ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ရန်ကုန်မြို့ လူထုအခြေပြုဗဟိုဌာန(ဗဟန်း)၌ ကျင်းပခဲ့သည်။ အဆိုပါစကားဝိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဇ္ဇာမျိုးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး MRTV-4 အစီအစဉ်တင်ဆက်သူ ငြိမ်းချမ်းကိုကို၊ မခင်ရတနာဦး၊ MRTV-4 သရုပ်ဆောင် ဖြိုးရာဇာနိုင်နှင့် ဝိုင်းရွှေရည်တို့က ပါဝင်ဆွေးနွေးခဲ့သည်။**



**ဦးဆောင်ဆွေးနွေးသူ။ ။** နိုင်ငံတစ်ဝန်းမှာပြန်ကြားရေးဝန်ကြီးဌာနနဲ့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်တဲ့ Community Centre ၁၆ ခု ရှိပါတယ်။ လွန်ခဲ့တဲ့ ၁၉၆၀ ပြည့်နှစ်လောက်ကတည်းကစပြီးတော့ Community Centre ကို ကျွန်မတို့အိမ်နီးချင်းနိုင်ငံတွေမှာ လုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံရဲ့လိုအပ်ချက်ကို ပြည်သူတွေလည်း သိလောက်မယ်လို့ ထင်ပါတယ်။ Community Centre ဟာ ကျွန်မတို့ပြည်သူတွေအတွက် ဘယ်လောက်အထိ အရေအတွက်များများလိုအပ်နေတယ်ဆိုတဲ့ ကဏ္ဍလေးက ရှိလာတာပေါ့။ ဒါက ကျွန်မတို့နိုင်ငံတော်ရဲ့လိုအပ်ချက်။ အမေရိကန်နဲ့ အင်္ဂလန်တို့မှာ အခြေပြုပြီးတော့ Community Centre ဆိုတာ ပေါ်ပေါက်လာတာ။ အာရှနိုင်ငံတွေထဲမှာဆိုရင် စင်ကာပူကတော့ ဥပမာပြလို့ အကောင်းဆုံးနိုင်ငံတစ်ခုထဲမှာ ပါပါတယ်။ ၁၉၆၀ ပြည့်နှစ်မှာ စင်ကာပူမှာ စလုပ်ခဲ့တယ်။ ကျွန်မတို့ဆီမှာလည်း ပြန်ကြားရေးဝန်ကြီးဌာနကဦးဆောင်ပြီးတော့ စလုပ်နေပါပြီ။ ကျွန်မတို့အစိုးရလက်ထက်မှာ ဒါက နိုင်ငံတည်ဆောက်ရေးလုပ်ငန်းတစ်ခုပဲ ဖြစ်ပါတယ်။ ဒီ Community Centre ထဲမှာ ပါဝင်တာတွေနဲ့ပတ်သက်ပြီး ပြည်သူတွေအတွက် ဘာတွေအကျိုးရှိမလဲဆိုတာ မောင်လေးငြိမ်းချမ်းကိုကိုက လူငယ်တစ်ယောက်အနေနဲ့ ပြည်သူတွေကို ပြောပြပေးစေချင်ပါတယ်။

**ငြိမ်းချမ်းကိုကို။ ။** ကျွန်တော်ဝင်ဝင်ချင်းမှာပဲပြတိုက်ဆိုတာလေးကို မြင်တွေ့ရတဲ့အတွက် အရင်ဦးဆုံး လူငယ်တွေအနေနဲ့ ပြတိုက်ထဲမှာ ဘာတွေရှိမလဲဆိုတာကို စိတ်ဝင်တစားနဲ့ လေ့လာသင့်တယ်လို့ ထင်ပါတယ်ခင်ဗျ။ နောက်ပြီးတော့ ကျွန်တော်ကလည်း လူငယ်ထဲက လူငယ်တစ်ဦးပဲဆိုတော့ Recreation Centre တွေ၊ Gym ကစားမယ့်နေရာတွေကို စိတ်ဝင်စားပါတယ်။ လူငယ်တွေဆိုတာက ဒီနေ့ခေတ်မှာ IT ကို တော်တော်စိတ်ဝင်စားလာကြတယ်။ နည်းပညာပိုင်းကို ပိုပြီးတော့ စိတ်ပါဝင်စားကြတဲ့သူတွေဖြစ်တဲ့အတွက် Community Centre မှာ အခုလိုမျိုး Laptop ၂၅ လုံး စီစဉ်ဆောင်ရွက်ပေးထားတာမြင်တော့ တော်တော်လေး ဝမ်းသာမိပါတယ်ခင်ဗျ။

**ဦးဆောင်ဆွေးနွေးသူ။ ။** ဒီဗဟန်း Community Centre နဲ့ပတ်သက်ပြီးတော့ ဘယ်နေရာလေးတွေကို သဘောကျသလဲ။ နောက်ပြီးတော့ ဒီ Community Centre ဟာ ဗဟန်းမြို့နယ်မှာရှိတဲ့ ပြည်သူတွေသာမက ရန်ကုန်မြို့မှာရှိတဲ့ တခြားမြို့နယ်တွေက ပြည်သူတွေလည်း အားကျပြီးတော့ သူတို့မြို့နယ်တွေမှာ ဒီလို Community Centre တွေ အမြန်ဆုံးပေါ်လာအောင်၊ လိုချင်စိတ်တွေဖြစ်ပေါ်လာအောင် ဘယ်လိုဆွဲဆောင်မှုတွေ တွေ့လာနိုင်မလဲ။ ညီမလေး ခင်ရတနာဦးအနေနဲ့ ဒီမြို့နယ်မှာနေခဲ့မယ်ဆိုရင် ဒီ Community Centre ကို ဘယ်လိုအကျိုးရှိအောင် အသုံးချမယ်လို့ ရည်ရွယ်ထားတယ်ဆိုတာ ပြောပြပေးပါဦး။

**ခင်ရတနာဦး။ ။** ကျွန်မက တာမွေမှာနေတော့ဗဟန်းနဲ့က နီးနီးလေးပါ။ ကားလမ်းကြောင်းလည်း သင့်ပါတယ်။ အိမ်နဲ့ကလည်းနီးတော့ အမြဲတမ်းရောက်ဖြစ်မယ်လို့ ထင်ပါတယ်။ ဒီမှာက Gym ခန်းမရှိတယ်။ အဲဒီတော့ သူငယ်ချင်းတွေအားလုံးပေါင်းပြီးတော့ Gym လာကစားမလား။ ဒါမှမဟုတ် ကိုယ့်ရဲ့ လုပ်ငန်းခွင်အကြောင်းတွေကို Gym ကစားပြီးတဲ့အခါ ဆွေးနွေးတိုင်ပင်မလား။ ခန်းမတွေလည်း အများကြီးရှိတာဆိုတော့ တကယ်ကိုဝမ်းသာမိပါတယ်။ သရုပ်ဆောင်တွေဆိုရင်လည်း ခန္ဓာကိုယ်အချိုးအစားပြေပြစ်ဖို့ အဓိကထိန်းသိမ်းဖို့လိုအပ်တယ်။ အဲဒီတော့ အမြဲတမ်းလည်း အိမ်မှာနေရင်းနဲ့ ကိုယ်နဲ့နီးစပ်ရာပတ်ဝန်းကျင်မှာ Gym တွေကို အခကြေးငွေပေးပြီးတော့ ကစားရတာရှိတယ်။ ကိုယ့်ရဲ့အချိန်တွေကို ပေးရတာရှိတယ်။ သူငယ်ချင်းတွေနဲ့ ဆုံမှ ကစားဖြစ်တာ။ မဆုံရင်လည်း မကစားဖြစ်ဘူး။

ဒီမှာဆိုရင် အိမ်နဲ့လည်း နီးနီးနားနားဖြစ်တော့ Gym ခန်းမကို အဓိကထား လာကစားဖြစ်မယ်ထင်တယ်။ နောက်ပြီးတော့ အလုပ်ကိစ္စနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေ၊ လူငယ်တွေနဲ့ပတ်သက်လို့ ဆွေးနွေးတိုင်ပင်သင့်တဲ့ အကြောင်းအရာတွေကို အခုလို သူငယ်ချင်းတွေဆုံတုန်း အားကစားခန်းမမှာ Gym ပြေးကစား၊ ပြီးရင် သူငယ်ချင်းတွေဝိုင်းဖွဲ့ပြီးတော့ စကားပြောမလား၊ အလုပ်ကိစ္စတွေ ဆွေးနွေးမလား၊ ရှေ့ဆက်လျှောက်မယ့် ဘဝလမ်းကြောင်းနဲ့ပတ်သက်တဲ့ကိစ္စတွေ ဆွေးနွေးမလား။ ဒါကြောင့်မို့ Gym ခန်းမရော၊ ဆွေးနွေးပွဲခန်းမတွေရော ရှိတဲ့အတွက်ကြောင့်မို့ တကယ့်ကို ဝမ်းသာမိပါတယ်။

### အကျိုးရှိမယ်ဆိုတာယုံကြည်

နောက်တစ်ခုက ဒီမှာဆိုရင် ကွန်ပျူတာသင်တဲ့အခန်းတွေလည်း ရှိတယ်လို့သိရတယ်။ အဲဒီတော့ ကွန်ပျူတာနဲ့ပတ်သက်တဲ့ နည်းပညာတွေကိုလည်း သင်ယူလို့ရတယ်။ ဆွေးနွေးတိုင်ပင်လို့ရတယ်။ သူငယ်ချင်းတွေနဲ့ အုပ်စုလိုက်လုပ်ရမယ်ဆိုတော့ တကယ့်ကို ပျော်ရွှင်စရာကောင်းတဲ့ Community Centre တစ်ခုအနေနဲ့ အကျိုးရှိမယ်ဆိုတာ ယုံကြည်ပါတယ်။ နောက်ပြီးတော့ ဒီမှာ ကလေးငယ်တွေအတွက်လည်း ကစားကွင်းတွေရှိတယ်။ စာကြည့်တိုက်တွေရှိတယ်။ အဓိကက ညီမဆိုရင်လည်း အစီအစဉ်တင်ဆက်သူဖြစ်တဲ့အတွက် စာပေတွေအမြဲတမ်းဖတ်နေရတယ်ဆိုတော့ စာကြည့်တိုက်မှာရှိတဲ့ စာအုပ်စာပေနဲ့ပတ်သက်ပြီးတော့လည်း လေ့လာလို့ရတယ်။ ငှားရမ်းလို့ရတယ်။ တကယ့်ကို ဝမ်းသာပျော်ရွှင်မိပါတယ်လို့ ပြောချင်ပါတယ်ရှင့်။

**ဦးဆောင်ဆွေးနွေးသူ။ ။** ဖြေထားတာတော်တော်ပြည့်စုံပါတယ်။ ဒီ Community Centre နဲ့ပတ်သက်ပြီးတော့ ခုနကပြောသလို အားကစားနဲ့ပတ်သက်ပြီး ကိုယ်လက်လှုပ်ရှားမှုတွေ လုပ်လို့ရတယ်။ အပေါ်ထပ်မှာ ကရာတေးတို့၊ စားပွဲတင်တင်းနစ်တို့ ကစားလို့ရတယ်။ ဒီလို အားကစားရှုထောင့်အနေနဲ့လည်း ကောင်းတယ်။ နောက်ပြီးတော့ လူငယ်တွေအတွက် တွေ့ဆုံတဲ့နေရာ၊ Business Activities တွေလည်း လုပ်လို့ရတဲ့နေရာလည်းဖြစ်တယ်ဆိုတော့ ညီမလေးအနေနဲ့ ရုပ်ရှင်သရုပ်ဆောင်အနေနဲ့မဟုတ်ဘဲ ရန်ကုန်မြို့မှာနေတဲ့ မြို့သူမြို့သားတစ်ယောက်အနေနဲ့ ဒီ Community Centre ကို ဘယ်လိုအသုံးချမယ်လို့ စိတ်ကူးထားသလဲ။ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးပြောသွားသလိုပဲ သာရေးနာရေးကိစ္စအကုန်လုံးက ဒီမှာအသုံးချလို့ရတယ်ဆိုတော့ ညီမလေးဝိုင်းရွှေရည်တို့ သရုပ်ဆောင်တွေအနေနဲ့ ပြည်သူလူထုနဲ့ ဆက်ဆံထိတွေ့တဲ့အခါမှာ ဒီ Community Centre ကို တကယ်အသုံးဝင်အောင် ဘယ်လိုအသုံးချမယ်လို့ ရည်ရွယ်ထားပါသလဲ။

**ဝိုင်းရွှေရည်။ ။** ကျွန်မတို့က သရုပ်ဆောင်ဖြစ်လို့ ပရိသတ်နဲ့ အမြဲထိတွေ့ဖြစ်တယ်။ အခုခေတ်က အင်တာနက်ခေတ်လည်းဖြစ်တော့ ပရိသတ်လေးတွေဆိုတာလည်း ပေါ်လာတယ်။ အရင်ဆုံး ဒီအခန်းကိုတွေ့တော့ ပြေးမြင်လိုက်တာက ပရိသတ်တွေနဲ့ အစည်းအဝေးကို ဒီအခန်းထဲမှာလုပ်မယ်ဆိုရင် ဘယ်လောက်တောင်ကောင်းမလဲ။ အဲဒီလိုမြင်မိတယ်။ ညီမတို့လိုပဲ လူငယ်အချင်းချင်းတွေ့ဆုံမလားပေါ့။ အခုခေတ်ကတော့ ဘယ်မှာတွေ့လို့တွေ့ရမှန်းမသိဘူး။ သူငယ်ချင်းတွေတွေ့တာနဲ့ စားသောက်ဆိုင်တန်းရောက်သွားတယ်။ တစ်ခုခု စားရင်းသောက်ရင်းနဲ့ ပြောကြတယ်။ အဲဒီလိုများတယ်။

ညီမတို့အနေနဲ့လည်း အောက်ထပ်ကိုဆင်းသွားရင် စာကြည့်တိုက်တွေရှိတယ်။ ကိုယ့်သူငယ်ချင်းအချင်းချင်း၊ ကိုယ့်ပရိသတ်တွေအချင်းချင်း စကားပြောမလား၊ ဒီအခန်းထဲမှာပဲ အေးအေးဆေးဆေး စကားပြောလို့ရတယ်။ တကယ်လို့ ဗဟုသုတရှာချင်တယ်ဆိုရင် စာကြည့်တိုက်မှာ သွားရှာလို့ရတယ်။ ပြီးရင် အပေါ်ထပ်မှာလည်း ခုနက အစ်မပြောသလို တကယ့်ကို အပန်းလည်းပြေတယ်။ ညီမအနေနဲ့ ညီမပရိသတ်တွေနဲ့ အမြဲတွေ့တဲ့အခါပဲဖြစ်ဖြစ်၊ အစည်းအဝေးလုပ်တဲ့အခါပဲဖြစ်ဖြစ် ဒီ Community Centre ကြီးကို လာဖြစ်မယ်လို့ ထင်ပါတယ်။

**ဦးဆောင်ဆွေးနွေးသူ။ ။** ညီမလေးလည်း ပြောသွားတယ်။ သူ့ပရိသတ်တွေနဲ့ ဒီနေရာမှာ တွေ့မယ်တဲ့။ ဒီနေရာကတော့ ဗဟန်းမှာရှိတဲ့ ပြည်သူလူထုအတွက် တကယ်ကိုတန်ဖိုးရှိတဲ့နေရာကြီးဖြစ်သွားမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ အပြင်မှာ ဒီလို ခန်းမငှားမယ်ဆိုရင် တစ်နာရီကို ငါးသောင်း၊ တစ်သိန်းလောက် ပေးရပါတယ်။ အဲဒီတော့ ဒါကို ကျွန်မတို့ ပြည်သူလူထုအနေနဲ့ အကျိုးရှိရှိအသုံးချနိုင်မယ်။ ဘဝတိုးတက်ရာတိုးတက်ကြောင်းအတွက်၊ လူ့အသိုက်အဝန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးချတာမျိုးတွေ ရှိလာတာပေါ့။ အဲဒီတော့ မောင်လေးဖြိုးရာဇာနိုင် အနေနဲ့ကော ဒီ Community Centre ကြီးကို ဘယ်လိုမျိုးအသုံးချမယ်လို့ မြင်ထားပါသလဲ။

**ဖြိုးရာဇာနိုင်။ ။** ပထမဆုံးအနေနဲ့ ကျွန်တော်တို့လူငယ်တွေ Community Centre ဘာလဲဆိုတာကို အများကြီးသိဖို့ လိုအပ်ပါတယ်။ ကျွန်တော်ဆိုရင် အမှန်တိုင်းပြောရရင် ဒီပွဲကိုလာမှ ဒီဟာကို သိတာပါ။ Community Centre မှာ ဘာတွေလုပ်လို့ရသလဲဆိုတာ ကျွန်တော်တို့လူငယ်တွေသိဖို့ လိုအပ်ပါတယ်။ ဘာလုပ်လို့ရသလဲဆိုတာသိမှ စိတ်ဝင်စားပြီးလာကြမှာပါ။ ပြန်ကြားရေးဝန်ကြီးက Community Centre မှာ မွေးနေ့ပွဲတွေလည်း လုပ်လို့ရတယ်။ မင်္ဂလာဆောင်လည်း လုပ်လို့ရတယ်ဆိုတာကို ပြောသွားတာသိလိုက်ရတော့ တကယ်ကို ဝမ်းသာစရာ ကောင်းပါတယ်။

### အများကြီးသိဖို့လို

ကျွန်တော်တို့ဆိုလည်း ပရိသတ်နဲ့ တွေ့ဆုံပွဲတွေ လုပ်လို့ရမယ်။ ဒါမျိုးတွေက သိဖို့လိုအပ်တယ်။ ဩော် ဒီမှာဒါမျိုးတွေ လာလုပ်လို့ရပါလားဆိုတာသိမှ လာလုပ်ကြမှာပါ။ ကျွန်တော်တို့ ပြည်သူတွေ၊ လူငယ်တွေထင်တာက ဒါကရုံးကြီးပဲကွာ ငါတို့လူငယ်တွေနဲ့ မဆိုင်ပါဘူး။ လူကြီးတွေလုပ်မယ့် အစည်းအဝေးခန်းမကြီးပါ အဲဒီလိုမျိုးကြီး သတ်မှတ်သွားနိုင်တယ်။ အဲဒီအတွက်ကြောင့်မို့ ကျွန်တော်တို့ လူငယ်တွေအနေနဲ့ ဒီစင်တာကြီးတွေမှာ ဒါမျိုးတွေလာလုပ်လို့ရတယ်ဆိုတာ အများကြီးသိဖို့လိုတယ်။ ကျွန်တော်ဆိုရင် ဒီတာမွေထဲမှာပဲနေတာပါ။ ကျွန်တော် ဒီမှာ Gym လာကစားလို့ရတယ်။ အစ်မပြောသလို ကျွန်တော်တို့ တိုင်ပင်နေကြတာ ပရိသတ်နဲ့ တွေ့ဆုံပွဲတွေ လာလုပ်လို့ရတယ်။ အစည်းအဝေးတွေ လုပ်လို့ရတယ်။ တခြားဆွေးနွေးတိုင်ပင်စရာတွေလည်း လုပ်လို့ရတယ်။ ပွဲတွေ၊ အခမ်းအနားတွေကအစ လုပ်လို့ရတယ်ဆိုတာ အကုန်လုံးသိပြီး အသုံးချမယ်ဆိုရင် ဒီ Community Centre ကြီးက အလွန်ပျော်စရာကောင်းတဲ့ စင်တာကြီး ဖြစ်မယ်လို့ ကျွန်တော်ကတော့ ယုံကြည်ပါတယ်ခင်ဗျ။

**ဦးဆောင်ဆွေးနွေးသူ။ ။** Community Centre ကို ဖြစ်စေချင်တဲ့ ပုံစံလေးတွေ၊ အများပြည်သူသိဖို့ လိုအပ်လာတဲ့အကြောင်းပေါ့။ ကျွန်မတို့နိုင်ငံမှာ Community Centre ဆိုတာ ပြည်သူလူထုရဲ့ နားထဲမှာ စိမ်းနေသေးတယ်။ ဒီထက်မက ပိုသိလာဖို့ လိုအပ်တယ်။ ဒါကြောင့် ပြန်ကြားရေးဝန်ကြီးဌာနက ကျွန်မတို့ ဒီစကားဝိုင်းတွေကို ဖန်တီးပေးတာပါ။ ဒီ Community Centre ကို ပြည်သူတွေသိရုံမက အသုံးချတတ်ဖို့လည်း လိုပါတယ်။ ကျွန်မတို့နိုင်ငံမှာ Community Centre ၁၆ ခုပဲ ရှိပါတယ်။ လူဦးရေက ၅၄ သန်း ရှိတယ်။ ကျွန်မတို့ ရန်ကုန်မြို့ကတော့ လူဦးရေ ခုနစ်သန်း ကျော်လောက် ရှိတာပေါ့။ ဒီလောက် လူဦးရေသိပ်သည်းတဲ့နေရာမှာ Community Centre ရှိခြင်းအားဖြင့် ပြည်သူတွေအတွက် အကျိုးကျေးဇူးတွေရှိပါတယ်။ **စာမျက်နှာ ၁၁ သို့ »»**

**Community Centre ကို ပြည်သူတွေသိရုံမက အသုံးချတတ်ဖို့လည်း လိုပါတယ်။ ကျွန်မတို့နိုင်ငံမှာ Community Centre ၁၆ ခုပဲ ရှိပါတယ်။ လူဦးရေက ၅၄ သန်း ရှိတယ်။ ကျွန်မတို့ ရန်ကုန်မြို့ကတော့ လူဦးရေ ခုနစ်သန်းကျော်လောက် ရှိတာပေါ့။ ဒီလောက် လူဦးရေ သိပ်သည်းတဲ့နေရာမှာ Community Centre ရှိခြင်းအားဖြင့် ပြည်သူတွေအတွက် အကျိုးကျေးဇူးတွေရှိပါတယ်။ အဲဒါက လူငယ်တွေအတွက် Community Leader လေးတွေ ထွက်လာဖို့ ရည်ရွယ်ပါတယ်။ ကျွန်မတို့မှာ ခန်းမရှိသလို အစည်းအဝေးခန်းမလည်းရှိတယ်။ လူငယ်တွေ အစုအဖွဲ့ လေးတွေစုဖွဲ့ပြီးတော့ ဆောင်ရွက်လို့ရတယ်။**

»»» စာမျက်နှာ ၁၀ မှ

အဲဒါက လူငယ်တွေအတွက် Community Leader လေးတွေ ထွက်လာဖို့ ရည်ရွယ်ပါတယ်။ ကျွန်မတို့မှာ ခန်းမရှိသလို အစည်းအဝေးခန်းမလည်းရှိတယ်။ လူငယ်တွေ အစုအဖွဲ့လေးတွေ စုဖွဲ့ပြီးတော့ ဆောင်ရွက်လို့ရတယ်။ မောင်လေး ငြိမ်းချမ်းကိုကိုအနေနဲ့ Community Centre ရှိခြင်းကြောင့် ကျွန်မတို့ရဲ့ပြည်သူလူထုအတွက် ဘယ်လို အကျိုးကျေးဇူးတွေရှိလာနိုင်တယ်လို့ ထင်ပါသလဲ။

**ငြိမ်းချမ်းကိုကို**။ ။ ခုနက စကားပြောရင်းနဲ့ တစ်ခု စဉ်းစားမိတာကို ပြောချင်ပါတယ်ခင်ဗျာ။ အခုဆိုရင် ကျွန်တော်တို့ Community Centre ကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်မှာ ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ IT သုံးတဲ့သူတွေ၊ Social Media သုံးတဲ့သူတွေဆိုရင် Community Centre ဆိုတာကို Facebook မှာ ဒီနေရာကိုရိုက်ထည့်ပြီးရှာရင် အလွယ်တကူသိနိုင်ပြီး၊ ဘာတွေရှိသလဲဆိုတာကို ပိုပြီးတော့ ဖြန့်ကြက်ပေးထားသင့်တယ်လို့ မျှော်လင့်ပါတယ်။ အဲဒါမှ ကျွန်တော်တို့ တကယ်ဝင်လာရင် စာကြည့်ခန်းတွေ၊ စာဖတ်ခန်းတွေ ဒီဟာတွေနဲ့ ကျွန်တော်တို့ အိပ်မက်တစ်ခုက ငယ်ငယ်ကတည်းကရှိခဲ့တာ၊ နိုင်ငံတကာရုပ်ရှင်တွေ ကြည့်တဲ့အခါ သူတို့ရဲ့စာကြည့်တိုက်မှာ စာဖတ်တယ်၊ ကိုယ်လိုချင်တဲ့ အကြောင်းအရာ၊ အချက်အလက်တွေကို ဒီစာကြည့်တိုက်လိုနေရာမျိုးမှာ သွားပြီးတော့ လွယ်လွယ်ကူကူနဲ့ ရှာဖွေနိုင်ပါတယ်။ ဖုန်းထဲက ရှာတာထက် စာအုပ်ထဲကရှာတာက ပိုပြီးတော့ပြည့်စုံတယ်လို့ ထင်ပါတယ်။ ဒီလိုမျိုးရှာရင်းနဲ့ နိုင်ငံတစ်နိုင်ငံရဲ့ GDP တွေ နည်းနည်းလည်း မြင့်သွားပြီဆိုရင် ကိုယ့်မိသားစုတစ်စုရဲ့ အသိဉာဏ်ပညာ တိုးတက်လာနိုင်ဖို့အတွက် ဘယ်လိုမျိုး အကျိုးရှိအောင် အသုံးချနိုင်မယ်ဆိုတာ ဒီစာဖတ်ခန်းထဲကနေပြီးတော့ ရှာနိုင်မယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒီလိုမျိုး Community Centre မှာ ကိုယ့်ရဲ့မိတ်ဆွေအပေါင်းအသင်းတွေကို များများဖိတ်ခေါ်ပြီး အတူတူ တပျော်တပါး လုပ်ဆောင်နိုင်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံအတွက် ကောင်းမယ်လို့ မျှော်လင့်ပါတယ်။

**ဦးဆောင်ဆွေးနွေးသူ**။ ။ မောင်လေးအနေနဲ့ ဒီမှာရှိတဲ့ Community Library ကို ပြည်သူတွေအနေနဲ့ များများအသုံးချခြင်းအားဖြင့် အသိဉာဏ်ဗဟုသုတတွေ ပြည့်ဝလာမယ်။ အသိဉာဏ်ဗဟုသုတတွေပြည့်ဝလာရင် နိုင်ငံတည်ဆောက်ရေးအတွက် အစိတ်အပိုင်းတစ်ခုအဖြစ် မြင်တယ်လို့ ယူဆမိပါတယ်။ ဒီမှာ ဗဟုသုတတွေ ရှာဖွေလို့ရတယ်။ ကျွန်မအနေနဲ့ သိထားတဲ့အရာတစ်ခုက ဘာလဲဆိုတော့ ပညာရှင်တွေရဲ့ ဆန်းစစ်ချက်အရ လူဦးရေတစ်သိန်းမှာ Community Centre တစ်ခုလောက်တော့ ရှိသင့်တယ်။ အဲဒီလူဦးရေတစ်သိန်းကို ကျွန်မတို့ သုတေသနလုပ်ကြည့်တဲ့အခါ ရာဇဝတ်မှုတွေ ကျဆင်းလာတယ်။ ခုနက မောင်လေး ပြောတာနဲ့ ဆက်စပ်ပါတယ်။

### ပြည်သူတွေအတွက် အကျိုးရှိလာ

စာကြည့်တိုက်တွေ၊ Network တွေ ရှိတဲ့အခါကျတော့ လူငယ်တွေ တွေ့ဆုံကြတယ်။ တစ်ယောက်ကိုတစ်ယောက် ထိန်းသွားကြတယ်။ ဒီဟာသည် ပြည်သူလူထုထဲမှာ တည်ရှိနေတဲ့ စင်တာဖြစ်တဲ့အတွက်ကြောင့် အိမ်တွင်းအကြမ်းဖက်မှုဆိုရင် လူတစ်သိန်းမှာ ၁ ဒသမ ၇ ရာခိုင်နှုန်းလောက် လျော့နည်းကျဆင်းစေနိုင်ပါတယ်။ အကြမ်းဖက်မှုဖြစ်တဲ့ မှုခင်းဖြစ်ပွားနှုန်းတွေမှာ တစ်ရာခိုင်နှုန်းလောက် လျော့ကျသွားတာရှိတယ်။ ဒါတွေဟာ ကျွန်မတို့ Community Centre ကို အသုံးချတယ်။ ညှိနှိုင်းကြတယ်။ တွေ့ဆုံကြတယ်။ ဆွေးနွေးကြတာတွေကြောင့် ဖြစ်ပါတယ်။ ဒါကတော့ Community Centre ရှိခြင်းအားဖြင့် ပြည်သူတွေအတွက် အကျိုးရှိလာတဲ့ အရာလေးတွေဖြစ်ပါတယ်။

ဒီဗဟန်း Community Centre မှာ နောင်ဆိုရင် ရပ်ကွက်အလိုက် ကလပ်လေးတွေလည်း ရှိလာတော့မယ် ထင်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ အသက် ၁၅ နှစ်နဲ့ ၃၅ နှစ်ကြားရှိတဲ့ လူငယ် ၃၃ ဒသမ ၈ ရာခိုင်နှုန်း ရှိပါတယ်။ အဲဒီတော့ ဒီလူငယ်တွေအနေနဲ့က ဒီ Community Club လေးတွေကို Community Centre မှာ ဖွင့်ခြင်းအားဖြင့် ဘယ်လိုအကျိုးကျေးဇူးရှိနိုင်မလဲ။ ညီမဆိုရင်ရော ဒီလို ကလပ်လေးတွေဖွဲ့မလား။ ကလပ်လေးတွေဖွဲ့ပြီး ပါဝင်လုပ်ဆောင်ကြမလား။ ဒါလေးကို ညီမလေး ခင်ရတနာဦးရဲ့ အမြင်လေး သိလိုပါတယ်။

**ခင်ရတနာဦး**။ ။ အခုဆိုရင် ကျွန်မတို့ သူငယ်ချင်းလေးယောက် ဆွေးနွေးပြီးသွားပြီ။ ကျွန်မတို့ Gym ကစားမယ်၊ ကိုယ်ကာယလေ့ကျင့်ခန်း လုပ်ကြမယ်။ ဒီလို ကလပ်တွေဖွဲ့စည်းပြီး လုပ်ကြမယ်ဆိုရင် အားလုံးက တပျော်တပါးကြီး ပါလာကြမှာပဲ။ လူငယ်တွေဆိုတာကလည်း တစ်ယောက်နဲ့တစ်ယောက် အမြဲတမ်း တွေ့ဆုံပြီးပြောနေကြတာမို့လို့ တစ်ဖွဲ့တစ်စည်းတည်း လုပ်ဖြစ်ရင် ပိုပြီးတော့အဆင်ပြေနိုင်ပါတယ်။ ဘယ်လိုကလပ်မျိုး လုပ်သင့်သလဲဆိုရင် အဓိကက ကွန်ပျူတာပညာရပ်တွေ ပိုပြီးကျွမ်းကျင်ဖို့ ကွန်ပျူတာအသင်းတွေ ဖွဲ့စည်းမယ်ဆိုရင် လူငယ်တွေအနေနဲ့ ဒီမှာဝင်ရောက်ပြီး ဆွေးနွေးနိုင်မယ်။ စာကြည့်တိုက်မှာဆိုရင်လည်း ကိုယ်သိချင်တဲ့၊ ကိုယ်ဖတ်ချင်တဲ့စာအုပ်တွေကို အပြင်မှာရှာမယ့်အစား ဒီထဲမှာပဲ ငါတို့ သူငယ်ချင်းတွေစုပြီးတော့ စာအုပ်တွေ ဖတ်ကြမယ်။ ငှားကြမယ်။ စာကြည့်တိုက်ကို အသုံးပြုတာမျိုးတွေ ဖြစ်သင့်ပါတယ်။

**ဦးဆောင်ဆွေးနွေးသူ**။ ။ လူငယ်တွေအနေနဲ့ အုပ်စုအဖွဲ့လေးတွေ စုဖွဲ့ပြီးတော့ ကိုယ့်ကလပ်အလိုက် ကိုယ့်ပရိသတ်လေးတွေကို ကိုယ့်မတည်ငွေလေးတွေနဲ့ကိုယ်အသုံးချပြီး ဒီ Community Centre ကြီး ရေရှည်ခိုင်မြဲဖို့အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်လို့ရတဲ့ ကိစ္စလေးတွေလည်း ပေါ်ပေါက်လာတာပေါ့။ အဲဒါက တော့ ကျွန်မအနေနဲ့ လူငယ်ကလပ်တွေအကြောင်း ပြောသွားတာပါ။ လူငယ်တွေအပြင် Community Centre မှာ ကလေးစာဖတ်ခန်းလည်း တွေ့မြင်ရမှာ ဖြစ်ပါတယ်။

### ရပ်ရေးရွာရေး ပိုစိတ်ဝင်စားလာ

အဲဒီလိုမျိုးပဲ အသက် ၆၀ ကျော်သွားတဲ့ လူကြီးတွေလည်းရှိတယ်။ သားသမီးတွေ အလုပ်သွားကြတဲ့ နေ့လယ်ခင်းဘက်မှာ အားနေကြတဲ့အတွက် ရပ်ရေးရွာရေးကို ပိုစိတ်ဝင်စားလာကြတယ်။ ရပ်ရေးရွာရေးမှာ ပိုပြီး အချိန်ပေးလာနိုင်တဲ့ လူကြီးတွေရှိတယ်။ ညီမလေးအနေနဲ့ ဒီရပ်ရေးရွာရေးမှာ အမြဲတမ်း တက်ကြွပြီး ပါဝင်နေကြတဲ့ ဒီလူကြီးတွေကို ညီမလေးပြောသလိုပဲ ကလပ်လေးတွေ ဖွဲ့ပြီးတော့ ဒီ Community Centre မှာ အသုံးချနိုင်ခဲ့မယ်ဆိုရင် သာရေးနာရေးကိစ္စတွေ၊ ရပ်ရွာဒေသမှာဖြစ်ပေါ်နေတဲ့ မြောင်းတွေ ပိတ်နေတာတို့၊ အမှိုက်တွေပုံနေတာတို့ ဒါမျိုးဆိုရင် အစိုးရနဲ့ ပြည်သူနဲ့ ထိစပ်နိုင်ဖို့ ဆောင်ရွက်ပေးနိုင်တဲ့အတွက် အကျိုးကျေးဇူးတွေအများကြီးရှိတာပေါ့။ အဲဒီတော့ ညီမအနေနဲ့ ညီမရဲ့အဖေအမေတွေ ဒီ Community Centre ကို ဘယ်လိုများအသုံးချလာမလဲ။ အသုံးချအောင် ဘယ်လိုလုပ်မလဲ။ လူကြီးတွေအနေနဲ့ ဒီ Community Centre ရှိခြင်းအားဖြင့် ဘယ်လိုအကျိုးကျေးဇူးတွေ ရှိလာနိုင်တယ်လို့ ညီမလေး ဝိုင်းရွှေရည်အနေနဲ့ ထင်ပါသလဲ။

**ဝိုင်းရွှေရည်**။ ။ ညီမအနေနဲ့တော့ အလုပ်သွားတယ်။ ရှူတင်တွေသွားတယ်။ သွားစရာရှိတာတွေ သွားတယ်။ အဲဒီအချိန်မှာ အဖေတို့ အမေတို့က ရုပ်ရှင်ကြည့်ချင်ကြည့်၊ စကားပြောချင်ပြော၊ အိမ်မှာရှိတဲ့ စာအုပ်တွေဖတ်ချင်ဖတ်ဆိုတာမျိုးတွေရှိတယ်။ အပြင်တွေ ဘာတွေ သွားလေ့သွားထမရှိဘူး။ တစ်ခါတစ်ရံမှ သူငယ်ချင်းတွေနဲ့ တွေ့တဲ့အခါမျိုးတော့ရှိတယ်။ အိမ်ထဲမှာပဲ နေတာများတယ်ပေါ့။ ညီမတို့လူငယ်တွေကလည်း အခုချိန်မှာ ကိုယ့်အလုပ်နဲ့ကိုယ် သွားနေကြတာဖြစ်တဲ့အတွက် လိုက်မပို့ပေးနိုင်ဘူး။ အဓိကအားဖြင့် တစ်ပတ်တစ်ခါလောက်၊ တစ်လတစ်ခါလောက်ပဲ ပို့ပေးနိုင်တာများတယ်။

ဘာပဲဖြစ်ဖြစ် အခုလို Community Centre ရှိလာတဲ့အခါကြတော့ အိမ်ရောက်ရင် ညီမအဖေတို့ အမေတို့ကို ပြောပြလို့ရပြီ။ သမီးသွားခဲ့တဲ့ ဒီ Community Centre မှာ ဘာတွေရှိတယ်။ လူကြီးတွေ၊ ကလပ်တွေနဲ့ မေမေတို့ သူငယ်ချင်းတွေနဲ့ ဆက်သွယ်ရင် ဘယ်လိုဆက်သွယ်လို့ရမယ်။ သူငယ်ချင်းတွေနဲ့ ဝေးဝေးလံလံ သွားဆွေးနွေးစရာမလိုတော့ဘူး။ ရှိတာက ဒီဗဟန်းမှာပဲဆိုတော့ နီးနီးနားနားလည်းဖြစ်တယ်။ အေးအေးဆေးဆေးလည်း ရှိတယ်။ သူငယ်ချင်းတွေအချင်းချင်း ဒီမှာဆွေးနွေးလို့ရပြီဆိုတာ ပြောပြလို့ရတယ်။ အစ်မ ပြောလိုက်တဲ့အခါကျတော့ ညီမစဉ်းစားမိလိုက်တယ်။ ဩော် ငါ့အဖေနဲ့ ငါ့အမေက အိမ်မှာ ဒီအတိုင်းကြီးပျင်းနေမှာပဲလို့၊ သူတို့ကိုယ်သူတို့ ဘာဗဟုသုတမှ ရှာဖွေလို့မရတော့ဘူးလို့ ထင်နေတာ။ သူငယ်ချင်းတွေနဲ့ တစ်ပတ်တစ်ကြိမ်လောက်တွေ့မှ သွားရတယ်။ ဒီမှာ အမေတို့လိုမျိုး လူကြီးတွေလည်း လာကြမှာ။ ကလေးတွေလည်း လာကြမှာဖြစ်လို့ မိတ်ဆွေအသစ်တွေလည်း တိုးမှာဆိုတော့ အိမ်ပြန်ရောက်တာနဲ့ အဖေနဲ့ အမေတို့ကို ဒီမှာတွေ့ကြုံခဲ့ရတာတွေ ပြောပြမယ်။ မျှဝေလုပ်ပေးမယ်။ ညီမကတော့ အဲဒီလိုမျိုး ယုံကြည်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)




## ဒုတိယဝန်ကြီးဦးအောင်လှထွန်း ကျောင်းသုံးပြဋ္ဌာန်းစာအုပ် ရိုက်နှိပ်ပြီးစီးမှုအခြေအနေ ကြည့်ရှုစစ်ဆေး

**မန္တလေး ဖေဖော်ဝါရီ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် မန္တလေးတိုင်းဒေသကြီး ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များက ဆောင်ရွက်နေသည့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ် ရိုက်နှိပ်ပြီးစီးမှုအခြေအနေများကို ယနေ့ညနေပိုင်းက မန္တလေးမြို့ရှိ ပုံနှိပ်တိုက်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

### ကြည့်ရှုစစ်ဆေး

ရေးဦးစွာ ဒုတိယဝန်ကြီးသည် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး(စီမံ) ဦးကျော်ကျော်မွန်၊ မန္တလေးတိုင်းဒေသကြီး ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးထွန်းထွန်းစိုးတို့နှင့်အတူ ပြည်ကြီးတံခွန်မြို့နယ် ဖိုးရာဇာလမ်းရှိ ထိပ်တန်းပုံနှိပ်လုပ်ငန်းနှင့် ပြည်ကြီးတံခွန်မြို့နယ် ရန်ကုန်-မန္တလေးကားလမ်း၊ ဖိုးရာဇာလမ်းနှင့် ဧဝရတ်လမ်းကြားရှိ ရတနာပုံသတင်းစာတိုက် ကျောင်းသုံးပုံနှိပ်လုပ်ငန်းသို့ သွားရောက်၍ လုပ်ငန်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

### ပူးပေါင်းဆောင်ရွက်

ထို့နောက် ဒုတိယဝန်ကြီးက ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရန်နှင့် ပုံနှိပ်အရည်အသွေးပြည့်မီစေရန် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် မန္တလေးတိုင်းဒေသကြီးမှ ပုံနှိပ်နှင့်ထုတ်ဝေသူများ၊ လုပ်ငန်းရှင်များအချင်းချင်း ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားခဲ့သည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

## ဆေးလက်တွေ့သုတေသနလုပ်ငန်းရပ်များ ပြုလုပ်ခြင်းနှင့်ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)နှင့် ဂျပန်နိုင်ငံ Okayama University Graduate School of Medicine, Dentistry and Pharmaceutical Sciences တို့ ပူးပေါင်း၍ ဆေးလက်တွေ့သုတေသနလုပ်ငန်းရပ်များ ပြုလုပ်ခြင်းနှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲ (International Clinical Research Designing Workshop)ကို ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၆ ရက်အထိ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)ဇမ္ဗူရာဇ်ရွှေစင်ခန်းမ၌ ကျင်းပရာ ပြည်ပပညာရှင် သုံးဦးက ပို့ချဆွေးနွေး၍ သင်ကြားရေး ဆရာ ဆရာမ ၃၈ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မောင်မောင်မျိုး**

## ကန်းစ်ရုပ်ရှင်ပွဲတော်ဆုရ “Antichrist” ရုပ်ရှင်ဇာတ်ကားကို လေ့လာမှုအစီအစဉ် ပြုလုပ်မည်


**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ဒါရိုက်တာ “Lars Von Trier”၏ Drama, Horror အမျိုးအစား လက်ရာကောင်းတစ်ခုဖြစ်သော “Antichrist” ရုပ်ရှင်ဇာတ်ကားကို မတ် ၁ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ အမှတ်(၅၀) ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်း ရုပ်ရှင်ပြခန်းမ၌ ကြည့်ရှုပြီး ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာမှုအစီအစဉ် ပြုလုပ်ကြမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် Cinematheque Program ၏ ကဏ္ဍခွဲတစ်ရပ်အဖြစ် (၃၇)ကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်ပြီး ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဒေါက်တာအောင်မင်းက ဦးဆောင်ဆွေးနွေးမည်ဖြစ်သည်။

အဆိုပါ ဇာတ်လမ်းအကျဉ်းမှာ ဇနီးမောင်နှံနှစ်ဦးသည် ၎င်းတို့၏ကလေး မတော်တဆသေဆုံးခဲ့ပြီးနောက် တောအုပ်တစ်ခုအတွင်းရှိ နေအိမ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြောင်း၊ ၎င်းနေအိမ်တွင် ခင်ပွန်းဖြစ်သူသည် ထူးဆန်းသည့်အမြင်အာရုံများ တွေ့မြင်ခံစားလာသကဲ့သို့ ဇနီးဖြစ်သူမှာလည်း ပိုမိုကြမ်းတမ်းသည့်စရိုက်များ ဖြစ်ပေါ်လာသည့်အခြေအနေကို ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း၊ ၎င်းရုပ်ရှင်မှာ ကန်းစ်ရုပ်ရှင်ပွဲတော်တွင် Best Actress ဆုကို ရရှိခဲ့ကြောင်း သိရသည်။

**ဝင်းထိန်(FDC)**



# အခြေခံပညာအဆင့် လူရည်ချွန် ရွေးချယ်ခံရသူများစာရင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန
နေပြည်တော်
၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ( ၂၆ ) ရက်
၂၀၁၉-၂၀၂၀ ပညာသင်နှစ်
အခြေခံပညာအဆင့်လူရည်ချွန်ရွေးချယ်ခံရသူများစာရင်း ကြေညာခြင်း

၂၀၁၉-၂၀၂၀ ပညာသင်နှစ်၊ အခြေခံပညာအဆင့် အဋ္ဌမတန်း၊ နဝမတန်းနှင့်ဒသမတန်းအတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ ခရိုင်အလိုက် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်းကို အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

## အခြေခံပညာဦးစီးဌာန၊ ၂၀၂၀ ပြည့်နှစ်၊ အဋ္ဌမတန်းလူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁ | မောင်ဒိန်ဂရမ်လာနော် | ထ(ခွဲ)လ(၃) | မြစ်ကြီးနား | မြစ်ကြီးနား |
| ၂ | မောင်ကောင်းထက်သော် | အထက(၁) | တနိုင်း | မြစ်ကြီးနား |
| ၃ | မဆိုင်းနူးအောင် | အထက(၃) | မြစ်ကြီးနား | မြစ်ကြီးနား |
| ၄ | မဆုဝတ်ရည်မင်း | အထက(၂) | ဝိုင်းမော် | မြစ်ကြီးနား |
| ၅ | မောင်စည်သူအောင် | အထက(၁) | မိုးညှင်း | မိုးညှင်း |
| ၆ | မဖြူသန့်ကြည် | အထက(၁) | မိုးညှင်း | မိုးညှင်း |
| ၇ | မောင်မျိုးဆန်အောင် | အထက(၂) | ဗန်းမော် | ဗန်းမော် |
| ၈ | မကြည်ဖြူဇင်မင်း | အထက(၂) | ရွှေကူ | ဗန်းမော် |
| ၉ | မောင်စောနွဲ့ပြည့်ဖြိုးအောင် | အထက-ပူတာအို | ပူတာအို | ပူတာအို |
| ၁၀ | မမေဇင်ထွေး | အထက-ပူတာအို | ပူတာအို | ပူတာအို |
| ၁၁ | မောင်ဒေးဗစ်ချမ်း | အထက-ဒေါင်ခါး | ဒီးမော့ဆို | လွိုင်ကော် |
| ၁၂ | မနှင်းထက်ထက်ဝေ | အထက(၇) | လွိုင်ကော် | လွိုင်ကော် |
| ၁၃ | မောင်စိုင်းချစ်နိုင် | အထက-ဖားဆောင်း | ဖားဆောင်း | ဘောလခဲ |
| ၁၄ | မရတီစိုး | အထက-ဘောလခဲ | ဘောလခဲ | ဘောလခဲ |
| ၁၅ | စောစံစစ်နိုင် | အထက(၂)ဘားအံ | ဘားအံ | ဘားအံ |
| ၁၆ | မိခမွန်းထော | အထက(၂)ဘားအံ | ဘားအံ | ဘားအံ |
| ၁၇ | မောင်အောင်ခန့်မောင် | အထက(ခွဲ) ကြာအင်းဆိပ်ကြီး | ကြာအင်းဆိပ်ကြီး | ကော့ကရိတ် |
| ၁၈ | မသျှားထက်အိမ် | အထက(၁)မြဝတီ | မြဝတီ | ကော့ကရိတ် |
| ၁၉ | မောင်အောင်နိုင် | အထက(၃)ဟားခါး | ဟားခါး | ဟားခါး |
| ၂၀ | မအိုလီဗီယာမြထွေး | အထက(၃)ဟားခါး | ဟားခါး | ဟားခါး |
| ၂၁ | မောင်လာလ်ပက်ထွန် | အထက(၁)ဖလမ်း | ဖလမ်း | ဖလမ်း |
| ၂၂ | မလီဒီယာကျိန်ခေါန်ပွဲ | အထက(၂)ဖလမ်း | ဖလမ်း | ဖလမ်း |
| ၂၃ | မောင်အဲန်ဖွဲထန် | အထက(၁)မတူပီ | မတူပီ | မင်းတပ် |
| ၂၄ | မမောင်းရှိန်းမံ | အထက(၁)မင်းတပ် | မင်းတပ် | မင်းတပ် |
| ၂၅ | မောင်ကောင်းမြတ်သူ | အထက(၁)စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၂၆ | မအေးမြတ်ဖြူ | အထက(၁)စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၂၇ | မောင်စစ်နိုင် | Dပျိုးခင်း(ကပက) | ရွှေဘို | ရွှေဘို |
| ၂၈ | မောင်ကောင်းထက်သာ | စံတော်ဝင်(ကပက) | ဝက်လက် | ရွှေဘို |
| ၂၉ | မရွှန်းသံသာအေး | အထက(၃) | ရွှေဘို | ရွှေဘို |
| ၃၀ | မဟေမာန်စိုး | အထက(ခွဲ) လက်လှုပ်(တ) | ဒီပဲယင်း | ရွှေဘို |
| ၃၁ | မောင်ဝေဖြိုးဟိန်း | ပညာ့မဏ္ဍိုင်(ကပက) | မုံရွာ | မုံရွာ |
| ၃၂ | မသီရိနိုင် | မိုးဦးပန်း(ကပက) | မုံရွာ | မုံရွာ |

*(ဆက်လက်ဖော်ပြပါမည်)*

## အခြေခံပညာဦးစီးဌာန၊ ၂၀၂၀ ပြည့်နှစ်၊ နဝမတန်း လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁ | မောင်ဇာနည်ဘုန်းထက် | အထက(၃) | မြစ်ကြီးနား | မြစ်ကြီးနား |
| ၂ | မောင်စိုင်းစိုင်းခွန်မိန်း | အထက- ခတ်ချို | ဝိုင်းမော် | မြစ်ကြီးနား |
| ၃ | မမြတ်ဆုသက်ကျော် | All Star (ကပက) | မြစ်ကြီးနား | မြစ်ကြီးနား |
| ၄ | မထွမ်းရှိန်ဘောမ်ယုံ | အထက(၂) | ဝိုင်းမော် | မြစ်ကြီးနား |
| ၅ | မောင်ထူးမြတ်စံ | အထက(၃) | မိုးညှင်း | မိုးညှင်း |
| ၆ | မမြတ်ဖြူစင် | ပညာဆီမီး(ကပက) | မိုးကောင်း | မိုးညှင်း |
| ၇ | မောင်နိုင်စိုးထွန်း | အောင်(ကပက) | ဗန်းမော် | ဗန်းမော် |
| ၈ | မသီရိထက်ထက် | အောင်(ကပက) | ဗန်းမော် | ဗန်းမော် |
| ၉ | မောင်ယုံငိုင်ပိုင်ရှင်းအောင် | အထက-နောင်မွန် | နောင်မွန် | ပူတာအို |
| ၁၀ | မအူဂျာအိန် | အထက-ဒုတ္တန် | ပူတာအို | ပူတာအို |
| ၁၁ | မောင်ဂျက်ကော့ဘိုးရယ် | အထက(၆) | လွိုင်ကော် | လွိုင်ကော် |
| ၁၂ | မလင်းလက်နေခြည် | အထက(၁) | လွိုင်ကော် | လွိုင်ကော် |
| ၁၃ | မောင်ငြိမ်းထက် | အထက-ဖားဆောင်း | ဖားဆောင်း | ဘောလခဲ |
| ၁၄ | နန်းထွေးထွေးအုန်း | အထက-ဘောလခဲ | ဘောလခဲ | ဘောလခဲ |
| ၁၅ | စောထက်ခေါင်ဦး | အထက-ရွှေဂွန်း | လှိုင်းဘွဲ | ဘားအံ |
| ၁၆ | နန်းအေးမြမြရှင် | အထက(၂)ဘားအံ | ဘားအံ | ဘားအံ |
| ၁၇ | မောင်ခန့်ဇော်လင်း | အထက(၁)မြဝတီ | မြဝတီ | ကော့ကရိတ် |
| ၁၈ | နန်းစင်မြမြဖူး | အထက(၁)မြဝတီ | မြဝတီ | ကော့ကရိတ် |
| ၁၉ | မောင်ဘွေကုလ့်ကျုံး | အထက(၁)ဟားခါး | ဟားခါး | ဟားခါး |
| ၂၀ | မမေရီဗျက်သင်မောအီး | အထက(၃)ဟားခါး | ဟားခါး | ဟားခါး |
| ၂၁ | မောင်သိန်းမင်းဦး | အထက(၂)ဖလမ်း | ဖလမ်း | ဖလမ်း |
| ၂၂ | မဒါလ်းနဲမ်းလွန်း | အထက(ခွဲ)တီးတိန် | တီးတိန် | ဖလမ်း |
| ၂၃ | မောင်ဖွဲညီထက် | အထက(၁)မင်းတပ် | မင်းတပ် | မင်းတပ် |
| ၂၄ | မဒိန်ထဲန် | အထက(၁)မတူပီ | မတူပီ | မင်းတပ် |
| ၂၅ | မောင်ကျော်စောဟိန်း | အထက(၁)စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၂၆ | မစုမြတ်မိုး | အထက(ခွဲ)ရန်နိုင် | စစ်ကိုင်း | စစ်ကိုင်း |
| ၂၇ | မောင်ကောင်းပြည့်သုဏ် | TWS (ကပက) | ရွှေဘို | ရွှေဘို |
| ၂၈ | မောင်ပြည့်ဖြိုးဝေ | စံတော်ဝင် (ကပက) | ဝက်လက် | ရွှေဘို |
| ၂၉ | မမိုးသက်မှူး | စံတော်ဝင် (ကပက) | ဝက်လက် | ရွှေဘို |
| ၃၀ | မငြိမ်းမြတ်မွန် | မော်ကွန်းသစ် (ကပက) | ရေဦး | ရွှေဘို |
| ၃၁ | မောင်ခန့်ညီလွင် | TOP (ကပက) | မုံရွာ | မုံရွာ |
| ၃၂ | မမြမြမှူး | TOP (ကပက) | မုံရွာ | မုံရွာ |

*(ဆက်လက်ဖော်ပြပါမည်)*

## အခြေခံပညာဦးစီးဌာန၊ ၂၀၂၀ ပြည့်နှစ်၊ ဒသမတန်း လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁ | မောင်လော့ဝိုင်ဒယ်နီရယ်ဒေါင်ခေါင် | အထက(၃) | မြစ်ကြီးနား | မြစ်ကြီးနား |
| ၂ | မောင်စိုင်းသီဟအောင် | အထက(၂) | ဝိုင်းမော် | မြစ်ကြီးနား |
| ၃ | မသွန်းဝတီလမင်း | အထက(၃) | မြစ်ကြီးနား | မြစ်ကြီးနား |
| ၄ | မဝေါ်မလေး | အထက(၂) | ဝိုင်းမော် | မြစ်ကြီးနား |
| ၅ | မောင်ဝေလင်းအောင် | ပိုင်(ကပက) | မိုးကောင်း | မိုးညှင်း |
| ၆ | မမေရှယ်ရှယ်လင်း | စိုးဘရားသား(စ်)(ကပက) | မိုးညှင်း | မိုးညှင်း |
| ၇ | မောင်ဇော်အောင်ခမ်း | စံ(ကပက) | ဗန်းမော် | ဗန်းမော် |
| ၈ | မမြသက်ခင် | စံ(ကပက) | ဗန်းမော် | ဗန်းမော် |
| ၉ | မောင်ကျော်ရှင်းသန့် | အထက-ပူတာအို | ပူတာအို | ပူတာအို |
| ၁၀ | မမီးမီးနာ | အထက-ဒုတ္တန် | ပူတာအို | ပူတာအို |
| ၁၁ | မောင်ဖွန်ဇင်မင်းထက် | အထက(၂) | လွိုင်ကော် | လွိုင်ကော် |
| ၁၂ | မမေသဇင်ဖြိုး | အထက-ငွေတောင်(၂) | ဒီးမော့ဆို | လွိုင်ကော် |
| ၁၃ | မောင်သွင်ထူးနိုင် | အထက-ဖားဆောင်း | ဖားဆောင်း | ဘောလခဲ |
| ၁၄ | မနဒီဖြိုး | အထက-ဘောလခဲ | ဘောလခဲ | ဘောလခဲ |
| ၁၅ | စောညဏ်လင်းအောင် | အထက-လှာကာ | ဘားအံ | ဘားအံ |
| ၁၆ | နန်းမေမေဇင် | အထက(၁)ဘားအံ | ဘားအံ | ဘားအံ |
| ၁၇ | မောင်ညိမ်းခန့်ကျော် | အထက-ကြာအင်းဆိပ်ကြီး | ကြာအင်းဆိပ်ကြီး | ကော့ကရိတ် |
| ၁၈ | မရတနာမွန် | အထက-ကြာအင်းဆိပ်ကြီး | ကြာအင်းဆိပ်ကြီး | ကော့ကရိတ် |
| ၁၉ | မောင်မာစတာကျုံချင်းဆန် | အထက(၁)ဟားခါး | ဟားခါး | ဟားခါး |
| ၂၀ | မထာလျှေတီာလ် | အထက(၁)ဟားခါး | ဟားခါး | ဟားခါး |
| ၂၁ | မောင်ကမ်းရှန်းမွမ်းခိုင် | အထက(ခွဲ)တီးတိန် | တီးတိန် | ဖလမ်း |
| ၂၂ | မဒွေ့ါသဲ | အထက(၂)ဖလမ်း | ဖလမ်း | ဖလမ်း |
| ၂၃ | မောင်ဇော်ထိုက် | အထက(၁)မင်းတပ် | မင်းတပ် | မင်းတပ် |
| ၂၄ | မရွှေမနားချိုင် | အထက(၁)မင်းတပ် | မင်းတပ် | မင်းတပ် |
| ၂၅ | မောင်သန့်စင်ထွန်း | အထက(၃)စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၂၆ | မပြည့်ပြည့်ဖြိုးမွန် | အထက(၂)စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၂၇ | မောင်သီဟဇော် | စံတော်ဝင် (ကပက) | ဝက်လက် | ရွှေဘို |
| ၂၈ | မောင်ကျော်ပုညဟိန်း | ဖွဲသန် (ကပက) | ရေဦး | ရွှေဘို |
| ၂၉ | မယွန်းဟေသာခင် | စံတော်ဝင် (ကပက) | ဝက်လက် | ရွှေဘို |
| ၃၀ | မငွေဝန်းသော်တာ | အထက(၅) | ရွှေဘို | ရွှေဘို |
| ၃၁ | မောင်မင်းစည်သူခန့် | အထက-ဘုတလင် | ဘုတလင် | မုံရွာ |
| ၃၂ | မသဲသဲဝါ | မိုးဦးပန်း (ကပက) | မုံရွာ | မုံရွာ |

*(ဆက်လက်ဖော်ပြပါမည်)*

# မလေးရှားနိုင်ငံ၌ အမျိုးသားအကျိုးစီးပွားကို ဦးစားပေးမည့် ဘက်မလိုက်အစိုးရ တည်ထောင်မည်ဟု မဟာသီယာပြောကြား



**ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂၆**

မလေးရှားနိုင်ငံ၌ အမျိုးသားအကျိုးစီးပွားအတွက် ဘက်မလိုက်အစိုးရဖွဲ့စည်းရန် လုံလောက်သော ထောက်ခံမှု ရရှိပါက ၎င်းအနေဖြင့် ဝန်ကြီးချုပ်ရာထူးကို ပြန်လည်ထမ်းဆောင်သွားမည်ဟု မလေးရှားဝန်ကြီးချုပ် မဟာသီယာမိုဟာမက်က ပြောကြားခဲ့သည်။ မဟာသီယာက ပြည်သူများအား မိန့်ခွန်းပြောကြားရာတွင် မိမိနုတ်ထွက်သည့် နောက်ကွယ်တွင် အကြောင်းရင်းများစွာရှိကြောင်း၊ သို့သော် မိမိအနေဖြင့် အာဏာကို ထိန်းချုပ်ထားသည်ဟူသောစွပ်စွဲချက်ကို ငြင်းဆိုကြောင်း ပြောကြားသည်။ ကျွန်တော့်အနေနဲ့ ရာထူးနှင့် လုပ်ပိုင်ခွင့်အာဏာဆိုတာ တိုင်းပြည်ကောင်းဖို့ဆိုတဲ့ ရည်ရွယ်ချက်ကို ပြီးမြောက်အောင် ဆောင်ရွက်ပေးနိုင်တဲ့အရာများသာ ဖြစ်ပါသည်ဟု ပြောကြားလိုကြောင်း ရုပ်မြင်သံကြားမိန့်ခွန်းတွင် ပြောကြားသည်။

၎င်းရာထူးမှနုတ်ထွက်ရန် ကတိပေးခြင်းအားဖြင့် အောက်လွှတ်တော်အား ဝန်ကြီးချုပ်အသစ်တစ်ဦး ရွေးချယ်ရန် အခွင့်အရေးပေးခဲ့ခြင်းဖြစ်ကြောင်း ဆိုသည်။ ဒါပေမယ့် အခုအချိန်မှာ ကျွန်တော့်ကို ပြည်သူလူထုက ဆက်လက်ထောက်ခံနေသေးတယ်ဆိုရင် ဝန်ကြီးချုပ်ရာထူးမှာ ဆက်လက်တာဝန်ယူနေဦးမှာဖြစ်ပြီး အခြားတစ်ယောက်ကို ပါလီမန်က ရွေးချယ်တင်မြှောက်မယ်ဆိုရင်လည်း လက်ခံသွားမှာပါဟု မဟာသီယာက ပြောကြားသည်။ မည်သည့်ပါတီအဖွဲ့အစည်းကိုမှ ဦးစားမပေးဘဲ ပြည်သူ့အကျိုးကို ရှေးရှုဆောင်ရွက်တဲ့အစိုးရကို ကျွန်တော်ဖွဲ့စည်းသွားမှာပါဟု မဟာသီယာက ပြောသည်။ ၂၀၁၈ခုနှစ် မေလတွင် ကျင်းပသော ရွေးကောက်ပွဲတွင် မဟာသီယာ ဦးဆောင်သော ပက်ကတန်ဟာရာပန်ညွန့်ပေါင်းပါတီအနိုင်ရခဲ့သည်။ သို့သော် တနင်္လာနေ့က ပါတီစုံပါဝင်သော ညွန့်ပေါင်းပါတီဖွဲ့စည်းသည်ဟူသော ကောလာဟလ ထွက်ပေါ်လာပြီးနောက် မဟာသီယာက ရာထူးမှချက်ချင်းနုတ်ထွက်ခဲ့သည်။ မလေးရှားဘုရင် ဆူတန်အဗ္ဗဒူလာဆူတန်အာမက်ရှက်က မဟာသီယာ၏ နုတ်ထွက်စာကို လက်ခံခဲ့သော်လည်း မဟာသီယာအား ခေတ္တဝန်ကြီးချုပ်အဖြစ် ပြန်လည်ခန့်အပ်ခဲ့သည်။ **ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသည့် တရုတ်အမျိုးသားတစ်ဦးနှင့် ၎င်း၏ဇနီးအား သတင်းအမှားပေးမှုဖြင့် စင်ကာပူ တရားစွဲ

**စင်ကာပူ ဖေဖော်ဝါရီ ၂၆**

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသည့် တရုတ်အမျိုးသားတစ်ဦးနှင့် ၎င်း၏ ဇနီးတို့ကို ၎င်းတို့ထံမှ အခြားသူများသို့ ဗိုင်းရပ်စ်ပိုးကူးစက်ပျံ့နှံ့ခဲ့ခြင်း ရှိ၊ မရှိ စုံစမ်းစစ်ဆေးသည့် ကျန်းမာရေးအရာရှိများကို သတင်းအမှားပေးမှုကြောင့် စင်ကာပူနိုင်ငံက တရားစွဲခဲ့ကြောင်း တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၆ ရက်တွင် ပြောကြားသည်။

ပြီးခဲ့သည့် ဒီဇင်ဘာလက တရုတ်နိုင်ငံ ဝူဟန်မြို့တွင် ကိုရိုနာဗိုင်းရပ်စ် စတင်ပေါ်ပေါက်ချိန်မှစ၍ စင်ကာပူနိုင်ငံတွင် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၁၀၀ နီးပါးရှိသည်ဟု မှတ်တမ်းတင်ထားသည်။

မူလက ဝူဟန်မြို့ဇာတိဖြစ်သူ ဟူဂျန်ဆိုသူသည် စင်ကာပူနိုင်ငံသို့ ဇန်နဝါရီ ၂၂ ရက်တွင် ရောက်ရှိခဲ့ပြီး နောက်ပိုင်းတွင် ဗိုင်းရပ်စ်ပိုးကြောင့် ဖျားနာသည်ဟု စမ်းသပ်တွေ့ရှိခဲ့ရသည်။ အသက် ၃၈ နှစ်အရွယ် အဆိုပါ အမျိုးသားသည် ဖျားနာရာမှ သက်သာလာပြီးနောက် ဆေးရုံမှ ဆင်းခဲ့သည်။

၎င်း၏ဇနီး စင်ကာပူနိုင်ငံသူကို သီးသန့် ခွဲ၍နေထိုင်ရန် အမိန့်ထုတ်ပြန်ခဲ့သည်။ ၎င်းဇနီးမောင်နှံသည် ၎င်းတို့ထံမှ အခြားသူများသို့ ရောဂါကူးစက်မှု ရှိ၊ မရှိ စုံစမ်းစစ်ဆေးသည့် ကျန်းမာရေးအရာရှိများကို ၎င်းတို့ သွားလာမှုများနှင့် သွားလာခဲ့သည့်နေရာများနှင့်ပတ်သက်၍ သတင်းအမှားများပေးခဲ့သည်ဟု စင်ကာပူကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

၎င်းတို့ကို တရားစွဲထားကြောင်း၊ အကြောင်းရင်းမှာ ၎င်းတို့၏ လုပ်ရပ်ကြောင့် ဖြစ်ပေါ်နိုင်သည့် စိုးရိမ်ဖွယ်ရာအန္တရာယ်သည် ပြည်သူလူထု၏ကျန်းမာရေးကို ခြိမ်းခြောက်ခဲ့ကြောင်း ဝန်ကြီးဌာနက ပြောသည်။ ပြစ်မှုထင်ရှားကြောင်း စီရင်ခြင်းခံရပါက အဆိုပါ ဇနီးမောင်နှံသည် ထောင်ဒဏ်ခြောက်လနှင့် အမေရိကန်ဒေါ်လာ ၇၁၅၀ အထိ ငွေဒဏ် ချမှတ်ခြင်း ခံရမည်ဖြစ်သည်။

**ကိုးကား – အေအက်ဖ်ပီ၊ ဘာသာပြန် – အောင်ဇော်လင်း**

# ဆိုဗီယက်ယူနီယံခေတ်၏ နောက်ဆုံးဗိုလ်ချုပ်ကြီး ဒီမီထရီယာဇော့ဗ် ကွယ်လွန်

**မော်စကို ဖေဖော်ဝါရီ ၂၆**

ဆိုဗီယက်ပြည်ထောင်စု (ယူအက်စ်အက်စ်အာရ်)ပြိုကွဲခဲ့ရသည့် နိုင်ငံရေးမတည်ငြိမ်မှုတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့ပြီး ဆိုဗီယက်ပြည်ထောင်စု၏ နောက်ဆုံးအဆင့်မြင့်ဆုံး စစ်အရာရှိကြီးဖြစ်သည့် ဗိုလ်ချုပ်ကြီးဟောင်း ဒီမီထရီယာဇော့ဗ်သည် ဖေဖော်ဝါရီ ၂၅ ရက်က မြို့တော်မော်စကို၌ ကွယ်လွန်ခဲ့ကြောင်းနှင့် ကွယ်လွန်ချိန်တွင် အသက် ၉၅ နှစ်ရှိပြီဖြစ်ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။



ဗိုလ်ချုပ်ကြီး ဒီမီထရီယာဇော့ဗ်သည် ဆိုဗီယက်ပြည်ထောင်စု၏ အဆင့်အမြင့်ဆုံး စစ်ဘက်အရာရှိကြီးတစ်ဦးအနေဖြင့် ၁၉၉၁ ခုနှစ်တွင် ဆိုဗီယက်သမ္မတ ဂေါ်ဘာချော့ဗ်ထံမှ မအောင်မြင်သည့် အာဏာသိမ်းယူရန် ကြိုးပမ်းမှုတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သူဖြစ်ပြီး လစ်သူရေးနီးယားလွတ်လပ်ရေးကို လိုလားသူများ၏ ပုန်ကန်ထကြွမှုအား သွေးထွက်သံယိုမှုများရှိသည့် နှိမ်နင်းမှုများကိုလည်း ဦးဆောင်ခဲ့သူဖြစ်သည်။

ဗိုလ်ချုပ်ကြီးဟောင်း ဒီမီထရီယာဇော့ဗ်အား ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ကာကွယ်ရေးဝန်ကြီး ဆာဂီရှိအီဂူတို့က စစ်ဘက်ဆိုင်ရာ ဘွဲ့ထူးများ ချီးမြှင့်ခဲ့ပြီး ရုရှားနိုင်ငံတွင် လူအများ ကြည်ညိုလေးစားသည့် ပုဂ္ဂိုလ်တစ်ဦးအဖြစ်ရှိခဲ့သူဖြစ်သည်။

ဗိုလ်ချုပ်ကြီး ဒီမီထရီယာဇော့ဗ်သည် ဆိုဗီယက်ယူနီယံ၏ ကာကွယ်ရေးဝန်ကြီးအဖြစ် ၁၉၈၇ ခုနှစ်မှ ၁၉၉၁ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ၁၉၉၁ ခုနှစ် ဩဂုတ်လတွင် ဆိုဗီယက်သမ္မတ ဂေါ်ဘာချော့ဗ်အား ဆန့်ကျင်သည့် အာဏာသိမ်းရန် ကြိုးပမ်းမှုတွင် ၎င်းပါဝင်ခဲ့သည်။

**ကိုးကား–အေအက်ဖ်ပီ**
**ဘာသာပြန် – ဇော်ဝင်း**

# ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရန် ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံရရှိရေး သမ္မတဒေါ်နယ်ထရမ့် ကြိုးပမ်း

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၆**

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါပျံ့နှံ့မှု တိုက်ဖျက်ရာတွင် သုံးစွဲမည့် ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံ အတည်ပြုပေးရန် အစိုးရအဖွဲ့က ကွန်ဂရက်ထံ တောင်းခံခဲ့ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားသည်။

သမ္မတ ဒေါ်နယ်ထရမ့်က အဆိုပါမှတ်ချက်စကားကို အမေရိကန်ပြည်ထောင်စုသို့ မပြန်မီ ယမန်နေ့က အိန္ဒိယနိုင်ငံ၌ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ခု၌ ပြောကြားခဲ့ခြင်းဖြစ်သည်။ ဂျပန်နိုင်ငံမှပြန်လာသည့် အမေရိကန်နိုင်ငံသားအားလုံးကို အခြားသူများနှင့်ခွဲ၍ စောင့်ကြည့်နေကြောင်း၊ ကာကွယ်ဆေးတစ်မျိုး တီထွင်ထုတ်လုပ်ရန် အဆိုပြုထားသည့်ငွေကြေးကို ၎င်းက အတည်ပြုခဲ့ကြောင်း ဒေါ်နယ်ထရမ့်က ဆိုသည်။ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါနှင့်ပတ်သက်၍ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဆွေးနွေးခဲ့သည်ဟုလည်း ဒေါ်နယ်ထရမ့်က ဝန်ခံခဲ့သည်။

ဖြစ်နိုင်သမျှစော၍ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါပြဿနာဖြေရှင်းရန် တရုတ်နိုင်ငံနှင့် အနီးကပ်လက်တွဲဆောင်ရွက်နေကြောင်း ၎င်းက ပြောကြားသည်။ နိုဝင်ဘာလ သမ္မတရွေးကောက်ပွဲမတိုင်မီ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါကြောင့် အမေရိကန်စီးပွားရေးမထိခိုက်စေရန် ဒေါ်နယ်ထရမ့်က တားဆီးလိုပုံပေါ်သည်ဟု လေ့လာသူများက ဆိုသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – ကျော်ထိုက်စိုး**

# သမ္မတရာထူး အပ်နှင်းမည့်အခမ်းအနား အာဖဂန်နစ္စတန်နိုင်ငံ ရွှေ့ဆိုင်း

**ကဘူးလ် ဖေဖော်ဝါရီ ၂၆**

မကြာသေးမီက ပြန်လည်ရွေးကောက်ခံထားရသည့် အာဖဂန်နစ္စတန်သမ္မတ အက်ရှ်ရက်ဂါနီအား သမ္မတရာထူး အပ်နှင်းမည့်အခမ်းအနားကို ရွှေ့ဆိုင်းလိုက်ကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းတစ်ရပ်က ဖော်ပြထားသည်။

အဆိုပါ သမ္မတရာထူး အပ်နှင်းမည့်အခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက်တွင် ကျင်းပရန် မူလက စီစဉ်ထားခဲ့ကြောင်း အာဖဂန်မီဒီယာများက ပြောကြားသည်။ သမ္မတရာထူးအပ်နှင်းမည့် အခမ်းအနားကို ရွှေ့ဆိုင်းလိုက်ခြင်းမှာ ငြိမ်းချမ်းရေးအတွက် အမျိုးသားရေးမူဘောင်တစ်ရပ် အကောင်အထည်ဖော်ရန်နှင့် ဆက်နွယ်သည့်ကိစ္စရပ်များအား သဘောတူညီမှုရရှိရေး အာဖဂန်နစ္စတန်အစိုးရအား လုံလောက်သည့်အချိန်ပေးရန်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် မော်ဂန်အော်တာဂတ်စ်က ဖေဖော်ဝါရီ ၂၅ ရက်တွင် ပြောကြားခဲ့သည်။

စက်တင်ဘာလအတွင်းက ကျင်းပခဲ့သည့် သမ္မတရွေးကောက်ပွဲတွင် လက်ရှိသမ္မတ ဂါနီ အနိုင်ရရှိခဲ့ကြောင်း အာဖဂန်နစ္စတန်နိုင်ငံ၏ လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင်က ဖေဖော်ဝါရီ ၁၈ ရက်တွင် ကြေညာခဲ့သည်။

သို့ရာတွင် ဂါနီ၏ အဓိကပြိုင်ဘက်ဖြစ်သည့် အာဖဂန်နစ္စတန်နိုင်ငံအစိုးရအဖွဲ့၏ အမှုဆောင်အရာရှိချုပ် အဗ္ဗဒူလာကမူ အဆိုပါရွေးကောက်ပွဲရလဒ်ကို ငြင်းပယ်ခဲ့ပြီး ရွေးကောက်ပွဲမှာ အကွက်ဆင်မှုဖြစ်ကြောင်း ပြောကြားခဲ့သည်။ **ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အလင်းသစ်**

# အီရန်ကျန်းမာရေးဒုတိယဝန်ကြီး ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရ

**တီဟီရန် ဖေဖော်ဝါရီ ၂၆**

အီရန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်မှုနှုန်း မြင့်မားလျက်ရှိပြီး အီရန် ကျန်းမာရေးဒုတိယဝန်ကြီးတစ်ဦး ဗိုင်းရပ်စ်ကူးစက်ခြင်းခံထားရကြောင်း အီရန်ကျန်းမာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၅ ရက်တွင် ပြောကြားခဲ့သည်။

ကျန်းမာရေးဒုတိယဝန်ကြီး အီရက်ဂျ်ဟာရီချီသည် အီရန်နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ပတ်သက်ပြီး သတင်းစာရှင်းလင်းပွဲ ပြုလုပ်ပြီးနောက် တစ်ရက်အကြာတွင် ၎င်းထံ၌ ဗိုင်းရပ်စ်ပိုးကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိရခြင်းဖြစ်သည်။

သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်အတွင်း ကျန်းမာရေးဒုတိယဝန်ကြီး အီရက်ဂျ်ဟာရီချီသည် ချွေးစေးများ အလွန်အမင်းထွက်လာကာ တစ်ရှူးဖြင့် မကြာခဏသုတ်နေရသည်ကို တွေ့ရှိရသည်။ ဒုတိယဝန်ကြီး အီရက်ဂျ်ဟာရီချီသည် ဆရာဝန်တစ်ဦးဖြစ်ပြီး ဗိုင်းရပ်စ်ပိုးတိုက်ဖျက်ရန် စီစဉ်ဆောင်ရွက်မှုများကို ရှေ့တန်းမျက်နှာစာတွင် အားသွန်ခွန်စိုက် ကြိုးပမ်းနေသူတစ်ဦးလည်းဖြစ်သည်ဟု အီရန်မီဒီယာက ဆိုသည်။



အီရန်နိုင်ငံအတွင်း ဗိုင်းရပ်စ်ပိုး ထိန်းချုပ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရန် စီမံခန့်ခွဲမှုများကို အထူးကြပ်မတ်စွာ လုပ်ဆောင်လျက်ရှိသည်။

ရောဂါကူးစက်မှုများကို ထိန်းချုပ်ရန် ဘာသာရေးဆိုင်ရာပွဲတော်များ အပါအဝင် လူစုလူဝေးခြင်းကို ရှောင်ကြဉ်ကြရန် ပြည်သူများအား သမ္မတ ရိုဟာနီက တိုက်တွန်းပြောကြားခဲ့သည်။ ဖေဖော်ဝါရီ ၂၅ ရက် မှတ်တမ်းများအရ အီရန်နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်ခြင်းခံရသူ ၉၅ ဦးအနက် သေဆုံးသူ ၁၅ ဦးခန့်ရှိပြီး တရုတ်နိုင်ငံပြင်ပ ရောဂါတွေ့ရှိသောနိုင်ငံများအနက် သေဆုံးမှုအမြင့်မားဆုံး ဖြစ်လာခဲ့သည်။ ဖေဖော်ဝါရီ ၂၅ ရက်တွင် တရုတ်နိုင်ငံ ဟူပေပြည်နယ်၌ ဗိုင်းရပ်စ်ကူးစက်မှုကြောင့် ၅၂ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် တရုတ်နိုင်ငံအတွင်း စုစုပေါင်း သေဆုံးသူ အရေအတွက် ၂၇၁၅ အထိ မြင့်တက်လာခဲ့သည်။ ကူးစက်ခံရသူ ၄၀၆ ဦး ထပ်မံတွေ့ရှိရသည့်အတွက် ရောဂါကူးစက်ခြင်းခံထားရသူ စုစုပေါင်း ၇၈၀၆၄ ဦး ရှိလာပြီဖြစ်ကြောင်း သိရသည်။ **ကိုးကား–အင်န်အိတ်ချ်ကေ**
**ဘာသာပြန်–အောင်ကျော်ကျော်**

## မှုခင်း

# ကလော၊ ကျိုင်းတုံ၊ ပင်လောင်း၊ နမ့်စန်၊ ကွန်ဟိန်းမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ


စိုင်းမြင့်ဦး၊ စိုင်းလိတ်(ခ)အောင်မြ၊ စိုင်းခေး၊ ဦးအာဖွေတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၁ နာရီခွဲက ကလောမြို့နယ် ရေယားကျေးရွာအနီး ကလော-သာစည်သွားကားလမ်းတွင် ချမ်းမြေ့ကိုကို မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံး တို့ကိုလည်းကောင်း။

**ကျိုင်းတုံ၊ ပင်လောင်း**

အလားတူ ယင်းနေ့ ညနေ ၄ နာရီခွဲက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် မိုင်းလပ်ကျေးရွာအုပ်စု ပါဆံကျ(အားခေ)ကျေးရွာနေ ဟားဂါ၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၁၈၈ ပြားကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ညနေ ၄ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် စင်းတောင်းကျေးရွာအုပ်စု သစ်ပင်ကောက်ကျေးရွာအနီးတွင် မောင်မြမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရပ်တန့်ရှာဖွေရာ ၎င်း၏လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း။

**နမ့်စန်၊ ကွန်ဟိန်း၊ မိုင်းပျဉ်း**

အလားတူ ယင်းနေ့ညနေ ၅ နာရီက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်စန်မြို့နယ် ဝမ်ပုံကျေးရွာအုပ်စု ကျောင်းကုန်းကျေးရွာနေ မောင်ထွန်း၏ နေအိမ်အား ရှာဖွေရာ ၎င်းနှင့်အတူ စိန်မောင်၊ ကျော်နိုင်နှင့် မောင်ပန်းတို့အား တွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၅၉၀၀၊ ဘိန်းဖြူသုည ဒသမ ၃၂၃၅၈၆ ကီလိုတို့ကိုလည်းကောင်း။

အလားတူ ယင်းနေ့ညနေ ၅ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွန်ဟိန်းမြို့နယ် တာကော်တံတားပူးပေါင်း စစ်ဆေးရေးဂိတ်တွင် စိုင်းလိတ်(ခ)အောင်မြ မောင်းနှင်ပြီး စိုင်းမြင့်ဦး လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၊ မြန်မာငွေကျပ် ၅၀၀၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မိုင်းပျဉ်းမြို့နယ် ဟွေဟင်ခုနစ်မိုင်ရွာနေ အာဖွေ၏နေအိမ်ကိုရှာဖွေရာ ဘိန်းစိမ်း ၆ ဒသမ ၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၇၀ ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ကျောက်ပန်းတောင်းမြို့နယ်၌ ကျောင်းဆရာမကိုရိုက်နှက်ပြီး ရွှေထည်ပစ္စည်းနှင့် ငွေများလုယူသူနှစ်ဦးအား ဖမ်းမိ

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၈ နာရီ ၂၅ မိနစ်ခန့်က ကျောင်းဆရာမကို ရိုက်နှက်ပြီး ရွှေထည်ပစ္စည်းနှင့် ငွေများလုယူ၍ ထွက်ပြေးတိမ်းရှောင်နေသူနှစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၄ ရက် ညနေ ၃ နာရီ ၁၅ မိနစ်ခန့်က ကျောက်ပန်းတောင်းမြို့နယ် ဘင်ဂွကျေးရွာနေသူ ဒေါ်အေးအေးခိုင် မူလတန်းကျောင်းအုပ်သည် ၎င်းနှင့်တစ်ကျောင်းတည်း ဆရာမနှင့်အတူ နေအိမ်သို့ ပြန်ရန် ကျောက်ပန်းတောင်း-မိတ္ထီလာကားလမ်းတွင် ကားစောင့်နေစဉ် အမျိုးသားတစ်ဦး မောင်းနှင်၍ အမျိုးသမီးတစ်ဦးလိုက်ပါလာသော ယာဉ်ဖြင့် လမ်းကြုံလိုက်လာခဲ့ကြပြီး ဆရာမတစ်ဦးမှာ လမ်းတွင်ဆင်းနေခဲ့ကာ ဆက်လက်မောင်းနှင်လာရာ ယာဉ်မောင်းအမျိုးသားက ဒေါ်အေးအေးခိုင်အား ငါးချက်ခန့်ရိုက်သဖြင့် သတိမေ့နေခိုက် ဒေါ်အေးအေးခိုင်၏ ရွှေလော့ကတ်တစ်ခုပါဆွဲကြိုးတစ်ကုံး၊ ရွှေခြယ်နားကပ်တစ်ရန်၊ လက်စွပ်တစ်ကွင်း၊ ဖုန်းတစ်လုံး၊ ငွေကျပ် ၅၂၀၀၀၊ လက်ကိုင်အိတ်တစ်လုံး၊ ဆိုင်ကယ်ယာဉ်မောင်းလိုင်စင်တစ်ခုတို့ကိုလုယူခဲ့သည်။ ထို့နောက် ၎င်းအား ပျော်ဘွယ်မြို့နယ် သဖန်းချောင်းကျေးရွာအနီးကားလမ်းဘေးတွင် ချထားခဲ့သဖြင့် ပြစ်မှုကျူးလွန်သူနှစ်ဦးအား စုံစမ်းဖော်ထုတ်အရေးယူပေးရန် လက်ပံပျားနယ်မြေရဲစခန်းသို့ အမှုဖွင့်တိုင်တန်းခဲ့ကြောင်း သိရသည်။

အဆိုပါ ပြစ်မှုကျူးလွန်သူနှစ်ဦးအားအမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရမိရေးရှာဖွေစုံစမ်းခဲ့ရာ ဝေယံနိုင်(ခ)ကိုနိုင် မကွေးမြို့ ကံသာရပ်နေသူနှင့် မဖြူဖြူတိုး သပိတ်ကျင်းမြို့နယ် လိပ်ကျကျေးရွာနေသူတို့အား ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၈ နာရီ ၂၅ မိနစ်ခန့်တွင် မြင်းခြံမြို့ အမှတ်(၁၉) ရပ်ကွက်ရှိ အိမ်ဖြူတော်တည်းခိုခန်း၌ ၎င်းတို့အသုံးပြုသည့် ယာဉ်တစ်စီး၊ လုယူသွားသောသက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိသူနှစ်ဦးအား ကျောက်ပန်းတောင်းမြို့နယ် လက်ပံပျားနယ်မြေရဲစခန်းက ဆက်လက်စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# မင်းဘူးမြို့ မင်းဘူး-စကုလမ်း၌ ဆိုင်ကယ်နှင့် ခြောက်ဘီးယာဉ်တိုက်မိ

**မင်းဘူး ဖေဖော်ဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ မင်းဘူး-စကုကားလမ်း လျှပ်စစ်ခွဲရုံရှေ့၌ ယမန်နေ့ နံနက် ၁၀ နာရီခွဲက လူနှစ်ဦးစီးလာသောဆိုင်ကယ်နှင့် ခြောက်ဘီးယာဉ်တစ်စီးတို့ တိုက်မိရာ အမျိုးသားနှစ်ဦးဒဏ်ရာရရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မင်းဘူး-စကုကားလမ်းအတိုင်း ကျော်သီဟ ပွင့်ဖြူမြို့နယ် မင်းဇံရွာနေသူ မောင်းနှင်လာသော ခြောက်ဘီးယာဉ်နှင့် စီးပွားဘဏ်ဘက်အကွေ့တွင် သန်းလှိုင် အမှတ်(၁) မင်းဘူးနှင့် မျိုးဝင်း အုတ်ပုံကျေးရွာနေသူတို့မောင်းနှင်လာသော ဆိုင်ကယ်တို့ဝင်တိုက်ရာ သန်းလှိုင် အမှတ်(၁) မင်းဘူးနေသူနှင့် မျိုးဝင်း အုတ်ပုံကျေးရွာနေသူတို့မှာ ပြင်းထန်ဒဏ်ရာရရှိသဖြင့် မင်းဘူးဆေးရုံကြီး၌ ဆေးကုသမှုခံယူနေကြရပြီး ယာဉ်မောင်းကျော်သီဟအား မင်းဘူးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဇေယျာထက်(မင်းဘူး)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၆၆၃ စီး၊ သွင်းကုန် ၁၀၅၈ စီး၊ ရန်ကုန်-မြဝတီလမ်းကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်သွင်းကုန် ၁၉၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သောကုန်ပစ္စည်းများကို စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၅ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု ခန့် မှန်းတန်ဖိုးငွေကျပ် ၁၉ သန်းတန်ဖိုးရှိ လိုင်စင်မဲ့ Nissan AD VAN ယာဉ်တစ်စီးကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြို့နယ်အချို့တွင် တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၃ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ် သစ်တောဦးစီးဌာနများမှပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၂၃၀ ဒသမ ၈၄၆၄ တန်၊ သစ်မာ ၁၁၆ ဒသမ ၅၂၅၄ တန်၊ အခြား ၂၇၈ ဒသမ ၇၇၁၇ တန် စုစုပေါင်း ၆၂၆ ဒသမ ၁၄၃၅ တန်၊ ပြစ်မှုကျူးလွန်သူ ၆၄ ဦး၊ ယာဉ်/ယန္တရား ၄၅ စီး သိမ်းဆည်းရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း (နေပြည်တော်)**

**ဖောင်းပြင်**

စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ် အင်းတပေါင်း ကျေးရွာအနီးအတွင်းမှ တောတရားမဝင်သစ်ခွဲသားများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၃ ရက် ညနေပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ကိုနိုင် ဦးဆောင်သော သစ်တောဝန်ထမ်းများအဖွဲ့သည် သတင်းအရဖောင်းပြင်မြို့နယ် ချင်းတွင်းမြစ်အနောက်ဘက်ကမ်း အင်းတပေါင်းကျေးရွာအနီးတောအတွင်းမှ တရားမဝင်ကညင်ခွဲသားဆိုဒ်စုံ ၅၀၄ ချောင်း(၁၄ ဒသမ ၄၀၃၆ တန်)အား သိမ်းဆည်းရမိခဲ့ပြီး ဆက်စပ်ပတ်သက်သော ပြစ်မှုကျူးလွန်သူများအား စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့် အညီအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လူအောင်(ကသာ)**

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၂ ရက်အထိထွက်ရှိသော စာအုပ်စာရင်း

(ယမန်နေ့မှ အဆက်)

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၂၇။ | ခပ်စိမ်းစိမ်းနေပွဲမယ် | မောင်စိန်ဝင်း(ပုတီးကုန်း) | စိတ်ကူးသစ် | ၄၅၀၀ |
| ၂၈။ | ဂါထာခြောက်ဆယ်ပျို့ | ရှင်အုန်းညို | လူထုစာပေ | ၁၅၀၀ |
| ၂၉။ | လမ်းကွေ့တွေမှာ | မိုချော့ | ကိုလတ်စာပေ | ၂၁၀၀ |
| ၃၀။ | ၉၉ ၁၀၀ | မိုးဆတ် | ဝိုင်းမော်စာပေ | ၂၅၀၀ |
| ၃၁။ | အချစ်ဆု | စိုင်းဝင်းမြင့် | စိန်မိုးယံ | ၂၀၀၀ |
| ၃၂။ | ကမ္ဘာသစ်အကြမ်းဖက်မှုအန္တရာယ်နှင့် ဗဟုဝါဒ | ဒေါက်တာ ဦးသန်းထွန်း (ရွှေဘို) | မိုးကျော်သူ | ၁၅၀၀ |
| ၃၃။ | ပညာရေးစက်ရုပ်လူသားတွေရဲ့မနက်ဖြန် | လင်းထိုက် | မျိုးဆက်သစ် | ၂၀၀၀ |
| ၃၄။ | ၅၂၈သို့တမ်းတခြင်း | ကလောင်စုံ | ဆိပ်ကမ်းသာ | ၃၅၀၀ |
| ၃၅။ | သမားကိုင်ကြိုးချည်ကြိုးဖြည်ရှေ့နေပညာ | ဦးကျော်ဇေယျ | မယ်နှင့်မောင်စာပေ | ၄၀၀၀ |
| ၃၆။ | စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲနည်း | ခင်မောင်ညို(ဘောဂဗေဒ) | စိတ်ကူးချိုချို | ၁၃၀၀ |
| ၃၇။ | မဟူရာနှလုံးသား | ရဲမြလွင် | ကလောင်ပျံ | ၇၀၀၀ |
| ၃၈။ | စာရေးချင်သူများသို့ | ရွှေကူမေနှင်း | ကလောင်ပျံ | ၄၀၀၀ |
| ၃၉။ | မင်းတုန်းမင်းနှင့်သမိုင်းအမွေ | တိုက်စိုး | အမေ့ဥယျာဉ် | ၃၅၀၀ |
| ၄၀။ | ကမ္ဘာ့နိုင်ငံများအတွဲ(၁)ဥရောပတိုက်နိုင်ငံများ | ခိုင်မင်းဆက် | ပန်းဆွေမွှန် | ၃၅၀၀ |
| ၄၁။ | လွမ်းလောက်လို့လား | မောင်စိန်ဝင်း(ပုတီးကုန်း) | စိတ်ကူးသစ် | ၄၅၀၀ |
| ၄၂။ | နှစ်ပေါင်း ၁၀၀ စာ ၁၀၀ ရာပြည့် ရန်ကုန်တက္ကသိုလ် ဂုဏ်ပြုစာစုများ | ကလောင်စုံ | စိတ်ကူးချိုချို | ၁၀၀၀၀ |
| ၄၃။ | အပျင်းပြေသင်္ချာဉာဏ်စမ်းများ | ဒေါက်တာ ခင်မောင်ဝင်း (သင်္ချာ) | ဆိပ်ကမ်းသာ | ၃၀၀၀ |
| ၄၄။ | ရွှေဖြစ်သွားသောပေကြည်စ်များ | မင်းသန်းထိုက်(ဒေးဒရဲ) | ဇွန်ပွင့် | ၂၅၀၀ |
| ၄၅။ | ဒါနဝေစီစာပန်းချီ | ပန်းတနော်ခင်မောင်မြင့် | မျိုးဆက်သစ် | ၂၀၀၀ |
| ၄၆။ | ဘုရားလောင်းခေတ်ကချစ်သူများ | ကြည်ဖော်အေး | နှစ်ကာလများ | ၂၀၀၀ |
| ၄၇။ | ချင်းယဉ်ကျေးမှု Level (1) | ဆလိုင်းနော်စော် | သုဒ္ဓစာပေ | ၂၅၀၀ |
| ၄၈။ | တောလမ်းကလေး | ကြည်ဖော်အေး | နှစ်ကာလများ | ၂၀၀၀ |
| ၄၉။ | ပုဂ္ဂိုလ် (၁၃)ဦး | ဝင်းဦး(မြန်မာပြန်) | စိတ်ကူးချိုချို | ၃၀၀၀ |
| ၅၀။ | တုန်ခါနေသောစမ်းချောင်းကလေး | မင်းသက်ဇဉ် | မိုးလုံးမှိုင်းစာပေ | ၂၅၀၀ |
| ၅၁။ | ဆန်ဖို့ကြိုးစားရင်းစုန်ဖြစ်သွားသော မြစ်တစ်စင်း | ကိုကိုလင်း (အမေ့အိမ်) | Global Peace Group | ၂၇၀၀ |
| ၅၂။ | နှလုံးသားစုရပ်ဆုံမှတ်ကဗျာ | ကျော်မြတ်ခိုင် | ယဉ်မျိုးစာပေ | ၁၅၀၀ |
| ၅၃။ | မင်းသားလေးပြန်လာပြီ | ဝင်းငြိမ်း | ငါတို့စာပေ | ၂၅၀၀ |
| ၅၄။ | ရွာထဲမှာ | ခိုင်မျိုး | ဆိပ်ကမ်းသာ | ၂၀၀၀ |
| ၅၅။ | ဆန်ဒိုင်းမြို့မှာသက်သေတည် | ဝေယံလူဇင်(I.M.T) | စိတ်ကူးချိုချို | ၃၀၀၀ |

# လူမွဲခံယူခြင်းဆိုင်ရာဥပဒေ ပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

( င ) ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်သည် မှန်ကန်သည်ဟု ကိုယ်တိုင်သိရှိယုံကြည်ကြောင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက စိစစ်အတည်ပြုရမည်။

**မြီရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်းသို့ ကူးပြောင်းခြင်း**

၁၅၄။ ပုဒ်မ ၁၅၃ အရ မြီရှင်များအစည်းအဝေးကျင်းပခဲ့လျှင် ထိုအစည်းအဝေးသည် ပုဒ်မ ၁၅၆ အရ ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းပြုရန် ဆုံးဖြတ်ခဲ့သည့် မြီရှင်များအစည်းအဝေးဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ပုဒ်မ ၁၅၁ အရ ကြေညာချက်ကို မပြုလုပ်ဘိသကဲ့သို့ မှတ်ယူကာ ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်းမှ မြီရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်းသို့ ကူးပြောင်းသည်။

**အခန်း (၃)**

**မြီရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း**

**ဤအခန်းနှင့် သက်ဆိုင်ခြင်း**

၁၅၅။ ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် မြီရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်းနှင့် သက်ဆိုင်စေရမည်။ သို့ရာတွင် အောက်ပါအခြေအနေများ၌ ပုဒ်မ ၁၅၆ နှင့် ၁၅၇ တို့သည် သက်ဆိုင်ခြင်းမရှိစေရ-

(က) ပုဒ်မ ၁၅၄ အရ ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်းသည် မြီရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်းအဖြစ်သို့ ကူးပြောင်းသွားခြင်း၊

( ခ ) အပိုင်း (၅) သို့မဟုတ် အပိုင်း (၆) အရ ပြုလုပ်သော ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာမှ မြီရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်းသို့ ကူးပြောင်းသွားခြင်း။

**မြီရှင်များ၏ အစည်းအဝေး**

၁၅၆။ (က) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားသည့်ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းသည့်ကိစ္စတွင် ကုမ္ပဏီသည် အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(၁) ဆန္ဒအလျောက်ဖျက်သိမ်းကြောင်း ဆုံးဖြတ်ချက်ကို အဆိုပြုတင်ပြရန်ဖြစ်သည့် ကုမ္ပဏီအစည်းအဝေးအား ကျင်းပမည့်နေ့နှင့် တစ်ရက်တည်းတွင် မြီရှင်များအစည်းအဝေးခေါ်ယူခြင်း၊

(၂) မြီရှင်များအစည်းအဝေးကျင်းပမည့်ရက်မတိုင်မီ အလုပ်လုပ်ကိုင်ရက် ၅ ရက်ထက်မနည်းစေဘဲ မြီရှင်များထံ မြီရှင်များအစည်းအဝေးကျင်းပမည့် အကြောင်းကြားစာကိုပေးပို့ခြင်း၊

(၃) မြီရှင်များအစည်းအဝေးကျင်းပမည့် အကြောင်းကြားစာကို နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ပြန်ကြေညာခြင်း။

( ခ ) မြီရှင်များအစည်းအဝေးကျင်းပမည့် အကြောင်းကြားစာတွင် ကုမ္ပဏီ၏မြီရှင်များအမည်နှင့် လိပ်စာတို့ကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ရုံးခန်း၌ အခမဲ့ကြည့်ရှုစစ်ဆေးနိုင်ကြောင်း သို့မဟုတ် နည်းဥပဒေများတွင်ခွင့်ပြုထားသောနည်းလမ်းဖြင့် ကြည့်ရှုစစ်ဆေးနိုင်ကြောင်း ဖော်ပြပါရှိရမည်။

**ဒါရိုက်တာများက မြီရှင်များထံသို့ ကုမ္ပဏီ၏ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက် တင်ပြရန်တာဝန်**

၁၅၇။ (က) ကုမ္ပဏီ၏ ဒါရိုက်တာများသည် အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(၁) နည်းဥပဒေများတွင် သတ်မှတ်ဖော်ပြသည့်ပုံစံနှင့် ပါဝင်ရန်သတ်မှတ်ထားသည့် အကြောင်းအရာတို့ပါဝင်သော ကုမ္ပဏီ၏ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်ကို ရေးသားပြုစုခြင်း၊

(၂) အဆိုပါထုတ်ဖော်ကြေညာချက်ကို ပုဒ်မ ၁၅၆ အရ ကျင်းပသည့် မြီရှင်များအစည်းအဝေးတွင် တင်ပြခြင်း၊

(၃) ဒါရိုက်တာတစ်ဦးကို အစည်းအဝေးတွင် သဘာပတိအဖြစ် ခန့်အပ်ပြီးဆောင်ရွက်စေခြင်း။

( ခ ) အောက်ပါပျက်ကွက်မှုတစ်ခုခုရှိခဲ့သော ဒါရိုက်တာ သို့မဟုတ် ဒါရိုက်တာများအား မှတ်ပုံတင်အရာရှိသည် ကျပ်တစ်ဆယ့်နှစ်သိန်း ငါးသောင်းထက်မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်ရမည်-

(၁) ဒါရိုက်တာများသည် ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ပုဒ်မခွဲ (က) အား လိုက်နာရန် ပျက်ကွက်ခြင်း၊

(၂) မြီရှင်များအစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်ရန် ခန့်အပ်ခံရသည့် ဒါရိုက်တာသည် ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ပုဒ်မခွဲ (က) အား လိုက်နာရန် ပျက်ကွက်ခြင်း။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ခန့်အပ်ခြင်း**

၁၅၈။ (က) ကုမ္ပဏီ၏မြီရှင်များသည် ပုဒ်မ ၁၅၆ အရ ပြုလုပ်သော အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် အရာရှိများကို ကုမ္ပဏီ စာရင်းရှင်းလင်းဖျက်သိမ်းရေးကိစ္စရပ်များ ဆောင်ရွက်ရန်နှင့် ကုမ္ပဏီပိုင်ပစ္စည်းများကို ခွဲဝေရန်အလို့ငှာ ခန့်ထားနိုင်သည်။

( ခ ) ပုဒ်မခွဲ (က) တွင် ရည်ညွှန်းထားသည့် အစည်းအဝေးတွင် မြီရှင်များက စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိတစ်ဦးတစ်ယောက်ကိုမျှ ခန့်ထားခြင်းမရှိပါက ကုမ္ပဏီက စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ခန့်ထားနိုင်သည်။

( ဂ ) ထိုသို့ခန့်အပ်ခြင်းခံရသော စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ၎င်းအားခန့်အပ်ခြင်းကို သဘောတူညီကြောင်း စာဖြင့်ရေးသားတင်ပြရမည်။

**အခန်း(၄)**

**တရားရုံးမှ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

**တရားရုံးများ၏ စီရင်ပိုင်ခွင့်**

၁၅၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးနှင့် ခရိုင်တရားရုံးများသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားသော ကုမ္ပဏီကို ဖျက်သိမ်းရန် စီရင်ပိုင်ခွင့်ရှိသည်။

**အထက်တရားရုံးသို့ လျှောက်ထားခြင်း**

၁၆၀။ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း လုပ်ငန်းစဉ်အတွင်း ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာခဲ့လျှင် ယင်းလုပ်ငန်းစဉ်တွင် ပါဝင်သူအားလုံးကဖြစ်စေ သို့မဟုတ် ၎င်းတို့အနက်မှ တစ်ဦးကဖြစ်စေ အထက်တရားရုံးသို့ လျှောက်ထားနိုင်သည်။ တရားရုံးသည် တရားမျှတပြီး အကျိုးဖြစ်စေမည်ဟု ယုံကြည်ပါက သင့်လျော်သည်ဟု ထင်မြင်သည့် စည်းကမ်းချက်များသတ်မှတ်၍ လျှောက်ထားချက်တစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ လက်ခံနိုင်သည့်အပြင် အခြားသင့်သည်ထင်မြင်သည့်အမိန့် ချမှတ်နိုင်သည်။

**ဖျက်သိမ်းရန်လျှောက်ထားခြင်း၏ အခြေခံအကြောင်းအရင်းနှင့် အကျိုးသက်ရောက်မှုများ**

**တရားရုံးက ကုမ္ပဏီအားဖျက်သိမ်းနိုင်သည့်အခြေအနေများ**

၁၆၁။ (က) အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် တရားရုံးက ကုမ္ပဏီကို ဖျက်သိမ်းနိုင်သည်-

(၁) ကုမ္ပဏီ၏အထူးဆုံးဖြတ်ချက်ဖြင့် လျှောက်ထားလာခြင်း၊

(၂) ကုမ္ပဏီသည် ယင်း၏လုပ်ငန်းကို ဖွဲ့စည်းပြီးတစ်နှစ်အတွင်း မစတင်နိုင်ခြင်း သို့မဟုတ် ယင်း၏လုပ်ငန်းကို တစ်နှစ်လုံး ရပ်ဆိုင်းထားခြင်း၊

(၃) ကုမ္ပဏီသည် ကြွေးမြီမပေးဆပ်နိုင်ခြင်း၊

(၄) တရားရုံးက ထိုကုမ္ပဏီအား ဖျက်သိမ်းခြင်းသည် တရားမျှတသည်ဟု ထင်မြင်ခြင်း၊

(၅) အများပြည်သူအကျိုးငှာ ဖြစ်သည်ဟု တရားရုံးမှ ယုံကြည်လောက်သော အကြောင်းတရားများရှိခြင်း။

( ခ ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၅) ပါ အကြောင်းတရားတစ်ရပ်ရပ်မှာ အောက်ပါတို့ဖြစ်သည်-

(၁) ကုမ္ပဏီတွင် ဒါရိုက်တာများ မရှိခြင်း၊

(၂) ကုမ္ပဏီသည် ယင်း၏ မြီရှင်များ သို့မဟုတ် အခြားသူကို လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့်ဖြစ်စေ၊ အခြားသော လိမ်လည်လှည့်ဖြားလိုသည့် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခြင်း သို့မဟုတ် အခြား လုပ်ငန်းတစ်ရပ် သို့မဟုတ် တစ်ရပ်ထက်ပိုသော လုပ်ငန်းများအား ဆောင်ရွက်ခြင်း။

**ကြွေးမြီမပေးဆပ်နိုင်ဟု မှတ်ယူခြင်း**

၁၆၂။ (က) ကုမ္ပဏီသည် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် ကြွေးမြီမပေးဆပ်နိုင်ဟု မှတ်ယူရမည်-

(၁) ကုမ္ပဏီက နည်းဥပဒေများတွင် သတ်မှတ်ထားသည့် အနည်းဆုံးပမာဏထက်ပိုသည့် ကြွေးမြီကို မြီရှင်သို့ ပေးရန်ရှိပြီး နည်းဥပဒေများအရ သတ်မှတ်ထားသည့်ပုံစံဖြင့် ကြွေးမြီပေးဆပ်ရန် အကြောင်းကြားစာအား ကုမ္ပဏီအဖြစ် မှတ်ပုံတင်လိပ်စာရှိသည့်ရုံးသို့ ပေးပို့ဆင့်ဆို အတည်ပြုခဲ့ပြီး ယင်းအကြောင်းကြားစာအရ ကုမ္ပဏီကပေးရမည့် ငွေပမာဏကို ပေးဆပ်ရန် ၂၁ ရက်ကျော်လွန်ပြီးနောက်တွင် ထိုကြွေးမြီကိုပေးဆပ်ရန် သို့မဟုတ် တာဝန်ယူအာမခံရန် သို့မဟုတ် မြီရှင်၏ ကျိုးကြောင်းခိုင်လုံသည့် စိတ်ကျေနပ်မှုရရှိစေရန် ညှိနှိုင်းသဘောတူညီချက်မပေးဘဲ လျစ်လျူရှုခဲ့ခြင်း၊

(၂) တရားရုံးတစ်ရုံးမှ ကုမ္ပဏီ၏မြီရှင်ကို အသာပေး၍ ချမှတ်သည့် စီရင်ချက်၊ ဒီကရီ သို့မဟုတ် အမိန့်အရ အတည်ပြုဆောင်ရွက်ချက် သို့မဟုတ် အခြားဆောင်ရွက်ချက်အပေါ် မြီရှင်ကျေနပ်အောင် အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ဆောင်ရွက်ပေးခြင်းမရှိဟု မြီရှင်က တင်ပြလာခြင်း။

( ခ ) ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) ပါ ပြဋ္ဌာန်းချက်နှင့်စပ်လျဉ်းပြီး ဆန့်ကျင်ကွဲလွဲသည့် သက်သေခံအထောက်အထားတင်ပြနိုင်ခြင်းမရှိလျှင် အတည်ဖြစ်သည်ဟု မှတ်ယူနိုင်သည်။

**စာရင်းရှင်းလင်းဖျက်သိမ်းရန် လျှောက်လွှာတင်ခြင်း**

၁၆၃။ (က) ကြွေးမြီမပေးဆပ်နိုင်ခြင်းကြောင့် ကုမ္ပဏီဖျက်သိမ်းရန် တရားရုံးသို့ လျှောက်လွှာတင်သွင်းရာတွင် ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် ဒါရိုက်တာများကဖြစ်စေ၊ မြီရှင်ကဖြစ်စေ လျှောက်ထားရမည်။

ရှင်းလင်းချက်။ မြီရှင်ဆိုသောစကားရပ်တွင် မြီရှင်ဖြစ်နိုင်ဖွယ်ရှိသူနှင့် မြီရှင်ဖြစ်ရန်နီးကပ်သည့် အလားအလာရှိသူများလည်း ပါဝင်သည်။

( ခ ) ပုဒ်မ ၁၆၁ ပါ အခြေအနေများကြောင့် ကုမ္ပဏီအားဖျက်သိမ်းရန် လျှောက်ထားခွင့်ရှိသူများတွင် ပုဒ်မခွဲ (က) ပါ ပုဂ္ဂိုလ်များအပြင် ကြွေးမြီပေးဆပ်ရန် တာဝန်ရှိသူများနှင့် မှတ်ပုံတင်အရာရှိလည်း ပါဝင်သည်။

**လျှောက်ထားမှုအပေါ် ကြားနာရာတွင် တရားရုံး၏အခွင့်အာဏာ**

၁၆၄။ စာရင်းရှင်းလင်းဖျက်သိမ်းရန် လျှောက်ထားမှုကို ကြားနာပြီးနောက် တရားရုံးသည် အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းစေရန် အမိန့်ချမှတ်ပြီး စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ခန့်အပ်ခြင်း၊

( ခ ) လျှောက်ထားမှုကိုပလပ်ခြင်း၊

( ဂ ) ကြားနာမှုကိုကန့်သတ်ချက်ဖြင့်ဖြစ်စေ၊ ကန့်သတ်ချက်မပါဘဲဖြစ်စေ ရွှေ့ဆိုင်းခြင်း၊

(ဃ) ကြားဖြတ်အမိန့်ချမှတ်ခြင်း၊

( င ) အခြားသင့်သည်ထင်မြင်သည့်အမိန့်ချမှတ်ခြင်း။

သို့ရာတွင် တင်ရှိသောကြွေးမြီနှင့် ညီမျှသောပမာဏရှိသည့် သို့မဟုတ် ယင်းတန်ဖိုးထက်ပိုသည့် ကုမ္ပဏီပိုင်ပစ္စည်းများအား ပေါင်နှံထားသည် သို့မဟုတ် ကုမ္ပဏီ၌ ပိုင်ဆိုင်မှုပစ္စည်းလုံးဝမရှိဆိုသော အကြောင်းပြချက်သက်သက်မျှဖြင့် တရားရုံးသည် စာရင်းရှင်းလင်းဖျက်သိမ်းစေသည့် အမိန့်ချမှတ်ရန် ငြင်းဆိုခြင်းမပြုရ။

**ကုမ္ပဏီအပေါ် တရားစွဲဆိုခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုကို ဆိုင်းငံ့စေရန် သို့မဟုတ် တားမြစ်ကန့်သတ်စေရန် အခွင့်အာဏာ**

၁၆၅။ ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရန် လျှောက်လွှာတင်သွင်းခဲ့ပြီး ဖျက်သိမ်းရန် အမိန့်ချမှတ်ခြင်းမပြုမီ မည်သည့်အချိန်တွင်မဆို အခြားတရားရုံး သို့မဟုတ် အနုညာတခုံရုံးတွင် ကုမ္ပဏီနှင့်စပ်လျဉ်းသည့် အခြားတရားမမှုခင်းတစ်စုံတစ်ရာ ပြီးပြတ်ခြင်းမရှိသေးလျှင် ကုမ္ပဏီ သို့မဟုတ် မြီရှင် သို့မဟုတ် ကြွေးမြီဆပ်ရန် တာဝန်ရှိသူသည်-

(က) အဆိုပါတရားမမှုခင်းကို ဆိုင်းငံ့ပေးရန် အဆိုပါ တရားရုံး သို့မဟုတ် အနုညာတခုံရုံးသို့ လျှောက်ထားနိုင်သည် သို့မဟုတ်

( ခ ) အခြားသောအမှုတွင် ဆက်လက်အရေးယူဆောင်ရွက်ခြင်း အဆင့်ဆင့်ကို တားမြစ်ကန့်သတ်ပေးရန်အတွက် ကုမ္ပဏီဖျက်သိမ်းရန် စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးသို့ လျှောက်ထားနိုင်သည်။ ထို့ပြင် အဆိုပါလျှောက်လွှာကို လက်ခံရရှိသည့်တရားရုံး သို့မဟုတ် အနုညာတခုံရုံးသည် စစ်ဆေးစီရင်ဆောင်ရွက်မှုကို ဆိုင်းငံ့ခြင်း သို့မဟုတ် တားမြစ်ကန့်သတ်ခြင်း ပြုလုပ်နိုင်သည်။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ခန့်အပ်ခြင်း**

**ယာယီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ခန့်အပ်ခြင်းနှင့် ၎င်း၏အခွင့်အာဏာများ**

၁၆၆။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရန် လျှောက်ထားပြီးနောက် အမိန့်ချမှတ်ခြင်းမပြုမီ မည်သည့်အချိန်တွင်မဆို တရားရုံးသည် ယာယီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ခန့်အပ်နိုင်သည်။

( ခ ) တရားရုံးသည် ယာယီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ခန့်အပ်သည့်အခါ အောက်ပါတို့ကို သတ်မှတ်ပေးရမည်-

(၁) ထိုသူ၏ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် ကျင့်သုံးရမည့် အခွင့်အာဏာများ၊

(၂) ၎င်းအားပေးရမည့် အခကြေးငွေ။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ခန့်အပ်ခြင်း**

၁၆၇။ (က) တရားရုံးက ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းစေရန် အမိန့်ချမှတ်ပါက လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရမည်။

(ဆက်လက်ဖော်ပြပါမည်)

# ညောင်ရွှေ၌ တောင်ရိုးအမျိုးသားနေ့ကျင်းပ

**ညောင်ရွှေ ဖေဖော်ဝါရီ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် ကျားတွန်ကျေးရွာတွင် ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၁၀ နာရီက (၁၁)ကြိမ်မြောက် တောင်ရိုးအမျိုးသားနေ့ကျင်းပခဲ့သည်။

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ ယဉ်ကျေးမှု၊ ဘာသာစကား၊ စာပေအနုသုခုမအပါအဝင် မိမိတို့လူမျိုး၏သမိုင်းအစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း၊ တောင်ရိုးတိုင်းရင်းသားများအနေဖြင့် မိမိတို့လူမျိုး၏ ရိုးရာဓလေ့ထုံးတမ်းနှင့် သမိုင်းအမွေအနှစ်တို့ကို ထိန်းသိမ်းစောင့်ရှောက်ပြီး စည်းလုံးညီညွတ်မှုကိုပါ ဖော်ဆောင်ရာရောက်သည့် (၁၁)ကြိမ်မြောက် တောင်ရိုးအမျိုးသားနေ့နှင့် တောင်ရိုးတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုစုံညီပွဲတော်ကို ကျင်းပနိုင်ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူဖွယ်ဖြစ်ကြောင်း၊ မိမိတို့ရှမ်းပြည်နယ်ကြီး ငြိမ်းချမ်းသာယာဝပြောမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်မှု၊ တိုင်းရင်းသားညီအစ်ကိုများအကြား ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်ရရှိခံစားနိုင်ရန် ဆောင်ရွက်ရာတွင် ယနေ့တက်ရောက်လာကြသည့်တောင်ရိုးတိုင်းရင်းသားညီအစ်ကိုမောင်နှမများအပါအဝင် ရှမ်းပြည်နယ်သူ၊ ရှမ်းပြည်နယ်သားများအားလုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်မှုများ အထူးပင်အရေးကြီးလှကြောင်း ပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တောင်ရိုးစာပေယဉ်ကျေးမှုက ပြသထားသောပြခန်းများကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

အခမ်းအနားတွင် တောင်ရိုးစာပေနှင့် ယဉ်ကျေးမှုအကအဖွဲ့က ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**မောင်မောင်သန်း(တောင်ကြီး)**







# ပဲခူးမြို့၌ ဒုတိယအကြိမ် မြို့ပြနှင့်အိမ်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ပဲခူး ဖေဖော်ဝါရီ ၂၆**

ပဲခူးမြို့ ရှင်စောပုလမ်း ရှင်စောပုဝန်ထမ်းအိမ်ရာဝင်းအတွင်းရှိတိုင်းဒေသကြီးမြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီခွဲက မြို့ပြနှင့် အိမ်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးမြို့ပြဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းသိန်းက မြို့ပြနှင့် အိမ်ရာကဏ္ဍမှာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် တိုင်းဒေသကြီးတစ်ခုဖြစ်လာစေဖို့ သင်တန်းတက်ရောက်လာကြသည့် ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများအနေဖြင့် အလေးထားသင်ယူကြရန်နှင့် တက်ကြွစွာပါဝင်ဆွေးနွေးကြရန် အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြို့ပြနှင့် အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်က အမှာစကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ဘောဂဗေဒအသင်း ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ညို (စာရေးဆရာ၊ ဘောဂဗေဒပညာရှင်)က ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မြို့ပြနှင့်ပတ်သက်သည့် ကြုံတွေ့ရသော ပြဿနာတချို့ကိုလည်းကောင်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အကြံပေးပုဂ္ဂိုလ် ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးဝင်းမြင့်က မြို့ပြတစ်ခု၏ နိုင်ငံရေး၊ စီးပွားရေးနှင့် ပဲခူးတိုင်းဒေသကြီး၏ ဒုတိယမြို့ကြီးများ၏ အနာဂတ် ဖွံ့ဖြိုးတိုးတက်မှု အလားအလာများကိုလည်းကောင်း၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးမြင့်က မြို့ပြမူဝါဒနှင့် မြို့ပြ ဖွံ့ဖြိုးရေး မဟာဗျူဟာများအကြောင်းကိုလည်းကောင်း၊ ထားဝယ် SEZ စီမံခန့်ခွဲရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြင့်ဆန်း (စီးပွားရေးပညာလေ့လာသူ)က ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပဲခူးမြို့၏ အခန်းကဏ္ဍကိုလည်းကောင်း၊ မြို့ပြနှင့် အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန အကြံပေးပုဂ္ဂိုလ် မြို့ပြပညာရှင် ဦးသံမိုးက မြို့ပြစီမံကိန်းနှင့် မြို့ပြစီမံခန့်ခွဲမှု မိတ်ဆက်ခြင်း အကြောင်းကိုလည်းကောင်း၊ အကြံပေးပုဂ္ဂိုလ် ဦးမြင့်ဆွေ(အိမ်ရာပညာရှင်)က ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပဲခူး၏အခန်းကဏ္ဍကိုလည်းကောင်း၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဇော်အေးက မြို့ပြ၏ နိမ့်ကျသောအိမ်နေပျော်ဖွယ်ကောင်းသောမြို့(Smart City) ၏ အယူအဆများ အကြောင်းကိုလည်းကောင်း အသီးသီးဆွေးနွေးပို့ချကြကြောင်း သိရသည်။

အဆိုပါသင်တန်းအား မြို့ပြဖွံ့ဖြိုးရေးအတွက် မြို့ပြစီမံကိန်းရေးဆွဲရေး အခြေခံသဘောတရားနှင့် လုပ်ငန်းစဉ်များ၊ မြေအသုံးချမှုပုံစံများကို စနစ်တကျရေးဆွဲထားရန်လိုအပ်မှုနှင့် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးမှုမှာ အိမ်ရာကဏ္ဍအရေးပါမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာများကို ပိုမိုသဘောပေါက်စေရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသားသင်တန်းသူ ၇၀ တက်ရောက်ခဲ့ကြသည်။ **တင်စိုး(ပဲခူး)**

## တောင်သူလယ်သမားနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**ဆွမ်ပရာဘွမ် ဖေဖော်ဝါရီ ၂၆**

ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေးဦးစီးဌာန၏ လူထုအခြေပြုဗဟိုဌာနခန်းမ၌ တောင်သူလယ်သမားနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပသည်။

ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူ ၃၅ ဦးနှင့် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ကြကြောင်း သိရသည်။

**ကုဋ္ဌေ (ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီး လူထုဗဟိုပြုစီမံကိန်းအတွက် မြို့နယ်အသစ်ရွေးချယ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး လူထုဗဟိုပြုစီမံကိန်းအတွက် မြို့နယ်အသစ်ရွေးချယ်ရန် အကြံဉာဏ်ရယူခြင်း အစည်းအဝေးကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်မှုများကို နှိုင်းယှဉ်ကြည့်ပါက မြို့ပြများသည် ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး ကျေးလက်များသည် နောက်ကျကျန်ရစ်သော အခြေအနေများရှိကြောင်း၊ ထို့ကြောင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူထုကိုဗဟိုပြုပြီး ပြည်သူလူထုမှ မိမိဒေသအတွက် လိုအပ်သောလုပ်ငန်းများဆောင်ရွက်နိုင်ရန် အစိုးရတာဝန်ရှိသူများမှ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသော ပုံသဏ္ဌာန်မျိုးဖြစ်ရန် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မြို့နယ်များရွေးချယ်ရာတွင် ပြည်သူလူထုကြားတွင် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတိုင်ပင်ကာ အကြံဉာဏ်ရယူရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်းက လူထုဗဟိုပြုစီမံကိန်းနှင့်ပတ်သက်၍ မိတ်ဆက်စကားပြောကြားပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မီမီထွေးက စီမံကိန်းအကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသူများက စီမံကိန်းနှင့်ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းပြီး အုပ်စုငယ်များခွဲကာ သတ်မှတ်ချက်များအတိုင်း မြို့နယ်များကို ရွေးချယ်ခဲ့ရာ ခရမ်းမြို့နယ်ကို ပထမဦးစားပေးအဖြစ်လည်းကောင်း၊ သုံးခွမြို့နယ်ကို ဒုတိယဦးစားပေးအဖြစ်လည်းကောင်း ရွေးချယ်ခဲ့သည်။



လူထုဗဟိုပြုစီမံကိန်းသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထုကိုယ်တိုင် ရေးဆွဲအကောင်အထည်ဖော်ခြင်း၊ ကြီးကြပ်ကွပ်ကဲအကဲဖြတ်ခြင်းဖြင့် ရရှိလာသောဖွံ့ဖြိုးမှုအသီးအပွင့်များကို တိုက်ရိုက်အကျိုးခံစားခွင့်ရစေမည့် ဖွံ့ဖြိုးရေးချဉ်းကပ်မှုနည်းလမ်းဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း ထန်းတပင်၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ကျောက်တန်း မြို့နယ်တို့တွင် စီမံကိန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါမြို့နယ်များအတွင်း၌ ကျေးရွာအုပ်စုပေါင်း ၁၉၇ အုပ်စုရှိပြီး ကျေးရွာပေါင်း ၆၀၀ ခန့် ပါဝင်ကြောင်း၊ ယင်းကျေးရွာများ၌ လုပ်ငန်းပေါင်း ၂၅၀၃ ခု ခန့်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

လူထုဗဟိုပြုစီမံကိန်းကို မြန်မာနိုင်ငံတွင် ကမ္ဘာ့ဘဏ်၏ ကူညီထောက်ပံ့ငွေ အမေရိကန်ဒေါ်လာသန်း ၈၀ ဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ကမ္ဘာ့ဘဏ်နှင့် အီတလီမှ ထောက်ပံ့ငွေ၊ ချေးငွေများ၊ DFID ထောက်ပံ့ငွေနှင့် ပြည်ထောင်စုအစိုးရထည့်ဝင်ငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၅၄၉ သန်းဖြင့် မြို့နယ်ပေါင်း ၆၃ မြို့နယ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာမှ ရန်ပုံငွေပိုလျှံမှုနှင့် ထပ်မံရရှိလာမှုတို့ကြောင့် နေပြည်တော်ကောင်စီနယ်မြေနှင့် ကယားပြည်နယ်တို့မှလွဲ၍ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၃ ခု၌ တစ်မြို့နယ်စီ တိုးချဲ့အကောင်အထည်ဖော်ရန် ရွေးချယ်လျက်ရှိကြောင်း သိရသည်။

စီမံကိန်းတွင် လူထုသို့တိုက်ရိုက်ထောက်ပံ့ငွေ သတ်မှတ်မှုမှာ ကျေးရွာအုပ်စုလူဦးရေ အနည်းဆုံး ၁၅၀၀ အထိ (ကျေးရွာ ၅ ရွာအထိ) ငွေကျပ်၂၄ သန်း၊ (ကျေးရွာ ၆ မှ ၁၀ ရွာအထိ) ငွေကျပ် ၃၅ သန်းထောက်ပံ့ပေးပြီး ကျေးရွာအုပ်စုလူဦးရေအများဆုံး ၁၃၀၀၀ အထက် (ကျေးရွာ ၂၀ အထိ) ၁၆၅ သန်း၊ (ကျေးရွာ၂၁ ရွာနှင့်အထက်) သန်း ၂၂၀ ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။ **ကိုထက်**



# မန္တလေး၌ တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနကကြီးမှူး၍ ဒသမအကြိမ် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီက မန္တလေးမြို့ တိုင်းရင်းဆေးတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပသည်။

တိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင်က တိုင်းရင်းဆေးသုတေသန စာတမ်းဖတ်ပွဲနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး တိုင်းရင်းဆေးသုတေသနပိုစတာများကိုကြည့်ရှုရာ ပိုစတာစာတမ်းရှင်များက အသေးစိတ်ရှင်းလင်းပြောကြားသည်။

တိုင်းရင်းဆေးတက္ကသိုလ် မန္တလေး၌ကျင်းပသည့် ဒသမအကြိမ် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက်နှင့် ၂၇ ရက် နှစ်ရက်တာကျင်းပသွားမည်ဖြစ်ပြီး တိုင်းရင်းဆေးပညာရပ်ဆိုင်ရာသုတေသနစာတမ်းများနှင့် သိပ္ပံသုတေသနစာတမ်းများ စာတမ်း ၂၁စောင်၊ ပိုစတာစာတမ်း ငါးစောင်တို့ကို ဖတ်ကြားကြမည်ဖြစ်ကာ အကောင်းဆုံးစာတမ်းနှင့် ပိုစတာဆုတို့ကို ရွေးချယ်ပေးအပ်သွားမည်ဖြစ်သည်။

မြန်မာ့တိုင်းရင်းဆေးပညာရပ်များအား အတွေ့အကြုံအခြေပြု ဆေးပညာရပ်မှ နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီမည့် သက်သေအထောက်အထားပြုဆေးပညာအဖြစ်သို့ ပြောင်းလဲတိုးတက်လာစေရန်၊ ပြည်သူလူထု၏ အဓိက ကျန်းမာရေးပြဿနာများကို မြန်မာ့တိုင်းရင်းဆေးပညာ၊ တိုင်းရင်းဆေးဝါးများဖြင့် ထိရောက်စွာကုသနိုင်ရေးအတွက် တိုင်းရင်းဆေးကုထုံးသစ်နှင့် ဆေးဝါးသစ်များ ပေါ်ထွက်လာစေရန်၊ ပြည်သူလူထုအတွက် အကျိုးဖြစ်ထွန်းစေနိုင်မည့် အရည်အသွေးကောင်းမွန်၍ အသုံးချနိုင်သော တိုင်းရင်းဆေးသုတေသနလုပ်ငန်းများ ပေါ်ထွက်လာရေး အားပေးချီးမြှင့်ရန်၊ Research Culture တိုးတက်ဖွံ့ဖြိုးလာရေး တိုင်းရင်းဆေးသုတေသနလုပ်ငန်းများနှင့် သုတေသနစာတမ်းဖတ်ပွဲများ စဉ်ဆက်မပြတ်ပြုလုပ်နိုင်ရေး ဆောင်ရွက်သွားရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ထိပ်ထားနိုင်**

# မန္တလေးမြို့၌ကျင်းပမည့် မြန်မာ့သနပ်ခါးပွဲတော်တွင် ပုဂံခေတ်ရိုးရာ ယဉ်ကျေးမှုအခင်းအကျင်းများဖြင့် ထည့်သွင်းကျင်းပမည်

**မန္တလေး ဖေဖော်ဝါရီ ၂၆**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေရှိ ကျောက်တော်ကြီးဘုရား၌ မြန်မာနိုင်ငံ သနပ်ခါးအသင်းက တတိယအကြိမ်မြောက် ကျင်းပမည့် မြန်မာ့သနပ်ခါးပွဲတော်တွင် ပုဂံခေတ်ရိုးရာယဉ်ကျေးမှု အခင်းအကျင်း အပြင်အဆင်များဖြင့် ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသနပ်ခါးအသင်းဥက္ကဋ္ဌ ဦးကျော်မိုးက ပြောကြားသည်။

"ဒီနှစ်ကျင်းပမယ့် သနပ်ခါးပွဲတော်မှာ မနှစ်ကနဲ့မတူတဲ့ ထူးခြားချက်အနေနဲ့ကတော့ မုခ်ဦးအဝင်မှာကတည်းက ပုဂံခေတ်ယဉ်ကျေးမှုရိုးရာဓလေ့ကို ပေါ်လွင်စေမယ့် အခင်းအကျင်းတွေကို ပြင်ဆင်ပြသသွားမှာဖြစ်ပါတယ်၊ ပုဂံခေတ်ရိုးရာဓလေ့ အသုံးအဆောင်ပစ္စည်းတွေကိုလည်း ချိတ်ဆွဲပြသထားမှာဖြစ်တယ်၊ ပြပွဲမှာ သနပ်ခါးစိုက်ပျိုးသူတွေနဲ့ သနပ်ခါးမှ အလှကုန်တွေ ထုတ်လုပ်တဲ့ လုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံချိတ်ဆက်ပေးမယ်၊ သနပ်ခါး ဈေးကွက်ပိုမို ကျယ်ပြန့်လာအောင် အခုလိုပွဲတော်တွေ နှစ်စဉ်ကျင်းပပေးတာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

အဆိုပါပွဲတော်ကို မတ် ၂၇ ရက် မှ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကာ သနပ်ခါးနှင့် သနပ်ခါးထုတ်ကုန်ပစ္စည်းအမျိုးမျိုးရောင်းချမည့် ဆိုင်ခန်းပေါင်း ၅၀ ကျော်နှင့်အတူ သနပ်ခါးအလှမယ်ပြိုင်ပွဲ၊ သနပ်ခါးလိမ်းခြယ်ပြိုင်ပွဲ၊ ဂိမ်းပြိုင်ပွဲများအပြင် ဧည့်ခံဖျော်ဖြေမှုအစီအစဉ်များဖြင့် ကျင်းပသွားမည်ဖြစ်သည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**



ယမန်နှစ်က မန္တလေး၌ သနပ်ခါးပွဲတော် ကျင်းပစဉ်။



# တနင်္သာရီကမ်းရိုးတန်းရှိ ကမ်းဝေးငါးဖမ်းရေယာဉ်များ မြိတ်မြို့ ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးစင်တာမှ စစ်ဆေးဆောင်ရွက်

**မြိတ် ဖေဖော်ဝါရီ ၂၆**

တနင်္သာရီတိုင်းဒေသကြီး မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်းရှိ ငါးဖမ်းကွက်များအတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေကြသော ကမ်းဝေးငါးဖမ်းရေယာဉ်များကို တနင်္သာရီတိုင်းဒေသကြီး ငါးဖမ်းရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးစင်တာ မြိတ်မြို့မှ အခြေပြုပြီး ထိန်းချုပ်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

တနင်္သာရီတိုင်းဒေသကြီး၌ ကမ်းဝေးငါးဖမ်းရေယာဉ် ၁၄၁၄ စင်းနှင့် ကမ်းဝေးငါးသယ်ရေယာဉ် ၁၁၆ စင်းကို ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးကိရိယာ ( VMS – Vessel Monitoring Syetem) တပ်ဆင်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ VMS တပ်ဆင်ပြီး စစ်ဆေးရေးစင်တာမှ စစ်ဆေးအရေးယူခြင်းမရှိသေးသော်လည်း သတိပေးခံရသော ရေယာဉ်အချို့ရှိကြောင်း၊ ပုံမှန်အားဖြင့် စစ်ဆေးအရေးယူသော ငါးဖမ်းလှေတချို့ရှိကြောင်း တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

“ကမ်းဝေးငါးဖမ်းရေယာဉ်တွေ အားလုံးဟာ ဥပဒေအရခွင့်ပြုထားတဲ့ ငါးလုပ်ငန်းရေပြင်မှာ ဖမ်းဆီးနေတာလား၊ ဥပဒေဖောက်ဖျက်ကျူးလွန်နေတာလားဆိုတာကို စစ်ဆေးရေးစင်တာမှနေ၍ ထိန်းချုပ်နိုင်မှာဖြစ်ပါတယ်။ ဥပဒေနှင့် အညီခွင့်ပြုထားတဲ့ လမ်းကြောင်းအတိုင်း ဥပဒေနှင့်အညီ ဖွဲ့စည်းထားတဲ့ စစ်ဆေးရေးမီးပွိုင့်တွေမှာ ဝင်ရောက်စစ်ဆေးခံပြီးတော့ သတ်မှတ်တဲ့ ဆိပ်ကမ်းကို ထွက်ခွာသွားခြင်းရှိ၊ မရှိ စနစ်တကျ စစ်ဆေးနိုင်မှာ ဖြစ်ပါတယ်။ ဒီလိုစစ်ဆေးခြင်းအားဖြင့် တရားမဝင် ငါးဖမ်းဆီးမှု၊ တရားမဝင်ငါးသယ်ယူပို့ဆောင်မှုတွေကို ကာကွယ်ထိန်းသိမ်းနိုင်မှာဖြစ်ပါတယ်” ဟု တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသံချောင်းက ပြောသည်။

တနင်္သာရီကမ်းရိုးတန်းသည် မြန်မာနိုင်ငံတောင်ဘက်ခြမ်းတွင်တည်ရှိပြီး မြန်မာနိုင်ငံ၏ ကမ်းရိုးတန်း သုံးခုအနက် အရှည်ဆုံးကမ်းရိုးတန်းတစ်ခုဖြစ်၍ ကမ်းရိုးတန်းမိုင်၂၀၀ (1200)km ရှည်လျားသည်။ ကမ်းရိုးတန်းရေပြင်တွင် ကမ်းဝေးငါးဖမ်းလုပ်ငန်းလုပ်ကိုင်နေသည့်ကမ်းဝေးငါးဖမ်းရေယာဉ်နှင့် ငါးသယ်ရေယာဉ် ၁၅၃၀ ရှိကာ ကမ်းဝေးရေလုပ်သား ၄၇၀၀၀ ကျော်ရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

**နိုင်ထူး (ပြန်/ဆက်)**

# မြင်းခြံမြို့၌ မဟာသင်္ကြန်ကာလအတွင်း စည်ကားသိုက်မြိုက် ပျော်ရွှင်အေးချမ်းစွာ ရေကစားနိုင်ရေးစည်းဝေး

**မြင်းခြံ ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် မဟာသင်္ကြန်ကာလအတွင်း မြင်းခြံမြို့တွင် စည်ကားသိုက်မြိုက် ပျော်ရွှင်အေးချမ်းစွာ ရေကစားနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၁၀ နာရီက ကျင်းပသည် ။

မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်လှိုင်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်အေးတို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးထိုက်က ဘဏ္ဍာငွေရှာဖွေရေးနှင့် မြင်းခြံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က လုပ်ငန်းများအတွက် စီစဉ်ထားမှုများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**



မွန်ပြည်နယ် သထုံမြို့ မြေနီကုန်းကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း၌ ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီက သထုံ အမှတ် (၇၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံးမှ တပ်ဖွဲ့စုမှူး ရဲအုပ်မင်းသူနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၈၈ ဦးတို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောစဉ်။

လှိုင်ထွန်းအောင်(သထုံ)

# အနောက်တိုင်းခရီးသွားဈေးကွက်ချဲ့ထွင်နိုင်ရန် ဥရောပနိုင်ငံတချို့အား ဆိုက်ရောက်ဗီဇာဖြင့် ဝင်ရောက်ခွင့်ပြုနိုင်ရေးစီစဉ်



**မန္တလေး ဖေဖော်ဝါရီ ၂၆**

COVID-19 ပိုင်းရပ်စ်ရောဂါဂယက်ကြောင့် ယခုနှစ်တွင် မြန်မာနိုင်ငံသို့ အရှေ့တိုင်းခရီးသွားဝင်ရောက်မှု ကျဆင်းလာနိုင်သဖြင့် အနောက်တိုင်းခရီးသွားဈေးကွက် ပိုမိုချဲ့ထွင်ရန် အလားအလာရှိသော ဥရောပနိုင်ငံတချို့အား ဆိုက်ရောက်ဗီဇာ (Visa on Arrival) စနစ်ဖြင့် ဝင်ရောက်ခွင့်ပြုနိုင်ရေးအတွက် ညှိနှိုင်းစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလာညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

''ကျွန်တော်တို့ရဲ့ ခရီးသွားလုပ်ငန်းကို အရေအတွက်ထက် နိုင်ငံနဲ့ပြည်သူအတွက် တိုက်ရိုက်ဆက်စပ်ပြီး အမှန်တကယ်အကျိုးပြုစေမယ့် အရည်အသွေးကို ဦးစားပေးတဲ့ ခရီးသွားလုပ်ငန်းအဖြစ် ဆောင်ရွက်ဖို့အတွက်လည်း ခရီးသွားကဏ္ဍမှာ ပါဝင်ပတ်သက်သူအားလုံးနဲ့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်'' ဟု မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယုက ပြောသည်။

ထို့ပြင် ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာစေရန် ကြိုတင်ပြင်ဆင်မှုများအဖြစ် အခြေခံအဆောက်အဦများ ပြုပြင်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် သင်တန်းများပေးခြင်း၊ ကမ္ဘာ့ခရီးသွားဈေးကွက်တွင် Myanmar is Safe to Travel အဖြစ် သိရှိနိုင်စေရန် Digital marketing စနစ်ဖြင့် ကြိုးစားဆောင်ရွက်ခြင်းများကို ခရီးသွားကဏ္ဍတွင် ပါဝင်ပတ်သက်သူအားလုံးနှင့် ပူးပေါင်း၍ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

''၁၂ လရာသီပွဲတော်တွေ Sport Tourism တွေနဲ့ ဆွဲဆောင်မှုတွေပြုလုပ်မယ့်အပြင် ခရီးသွားအမျိုးအစားစုံလင်စွာဖော်ထုတ်နိုင်ရေးအတွက်လည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ် '' ဟု ၎င်းက ဆက်လက်ပြောပြသည်။

လက်ရှိနှစ်ဆန်းပိုင်းကာလတွင် မြန်မာနိုင်ငံအတွင်း သို့ ရေးဟောင်းကားများ၊ ဆိုင်ကယ်များ၊ စက်ဘီးများဖြင့် နိုင်ငံတကာခရီးသွားများ ဝင်ရောက်လည်ပတ်လျက်ရှိရာ မန္တလေးမြို့ရှိ ထင်ရှားသည့် ရှေးဟောင်းဒေသများဖြစ်သော အင်းဝဒေသ၊ တောင်သမန်အင်းနှင့် ဦးပိန်တံတားတို့တွင်လည်း နိုင်ငံတကာခရီးသွားများ ဝင်ရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)၊**

**ဓာတ်ပုံ-အောင်ဖြိုးကျော်**

■

# စံပြငါးဈေးကြီး၌ အခမဲ့ တီဘီရောဂါရှာဖွေကုသ

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ရန်ကုန်မြို့၏ အထင်ကရငါးဈေးကြီးဖြစ်သည့် ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးကြီး၌ ဈေးသူဈေးသားများ တီဘီရောဂါကင်းဝေးစေရေးအတွက် ဆရာဝန်ကြီးများနှင့် သူနာပြုဆရာများက ဖေဖော်ဝါရီ ၂၃ ရက်မှ၂၇ ရက်အထိ တီဘီရောဂါ ရှိ-မရှိစစ်ဆေးပြီး အခမဲ့ကုသပေးလျက်ရှိသည်။



အဆိုပါ အခမဲ့တီဘီရှာဖွေကုသပေးရေးအစီအစဉ်ကို မြန်မာနိုင်ငံတီဘီအသင်းအတွင်းရေးမှူး ဒေါက်တာခင်မျိုးမြင့်၊ ဒေါက်တာသန်းသန်းဌွေးနှင့် ကြည့်မြင်တိုင်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာခင်မောင်လွင်နှင့် ဆရာဝန်များ၊ သူနာပြုဆရာမများက ဈေးသူ ဈေးသားများ၊ မိသားစုများ၊ ကာယညာဏလုပ်သားကြီးများအား တီဘီရောဂါရှိ-မရှိ စစ်ဆေးပေးပြီး ရောဂါရှိပါက ဆေးသောက်ကုသနိုင်ရန် စီစဉ်ပေးခြင်းကို ပြုလုပ်ပေးသည်။

ကမ္ဘာပေါ်တွင် တီဘီရောဂါကြောင့် တစ်မိနစ်လျှင် လူသုံးဦးသေဆုံးလျက်ရှိကြောင်း၊ တီဘီရောဂါသည် စိုးရိမ်စရာကောင်းပြီး ကုသခြင်းမပြုလျှင် အသက်ဆုံးရှုံးနိုင်ကြောင်း၊ ထို့ပြင် မိမိမှတစ်ဆင့် အခြားသူများ၊ မိသားစုများအား ကူးစက်နိုင်သည့်အတွက် စစ်ဆေးကုသမှုခံယူရန် အထူးပင်လိုအပ်ကြောင်း သိရသည်။

**မြင့်မောင်**



**ပုဇွန်တောင်မြို့နယ် အမှတ်(၁) ရပ်ကွက် (၅၂) လမ်း အမှတ် ၁၀၆/၃ လှိုင်ကားစက်ပြင် သင်တန်းကျောင်းတွင် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မင်းဗိုလ်ဦးက ဖေဖော်ဝါရီ ၂၁ ရက်တွင် သင်တန်းသားများအား မူခင်း အသိပညာပေးဟောပြောစဉ်။**

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

## သတင်းလမ်းညွှန်

### ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းလောင်းလှူပွဲ ကျင်းပမည်

ပြင်ဦးလွင်မြို့ ကန်ဦးကျောင်းတိုက်အတွင်း၌ သုခဝါဒူရွှေကြာရံ (ရန်ပြေမာန်ပြေ) ဆုတောင်းပြည့်စေတီတော်ကြီး၏ (၂၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် သံဃိတဒါနဆွမ်းလောင်းလှူပွဲကို မတ် ၁ ရက် နံနက် ၈ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မြတ်ဆုမွန်**

### သမိုင်းဝင် အညာသီဟတောဘုရား ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ရောဝတီမြစ်အတွင်း၌ တည်ရှိသော သမိုင်းဝင် အညာသီဟတောဘုရား ဗုဒ္ဓပူဇနီယပွဲတော်ကို မတ် ၃ ရက်မှ ၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **စိုးဝေအောင်(ခင်ဦး)**

### စက်တော်ရာဘုရား ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

ဆင်ဖြူကျွန်းမြို့ မဟာပါဒင်္ကချောင်းထဲစက်တော်ရာ(ခြေတော်ရာ) ဘုရား ဗုဒ္ဓပူဇနီယပွဲတော်ကို မတ် ၁ ရက်မှ ၃၁ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ဘုရားပွဲတော်ကျင်းပရေးဂေါပကအဖွဲ့ထံမှသိရသည်။

**စိုးမိုးသူ(စလင်း)**

### ပခုက္ကူ၌ အခြေခံအားကစားသင်တန်းများ ဖွင့်လှစ်မည်

ပခုက္ကူခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ပူးပေါင်း၍ အားကစားသင်တန်း ၁၂ မျိုးကို မတ် ၁၁ ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် ပခုက္ကူခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာနရုံး ဖုန်း (၀၆၂-၂၃၄၈၆၊ ၀၉-၄၂၀၀၁၅၇၂၉) သို့ ကြိုတင်ဆက်သွယ်စာရင်းပေးပို့နိုင်ကြောင်းနှင့် သင်တန်းကြေးအခမဲ့ဖြစ်ကြောင်းသိရသည်။ **ကိုဇော်(ခတု)**

### ပဥ္စမအကြိမ်မြောက် တစ်ကိုယ်တော်ပန်းချီပြပွဲကျင်းပမည်

ပန်းချီဆရာတင်ဌေးအောင်၏ ပဥ္စမအကြိမ်မြောက် တစ်ကိုယ်တော်ပန်းချီပြပွဲကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၂၄ လမ်းနှင့် လမ်း ၈၀ ထောင့်ရှိ ယဉ်ကျေးမှုပြတိုက် ပန်းချီပြခန်းတွင် ဖေဖော်ဝါရီ ၂၉ ရက်မှ မတ် ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### ကဗျာမဆန်သော ကဗျာပွဲတော်ကျင်းပမည်

ဒုတိယအကြိမ် ကဗျာမဆန်သောကဗျာပွဲတော်ကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၆၂ လမ်းရှိ မနော်ရမ္မဥယျာဉ်၌ ဖေဖော်ဝါရီ ၂၉ ရက် ညနေ ၅ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းဇော်မင်း**

### ကွန်ပျူတာဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပမည်

ရန်ကုန်ကွန်ပျူတာတက္ကသိုလ်ကကြီးမှူးကျင်းပသည့် The 18th international Conference on Computer Applications ၏ သုတေသနစာတမ်းဖတ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် နိုဗိုတယ်ဟိုတယ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### ပညာသင်ထောက်ပံ့ငွေပေးအပ်မည်

မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း( ဗဟို) မှ မြန်မာနိုင်ငံအတွင်းရှိ ပညာထူးချွန်ပြီး ပညာသင်ကြားရန်ခက်ခဲသော ကျောင်းသား ကျောင်းသူများအား သတ္တမအကြိမ် ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၉ ရက် ညနေ၅ နာရီတွင် သုဝဏ္ဏဘောလုံးကွင်းအတွင်းရှိ Myanmar Sports Hotel ၌ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**ကိုကြေးမုံ**

### မြန်မာအပြည်ပြည်ဆိုင်ရာလယ်ယာသုံးစက်ကိရိယာပြပွဲကျင်းပမည်

တောင်သူလယ်သမားများကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းက ကြီးမှူး၍ မြန်မာအပြည်ပြည်ဆိုင်ရာ လယ်ယာသုံးစက်ကိရိယာပြပွဲ ၂၀၂၀ ကို ဖေဖော်ဝါရီ ၂၉ ရက်မှ မတ် ၂ ရက်အထိ သာကေတမြို့နယ် မင်းနန္ဒလမ်း Fortune Plaza ရှိ Myanmar Expo Hall ၌ ကျင်းပမည်ဖြစ်သည်။

တောင်သူလယ်သမားများကို ဂုဏ်ပြုကျင်းပသော နိုင်ငံတကာအဆင့်ပြပွဲတွင် ပြည်တွင်းပြည်ပမှ ကုမ္ပဏီများ၊ အဖွဲ့အစည်းများမှ ကမ္ဘာ့အဆင့်မီနည်းပညာများနှင့် မျိုးစေ့၊ ထွန်တယ်ကိရိယာ၊ မြေဩဇာစသည့် သွင်းအားစုများကို ခင်းကျင်းပြသမည်ဖြစ်သည်။ ပြပွဲတွင် တရုတ်၊ ကိုရီးယား၊ ဂျပန်၊ ထိုင်း တို့ပါဝင်သည့် ပြည်တွင်းပြည်ပ ကုမ္ပဏီ ၅၈ ခုတို့က ပြခန်းပေါင်း ၁၅၀ ဖြင့် ခင်းကျင်းပြသမည်ဖြစ်သည်။

ပြပွဲတွင် စိုက်ပျိုးရေးနည်းပညာများကို ပညာရှင်များက ဆွေးနွေးဟောပြောမည်ဖြစ်ပြီး ပဥ္စမအကြိမ် လယ်တောသူအလှမယ်ပြိုင်ပွဲနှင့် မြန်မာသံစဉ်ကျေးလက်တေးသီချင်းဆိုပြိုင်ပွဲတို့ကိုလည်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အောင်သူရ**

# ရုရှားတင်းနစ်မယ် မာရီယာရှာရာပိုဗာ တင်းနစ်မယ်ဘဝမှ အနားယူပြီ

အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲမှာ ဂရန်းဆလမ်းချန်ပီယံ ငါးကြိမ် ဆွတ်ခူးခဲ့တဲ့ ရုရှားတင်းနစ်မယ် မာရီယာရှာရာပိုဗာဟာ အသက် ၃၂ နှစ်အရွယ်မှာ တင်းနစ်မယ်ဘဝမှ အနားယူလိုက်ပြီဖြစ်ပါတယ်။

ရုရှားတင်းနစ်မယ် ရှာရာပိုဗာဟာ သူ့ရဲ့အသက် ၁၇ နှစ်အရွယ် ဖြစ်တဲ့ ၂၀၀၄ ခုနှစ်မှာ ပထမဆုံးသော ဂရန်းဆလမ်းချန်ပီယံဆုဖြစ်တဲ့ ဝင်ဘယ်ဒန်တင်းနစ်ချန်ပီယံဆုကို ရယူဆွတ်ခူးခဲ့တာ ဖြစ်ပါတယ်။ အဲဒီပြိုင်ပွဲမှာ အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံကို အသက် ၁၇ နှစ်အရွယ်နဲ့ အနိုင်ရရှိပြီး ချန်ပီယံဖြစ်ခဲ့တာကြောင့် ဝင်ဘယ်ဒန်တင်းနစ်ချန်ပီယံဆုဖလားကို ရယူနိုင်ခဲ့တဲ့ တတိယအသက်အငယ်ဆုံး တင်းနစ် မယ်အဖြစ် မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

ရှာရာပိုဗာဟာ ၂၀၀၅ ခုနှစ်မှာတော့ တင်းနစ်မယ်ဘဝမှာ ကမ္ဘာ့အဆင့် ပထမရရှိခဲ့တဲ့ ပထမဆုံးရုရှားတင်းနစ်မယ်လည်း ဖြစ်လာခဲ့ပါတယ်။ ရှာရာပိုဗာဟာ ၂၀၀၆ ခုနှစ်မှာ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသမီးတစ်ဦးချင်း ချန်ပီယံဖြစ်ခဲ့ပြီး ၂၀၀၇ ခုနှစ်မှာ ပခုံးဒဏ်ရာရရှိခဲ့တာကြောင့် ၅ွဲစေးကွင်း ပြိုင်ပွဲအများစုကို လွဲချော်ခဲ့ရပါတယ်။

ဒါပေမယ့် ၂၀၀၈ ခုနှစ်အစပိုင်းမှာ ဒဏ်ရာကနေ ပြန်လည်သက်သာလာခဲ့ပြီး အဲဒီနှစ်ထဲမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ အမျိုးသမီးတစ်ဦးချင်း ချန်ပီယံဖြစ်ခဲ့တာဖြစ်ပါတယ်။ တင်းနစ်မယ်ရှာရာပိုဗာအနေနဲ့ ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာတော့ ၂၀၁၂ ခုနှစ်နဲ့ ၂၀၁၄ ခုနှစ်တို့မှာ အမျိုးသမီးတစ်ဦးချင်း ဂရန်းဆလမ်း ချန်ပီယံဆုတို့ကို ရယူနိုင်ခဲ့တာဖြစ်ပါတယ်။

ရှာရာပိုဗာဟာ ၂၀၁၈ ခုနှစ် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲမှာ ကွာတားဖိုင်နယ်အဆင့်အထိ တက်လှမ်းနိုင်ခဲ့တဲ့အပြင် ၂၀၁၉ ခုနှစ် ဩစတြေးလျအိုးပင်းတင်းနစ် ပြိုင်ပွဲမှာလည်း ၁၆ ဦးအဆင့်သို့ တက်လှမ်းနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဒဏ်ရာပြဿနာကြောင့် ပြင်သစ်အိုးပင်းမှာ ကွာတားဖိုင်နယ်အဆင့်နဲ့ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ၁၆ ဦးအဆင့်တို့နဲ့သာ ကျေနပ်ခဲ့ရတာဖြစ်ပြီး လက်ရှိမှာတော့ တင်းနစ်မယ်ဘဝကနေ အနားယူခဲ့တာ ဖြစ်ပါတယ်။



# တိုက်စစ်မှူး ဟာဇက် ရာသီကုန်အထိ အနားယူရဖွယ်ရှိနေ

ရီးယဲလ်မက်ဒရစ်အသင်းတိုက်စစ်မှူး အေဒင်ဟာဇက်ဟာ ဒဏ်ရာပြဿနာကြောင့် အခုနှစ်ဘောလုံးရာသီကုန်အထိ အနားယူရဖွယ်ရှိနေတယ်လို့ ရီးယဲလ်မက်ဒရစ်အသင်း နည်းပြ ဇီဒန်းက ပြောကြားလိုက်ပါတယ်။

အသက် ၂၉ နှစ်အရွယ်ရှိ တိုက်စစ်မှူးဟာဇက်ဟာ ဇွန်လအတွင်းက ချယ်လ်ဆီးအသင်းကနေ ရီးယဲလ်မက်ဒရစ် အသင်းဆီ ပြောင်းရွှေ့ကြေး ပေါင် ၈၉ သန်းနဲ့ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းက လီဗန်တေး အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့တဲ့ စပိန်လာလီဂါပွဲစဉ်မှာ ခြေချင်းဝတ်ဒဏ်ရာ ရရှိခဲ့တာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ ချန်ပီယံလိဂ် ၁၆ သင်း အဆင့်ပထမအကျော့ပွဲစဉ်အဖြစ် မန်စီးတီးအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်မှာလည်း တိုက်စစ်မှူးဟာဇက် ပါဝင်နိုင်ခဲ့ခြင်းမရှိဘဲ အခုနှစ် ဘောလုံးရာသီမှာ တိုက်စစ်မှူး ဟာဇက်အနေနဲ့ ပြိုင်ပွဲအရပ်ရပ်မှာ ၁၅ ပွဲသာ ပွဲထွက်ကစား နိုင်ခဲ့ပြီး သွင်းဂိုးတစ်ဂိုးသာ သွင်းယူပေးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

တိုက်စစ်မှူးဟာဇက်ဟာ ချယ်လ်ဆီးအသင်းမှာ ခုနစ်နှစ်ကြာ ဖြတ်သန်းခဲ့ချိန်ကတော့ ပရီမီယာလိဂ်ဖလား နှစ်ကြိမ်၊ ယူရိုပါလိဂ်ဖလား နှစ်ကြိမ်နဲ့ လိဂ်ဖလားတစ်ကြိမ် တို့ကို ရယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒါပေမယ့် ရီးယဲလ်မက်ဒရစ်အသင်းဆီ ပြောင်းရွှေ့လာချိန်မှာတော့ စပိန်လာလီဂါဘောလုံးရာသီ မစတင်မီမှာပဲ ပေါင်ဒဏ်ရာရရှိခဲ့တာဖြစ်လို့ စက်တင်ဘာလအထိ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ တိုက်စစ်မှူး ဟာဇက် ပွဲထွက်မကစားနိုင်ခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူးဟာဇက်ဟာ ဘယ်လ်ဂျီယံအသင်းကို ဖီဖာကမ္ဘာ့အဆင့် သတ်မှတ်ချက်မှာ ထိပ်ဆုံးရောက်အောင် ကူညီပေးခဲ့တဲ့ ကစားသမားတွေအနက် တစ်ဦးအပါအဝင် ဖြစ်ပြီး ဘယ်လ်ဂျီယံအသင်းဟာ ဇွန် ၁၂ ရက်မှာ စတင်မယ့် ယူရို ၂၀၂၀ ပြိုင်ပွဲမှာလည်း ချန်ပီယံဖြစ်ဖို့ ရေပန်းစား နေတာဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

**❐ ရှမ်းယူနိုက်တက်အသင်းမှ**

ပွဲအစ သုံးမိနစ်မှာပင် မာကာဆာအသင်းအတွက် အဖွင့်ဂိုး ရခဲ့ပြီး ဂျီယန်ကာလိုက ခေါင်းတိုက်သွင်းယူခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပွဲအစ သုံးမိနစ်မှာပင် မထင်မှတ်ဘဲ ဂိုးပေးလိုက်ရသောကြောင့် ပိုမိုရုန်းကန်ခဲ့ရပြီး ချေပဂိုး ပြန်ရရန် ကြိုးပမ်းလာသော်လည်း မာကာဆာ နောက်တန်းကို မကျော်နိုင်၍ အဝေးကန်ချက်များဖြင့်သာ ဂိုးရရန် ကြိုးပမ်းခဲ့ရသည်။ ၅၃ မိနစ်တွင် မာကာဆာအသင်း ဒုတိယ ဂိုးရခဲ့ပြီး ဆာယူရီက သွင်းယူခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ၇၉ မိနစ်တွင် ထက်ဖြိုးဝေ၏ အဝေးကန်ချက်ဖြင့် ချေပဂိုးပြန်ရသော်လည်း လက်ကျန်မိနစ်များတွင် ဂိုးထပ်ရရန် စွမ်းဆောင်နိုင်ခြင်းမရှိဘဲ နာကျင်အချိန်ပိုတွင် ဂိုးထပ်ပေးခဲ့ရသည်။ မာကာဆာအသင်းအတွက် တတိယဂိုးကို ၉၀+၅ မိနစ်တွင် ဆီနာဂါက သွင်းယူခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် AFC Cup ပြိုင်ပွဲတွင် ၁၃ ပွဲမြောက် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် နှစ်ပွဲကစား နှစ်ပွဲစလုံး အရှုံးနိမ့်ထားပြီး တတိယပွဲအဖြစ် စင်ကာပူကလပ် တမ်ပနိစ်ရိုဗာအသင်းနှင့် အဝေးကွင်းကစားရမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**


**❖ ဂျပန်-အာဆီယံ ယူ-၁၉ မှ**

မြန်မာအသင်းအတွက် ပြည့်ဖြိုးခိုင်က ၄၀၊ ၅၅၊ ၈၃ မိနစ်တွင် ဟက်ထရစ်သွင်းယူပြီး ကျန်အနိုင်ဂိုးများကို လွင်ဇော်မောင်က ၂၊ ၂၁ မိနစ်တွင် နှစ်ဂိုး၊ ၁၈ မိနစ်တွင် ရန်နိုင်လင်းနှင့် ၇၈ မိနစ်တွင် ညီညီတို့က တစ်ဂိုးစီသွင်းယူခဲ့သည်။ ပြိုင်ပွဲစည်းမျဉ်းအရ ယင်းပြိုင်ပွဲတွင် ပါဝင်ကစားဖူးသူများ ကစားခွင့်မရှိရာ မြန်မာ ယူ-၁၉ အသင်းအနေဖြင့် ပြိုင်ပွဲသွားရောက်ခါနီးမှ ကစားသမားများ အပြောင်းအလဲပြုလုပ်ခဲ့ရသော်လည်း ရလဒ်ကောင်းရအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် အုပ်စု (ခ) ၌ ပါဝင်နေပြီး အခြားပွဲတွင် တီမောအသင်းက ကမ္ဘောဒီးယားအသင်းကို ခုနစ်ဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် အုပ်စု ဒုတိယပွဲအဖြစ် ဖေဖော်ဝါရီ ၂၇ ရက် မြန်မာစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် တီမောအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် ဩဂုတ်လတွင် ကစားရမည့် ၂၀၂၀ အာဆီယံ ယူ-၁၉ ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

**ရှိုင်းထက်ဇော်**

## အနုပညာ



# ဩစတြေးလျတောမီးအတွက် ရန်ပုံငွေဖျော်ဖြေပွဲတွင် မိုင်လီဆိုင်းရပ်စ် ပါဝင်ဖျော်ဖြေမည်

အမေရိကန်ပေါ့ပ်ကြယ်ပွင့် မိုင်လီဆိုင်းရပ်စ်ဟာ ဩစတြေးလျမှာဖြစ်ပွားခဲ့တဲ့ တောမီးအတွက် ရန်ပုံငွေအဖြစ် ပြုလုပ်သွားမယ့်ဖျော်ဖြေပွဲမှာ ပါဝင်ဖျော်ဖြေသွားမှာဖြစ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လာမယ့် မတ် ၁၃ ရက်မှာ မဲလ်ဘုန်းမှာ ပြုလုပ်သွားမယ့် တစ်ညတာ တေးဂီတဖျော်ဖြေပွဲမှာ မိုင်လီဆိုင်းရပ်စ်ဟာ အခြားသော တေးသံရှင်တစ်ဦးဖြစ်သူ လေးနက်စ်အက်စ်နဲ့အတူ ဖျော်ဖြေသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

ဩစတြေးလျတောမီးရန်ပုံငွေ ဖျော်ဖြေပွဲမှာ သူပါဝင်ဖျော်ဖြေမှာဖြစ်ကြောင်း မိုင်လီဆိုင်းရပ်စ်က သူ့ရဲ့ တွစ်တာစာမျက်နှာပေါ်ကနေတစ်ဆင့် ပရိသတ်တွေကို အသိပေးခဲ့တာပါ။ အဆိုပါ ဖျော်ဖြေပွဲဟာ ၂၀၁၃ ခုနှစ်နောက်ပိုင်း ဩစတြေးလျမှာ ပထမဆုံးအကြိမ် ဖျော်ဖြေမယ့် မိုင်လီဆိုင်းရပ်စ်ရဲ့ ဖျော်ဖြေပွဲလည်း ဖြစ်ပါတယ်။ ဖျော်ဖြေပွဲအတွက် စိတ်လှုပ်ရှားနေမိကြောင်းလည်း မိုင်လီဆိုင်းရပ်စ်က တစ်ပါတည်း ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

မိုင်လီဆိုင်းရပ်စ်နဲ့အတူ ဖျော်ဖြေသွားမယ့် တေးသံရှင် လေးနက်စ်အက်စ်ဟာ မိုင်လီရဲ့ ဖခင်ဖြစ်သူ ကမ္ဘာကျော်တေးသံရှင် ဘီလီရေးဆိုင်းရပ်စ်နဲ့ တေးအယ်လ်ဘမ် တွဲဖက်သီဆိုခဲ့သူ တေးသံရှင်တစ်ဦးလည်း ဖြစ်ပါတယ်။ အဆိုပါ ဩစတြေးလျ တောမီးရန်ပုံငွေ ဖျော်ဖြေပွဲ လက်မှတ်ရောင်းရငွေတွေကို တောမီးကြောင့် ထိခိုက်ခံစားခဲ့ရသူတွေနဲ့ အဖွဲ့အစည်းတွေအတွက် ပြန်လည်ထူထောင်ရေး ရန်ပုံငွေအဖြစ်လည်း အသုံးပြုသွားမှာဖြစ်ပြီး သစ်ပင်ပြန်လည်စိုက်ပျိုးခြင်း၊ တောရိုင်းတိရစ္ဆာန်စောင့်ရှောက်ခြင်းစတဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းတွေအတွက်လည်း အသုံးပြုသွားမှာဖြစ်တယ်လို့ သိရပါတယ်။

# ကိုရိုနာဗိုင်းရပ်စ်ကြောင့် Mission: Impossible ရုပ်ရှင်သစ် ရိုက်ကူးရေးရပ်နား

လတ်တလော အီတလီမှာ Mission: Impossible ဇာတ်လမ်းတွဲရုပ်ရှင်တွေရဲ့ ရုပ်ရှင်သစ်ကို ရိုက်ကူးနေရာက ယင်းနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် ရိုက်ကူးရေးလုပ်ငန်းတွေကို ရပ်နားခဲ့ရကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဟောလိဝုဒ်မင်းသား တွမ်ခရုးစ်အဓိကဇာတ်ဆောင်အဖြစ် ပါဝင်ထားတဲ့ အဆိုပါ ဇာတ်လမ်းတွဲရုပ်ရှင်တွေရဲ့ ခုနစ်ကားမြောက်ရုပ်ရှင်ကို အီတလီမှာ ရိုက်ကူးလျက်ရှိပါတယ်။ ပြီးခဲ့တဲ့ တနင်္လာနေ့က အဆိုပါရုပ်ရှင်ကို ထုတ်လုပ်တဲ့ ပါရာမောင့် ရုပ်ရှင်ထုတ်လုပ်ရေးက အီတလီက ရိုက်ကူးရေးလုပ်ငန်းတွေကို ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် ရပ်နားခဲ့ရကြောင်း ပြောကြားခဲ့တာ ဖြစ်တယ်လို့ သိရပါတယ်။

Mission: Impossible 7 ကို အီတလီမှာ သီတင်းပတ်သုံးပတ်ကြာ ရိုက်ကူးသွားဖို့ရာ စီစဉ်ထားခဲ့တာ ဖြစ်ပါတယ်။ ရုပ်ရှင်သစ်ရဲ့ ပထမဆုံး ရိုက်ကူးရေးအဖြစ် ဇာတ်ဝင်ခန်းတွေကို ဗင်းနစ်မြို့မှာ ရိုက်ကူးသွားဖို့ရာ စီစဉ်ထားပေမယ့် လတ်တလောမှာ ရပ်နားခဲ့ရတာဖြစ်ပါတယ်။

ရုပ်ရှင်ထုတ်လုပ်ရေးမှ တာဝန်ရှိသူတစ်ဦးရဲ့ ပြောကြားချက်အရ ရိုက်ကူးရေးအဖွဲ့သားတွေကို နောက်ထပ်ရိုက်ကူးရေး မစတင်မီအချိန်အထိ အိမ်ပြန်ခွင့်ပြုခဲ့ကြောင်းနဲ့ အဖွဲ့သားတွေရဲ့ လုံခြုံရေးအတွက် ယခုလို ရပ်နားခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။ ဒ့ါအပြင် အီတလီမှာ မလိုအပ်ဘဲ လူစုလူဝေးပြုလုပ်တာတွေကို အစိုးရက တားမြစ်ထားကြောင်းလည်း သိရပါတယ်။

# အဲဗစ်ပရက်စလေရဲ့ စံချိန်ကို ကျော်လွန်ခဲ့တဲ့ ဂျက်စတင်ဘီဘာ

ပေါ့ပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာဟာ မကြာသေးမီက ထုတ်လွှင့်ခဲ့တဲ့ သူ့ရဲ့ တေးအယ်လ်ဘမ်သစ်နဲ့ လတ်တလောမှာ စံချိန်သစ် တင်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ သူဟာ ယခင်က တေးသံရှင် အဲဗစ်ပရက်စလေ တင်ထားတဲ့စံချိန်ကို ကျော်လွန်ခဲ့တာဖြစ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဖေဖော်ဝါရီ ၁၄ ရက်က စတင်ထုတ်လွှင့်ခဲ့တဲ့ ဂျက်စတင်ဘီဘာရဲ့ တေးအယ်လ်ဘမ်သစ် Changes ဟာ ဘေဘုတ်ရဲ့ ရောင်းအားအကောင်းဆုံး တေးအယ်လ်ဘမ်အဖြစ် ရပ်တည်နိုင်ခဲ့ပြီးနောက် ဂျက်စတင်ဘီဘာဟာ ရောင်းအားအကောင်းဆုံး နံပါတ်တစ်တေးအယ်လ်ဘမ် ခုနစ်ခုမြောက်ရရှိခဲ့တဲ့ တေးသံရှင် ဖြစ်လာခဲ့ပါတယ်။ ဒီအချိန်မှာ ပေါ့ပ်ကြယ်ပွင့်ဟာ အသက် ၂၅ နှစ်ကျော်အရွယ်သာရှိသေးတာကြောင့် လွန်ခဲ့တဲ့ ၅၉ နှစ်ခန့်က ရောင်းအားအကောင်းဆုံး နံပါတ်တစ် တေးအယ်လ်ဘမ်ခုနစ်ခု ပိုင်ဆိုင်နိုင်တဲ့ အသက်အငယ်ဆုံးသော တေးသံရှင်အဖြစ် စံချိန်တင်ထားတဲ့ အဲဗစ်ပရက်စလေရဲ့ စံချိန်ကို ကျော်လွန်ခဲ့ပါတယ်။ အဲဗစ်ပရက်စလေဟာ အသက် ၂၆ နှစ်အရွယ်မှာ စံချိန်တင်နိုင်ခဲ့တာ ဖြစ်ပါတယ်။




**အေးပြည့် - ရေးသားသည်**


# အရည်အသွေးမြှင့်ဖို့အတွက် ဒီလိုသုတေသနစာတမ်းဖတ်ပွဲတွေ လုပ်ရတာဖြစ်ပါတယ်

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနက ဦးစီးကျင်းပသော ဒသမအကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲကို မန္တလေးမြို့ရှိ တိုင်းရင်းဆေးတက္ကသိုလ်တွင် ကျင်းပရာ အဆိုပါစာတမ်းဖတ်ပွဲသို့ တက်ရောက်ခဲ့ကြသော တိုင်းရင်းဆေးပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာတိုင်းရင်းဆေးလောကသားများနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်-**


ဒေါက်တာမိုးဆွေ


ပါမောက္ခဒေါက်တာသိန်းဇော်လင်း


ဦးဝင်းမြင့်


ဒေါ်ဝင့်သီဂီ


ဒေါ်သန်းသန်းဆွေ


ဦးမောင်မောင်ဦး


ဒေါ်ညို


ဦးဇော်နိုင်

**ဒေါက်တာမိုးဆွေ (တိုင်းရင်းဆေးပညာဦးစီးဌာန - ညွှန်ကြားရေးမှူးချုပ်)**

အခုနောက်ပိုင်းမှာ တိုင်းရင်းဆေးကဏ္ဍကို ပြည်သူတွေကလည်း ပိုအားကိုးလာတယ်၊ တိုင်းရင်းဆေးဘက်ကလည်း စနစ်ပိုကျလာတယ်။ စနစ်ကျလာတယ်ဆိုတာကလည်း ဒါတိုင်းရင်းဆေးပညာဦးစီးဌာနတစ်ခုတည်း မဟုတ်ပါဘူး။ တိုင်းရင်းဆေးကို လုပ်နေတဲ့ တိုင်းရင်းဆေးလောကကြီးတစ်ခုလုံးကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်လုပ်နေတဲ့ အဖွဲ့စုံပူးပေါင်းလုပ်ဆောင်နေလို့ဖြစ်ပါတယ်။ ပြည်သူတွေအပါအဝင်ပေါ့။ တိုးတက်နေပေမယ့်လည်း ထပ်ပြီးတော့ အရည်အသွေးမြှင့်ဖို့အတွက် သုတေသနတွေလိုတယ်။ ဒါကြောင့် ဒီလိုသုတေသနစာတမ်းဖတ်ပွဲတွေ လုပ်ရတာဖြစ်ပါတယ်။ တိုင်းရင်းဆေးကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ နံပါတ်(၁) လူ၊ ဆေးဆရာပေါ့။ တိုင်းရင်းဆေးဆရာတွေရဲ့ ပညာတွေ တိုးတက်ဖို့လိုတယ်၊ ကျင့်ဝတ်တွေပိုကောင်းအောင်လုပ်ဖို့လိုတယ်။ နံပါတ်(၂) ဆေး၊ သူသုံးတဲ့ဆေးအရည်အသွေးကောင်းဖို့လိုတယ်။ ကုန်ကြမ်းကအစ ပြည်တွင်းကပဲဝယ်ဝယ်၊ ပြည်ပကပဲဝယ်ဝယ် ဆေးတွေကိုရွေးပြီးတော့ ကုန်ကြမ်းကောင်းအောင်လုပ်ရင် ကုန်ချောလည်း စနစ်တကျရှိမယ်။ နံပါတ်(၃)က ကုထုံး၊ ဆေးဆရာရှိတယ်၊ ဆေးရှိတယ်ဆိုရင် သူ့ရဲ့ကုထုံးတွေက ခေတ်မီအောင်လုပ်ရတာပေါ့။ ဒါအတွက် သုတေသနလိုပါတယ်။

**ပါမောက္ခ ဒေါက်တာသိန်းဇော်လင်း (ခေတ္တပါမောက္ခချုပ် - တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေး)**

သုတေသနစာတမ်းဖတ်ပွဲက (၁၀)ကြိမ်မြောက်အထိ ရောက်လာပြီ။ အဲဒီတော့ ပထမဦးဆုံး ပထမ၊ ဒုတိယ၊ တတိယအကြိမ်တွေ လုပ်တုန်းကထက်စာရင် ခုစာတမ်းတွေရဲ့ အရည်အသွေးတွေက တအားကို တက်လာတယ်။ သိသိသာသာကို ပြောင်းလဲလာတယ်။ ပိုပြီးတော့ သိပ္ပံနည်းကျလာတယ်။ သုတေသန Format တွေ ပိုပြီးကျလာတယ်။ အနောက်တိုင်းဆေးမှာက သုတေသနလုပ်ပြီးတာတွေ တော်တော်များတယ်။ တိုင်းရင်းဆေးမှာက အခုမှစတာ၊ သုတေသနလုပ်ဖို့လိုသေးတာတွေ အများကြီးကျန်သေးတယ်။ ဟိုအရင်ကဆိုရင် သုတေသနလုပ်ဖို့ ငွေရေးကြေးရေးက တော်တော်စဉ်းစားရတယ်။ ခုကျတော့ ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တစ်နှစ်ထက်တစ်နှစ် သုတေသန ရန်ပုံငွေတွေ ပိုပိုပြီးတိုးချပေးတယ်။ ငွေရေးကြေးရေး အရင်လိုစိတ်ပူစရာမလိုတော့ ပိုပြီး အားစိုက်နိုင်တော့ သုတေသနရလဒ်ကောင်းတွေ ထွက်ပေါ်လာတာပေါ့။

**ဦးဝင်းမြင့် (သုတေသနဖွံ့ဖြိုးရေးဦးစီးဌာန - ညွှန်ကြားရေးမှူး၊ အငြိမ်းစား/ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့ဝင်)**

တကယ်တမ်းသုတေသနသဘောအရကြည့်ရင် တိုင်းရင်းဆေးသုတေသနဧရိယာကြီးက တော်တော်ကျယ်ဝန်းတယ်။ ဒီလို ကျယ်ဝန်းတဲ့အခါကျတော့ ဒီလိုသုတေသနတွေ လုပ်ရင်းလုပ်ရင်း တကယ့်အမှန်တရား အထောက်အထားခိုင်လုံတဲ့အရာတွေ လူတွေဆီကို ပြန့်မျှဝေရတယ်။ သုတေသီအငယ်လေးတွေကိုလည်း အားပေးရင်း သုတေသီအကြီးတွေကလည်း ဗဟုသုတတွေမျှဝေရင်း စာတမ်းဖတ်ပွဲတွေက တိုင်းရင်းဆေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အများကြီး အထောက်အကူပြုတယ်လို့ ကျွန်တော်ကတော့ အဲဒီလိုနားလည်တယ်။ ကျွန်တော်တို့နိုင်ငံရဲ့ တိုင်းရင်းဆေးက ဖွံ့ဖြိုးရေးလမ်းကြောင်းပေါ်မှာ ဖွံ့ဖြိုးလာနေတာကို တွေ့ရတယ်။ အထူးသဖြင့် တိုင်းရင်းဆေးဝါးတွေကိုကြည့်ရင် ပြည်သူလူထုလက်ခံတာရော၊ တချို့ နိုင်ငံခြားတောင်ပို့နေရတာရောကြည့်ရင် တော်တော်လေး ဖွံ့ဖြိုးလာတယ်လို့ ပြောလို့ရတယ်။

**ဒေါ်ဝင့်သီဂီ (လက်ထောက်ကထိက၊ ကျောရိုးအဆစ်ပညာဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်)**

အခု တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ ကျင်းပလာတာ (၁၀)ကြိမ်မြောက်ရှိပြီ။ နှစ်စဉ် တိုင်းဒေသကြီးနဲ့ ပြည်နယ်အကုန်လုံးမှာရှိတဲ့ စာတမ်းတွေ ဖတ်တာကိုတွေ့ရတယ်။ တချို့ကျတော့ ဆေးပင်တွေကနေ အာနိသင်တွေ စမ်းတာရှိတယ်။ တချို့ကျတော့ တိုင်းရင်းဆေးပညာကုထုံးအနေနဲ့ ဆောင်ရွက်တာတွေရှိတယ်။ တိုင်းရင်းဆေးကကျတော့ လူတွေလည်း အများဆုံး အသုံးပြုတယ်။ ဒါပေမယ့် အားနည်းနေတာ ဘာလဲဆိုတော့ သုတေသနခိုင်ခိုင်မာမာပြနိုင်ဖို့အားနည်းနေတယ်။ အဲဒါတွေ ခိုင်ခိုင်မာမာပြနိုင်မှ ပြည်သူလူထုထဲမှာ ပိုပြီးတော့မှချပြနိုင်မယ်။ ပြီးရင် တိုင်းရင်းဆေးပညာကို ယုံကြည်ပြီး အားကိုးလာမယ်။ အဲဒီရည်ရွယ်ချက်တွေနဲ့ ဒီသုတေသနစာတမ်းဖတ်ပွဲတွေ လုပ်ရင် အောင်မြင်မယ်လို့ ယူဆပါတယ်။

**ဒေါ်သန်းသန်းဆွေ (ဒု-ဆေးရုံအုပ်-၁၆ ခုတင်ဆံ့ဆေးရုံ ကြို့ပင်ကောက်)**

ခုတိုင်းရင်းဆေးနဲ့ပတ်သက်လို့ သုတေသနစာတမ်းဖတ်ပွဲလုပ်တာ အင်မတန်မှ ကောင်းမွန်ပါတယ်။ အဲဒီလိုပဲ စာတမ်းဖတ်ပွဲတွေ နှစ်စဉ်ကျင်းပပေးစေလိုပါတယ်။ ဆေးဝါးတွေကိုလည်း သုတေသနလုပ်ပြီးတော့ ကုသလို့ရှိရင် ပိုပြီး ထိရောက်အောင်မြင်မယ်လို့ မျှော်လင့်ပါတယ်။ ခုစာတမ်းဖတ်ပွဲမှာလည်း သုတေသနစာတမ်းတွေ ကောင်းပါတယ်။ အရင်ကတည်းက သုံးနေတာတွေဆိုပေမယ့်လည်း ခုလိုသုတေသနလုပ်ပြီး ထုတ်ပြတော့ လက်ရှိသုံးစွဲနေတာတွေကိုလည်း ပိုပြီးခိုင်ခိုင်မာမာနဲ့ သုံးစွဲရဲသွားပါမယ်။

**ဦးမောင်မောင်ဦး (ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)**

ဒီစာတမ်းဖတ်ပွဲက (၁၀)ကြိမ်မြောက်ဖြစ်ပါတယ်။ ပထမဦးဆုံးအကြိမ်ကနေပြောရရင် ၁၁ နှစ်ရှိပြီ။ ၁၁ နှစ်မှာ ကြားဖြတ် ၁ နှစ်မလုပ်ဖြစ်လိုက်ဘူး။ (၁၀)ကြိမ်အထိရောက်လာတဲ့အတွက်လည်း ဝမ်းသာပါတယ်။ ဘယ်လုပ်ငန်းမဆို သုတေသနမခိုင်မြဲရင် လုပ်ငန်းဟာ တစ်ဟုန်ထိုး တိုးတက်ဖို့၊ တည်တံ့ဖို့မလွယ်ပါဘူး။ ခုကျွန်တော်တို့ မြန်မာ့တိုင်းရင်းဆေးလုပ်ငန်းက သုတေသနလုပ်ငန်းတွေကို သေသေချာချာလုပ်လာတာ အခု သုတေသနစာတမ်းဖတ်ပွဲ (၁၀)ကြိမ်မြောက်တောင် ရောက်လာပါပြီ။ အဲဒီအတွက်လည်း ဂုဏ်ယူပါတယ်။ သုတေသနစာတမ်းဖတ်ပွဲကြီးတွေ ဖြစ်မြောက်ဖို့အတွက် ကျွန်တော်တို့ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများက (၁၀)ကြိမ်စလုံး အားတက်သရော ပါဝင်ကူညီနိုင်ခဲ့တာ ဂုဏ်ယူလို့မဆုံးပါဘူး။ ဒီသုတေသနစာတမ်းဖတ်ပွဲကို (၁၀)နှစ်ဆက်တိုက်အောင်မြင်အောင် လုပ်ဖို့တော်တော်ခက်ခဲပါတယ်။ တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲက တိုင်းရင်းဆေးဆရာတွေ၊ လုပ်ငန်းရှင်တွေအတွက် အခြေခံကျတဲ့ သုတေသနစာတမ်းတွေရရှိသလို ပြည်သူလူထုကလည်း တိုင်းရင်းဆေးအပေါ် ယုံကြည်သည်ထက်ယုံကြည်လာတယ်၊ အားကိုးသည်ထက်အားကိုးလာတယ်။ အဲဒီလိုအကျိုးအမြတ်မျိုးကို တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲကနေ ရရှိပါတယ်။

**ဒေါ်ညို (ရန်ကုန်အနောက်ပိုင်းခရိုင် တိုင်းရင်းဆေးမှူး)**

သုတေသနစာတမ်းဖတ်ပွဲတွေ လုပ်ရတာကိုက မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို မိရိုးဖလာနည်းကနေ ပိုပြီး အဆင့်မြင့်တဲ့ သိပ္ပံနည်းကျ လက်တွေ့နည်းကျစေဖို့အတွက် ရည်ရွယ်တာပါ။ ဒီလိုသုတေသနတွေ ပြုလုပ်ခြင်းအားဖြင့် ကုထုံးအသစ်၊ ဆေးဝါးအသစ်တွေ ပေါ်ထွက်လာတယ်၊ ပြည်သူတွေကလည်း ဒီဆေးဝါးအသစ်၊ ကုထုံးအသစ်တွေပေါ်ကို ပိုပြီး ယုံကြည်မှုရှိလာစေတယ်၊ အားကိုးလာစေနိုင်ပါတယ်။

**ဦးဇော်နိုင် (ချမ်းသာသုခတိုင်းရင်းဆေးခန်း၊ စစ်ကိုင်း)**

ကျွန်တော်တို့ဆီမှာ တိုင်းရင်းဆေး နယကြီးလေးပါးရှိတယ်။ အဲဒီလေးပါးကို ကျွန်တော်တို့က ဖွံ့ဖြိုးအောင်လုပ်နေတယ်။ ဒါပေမယ့် နိုင်ငံတကာအဆင့်အတန်းဝင်ဖို့ ကျွန်တော်တို့ဆီမှာ လိုနေတာက နိုင်ငံတကာစံချိန်စံညွှန်းနဲ့ သွားနိုင်တဲ့ တိုင်းရင်းဆေးဝါးအဘိဓာန်လိုအပ်နေတယ်။ နယကြီးတစ်ပါးစီရဲ့ အဘိဓာန်ကို အင်္ဂလိပ်-မြန်မာ-ပါဠိ အဲလိုသုံးဘာသာလောက်နဲ့လုပ်နိုင်တဲ့ အဘိဓာန်ဖြစ်လာဖို့လိုတယ်။ ပြီးတော့ ကျွန်တော်တို့တိုင်းရင်းဆေးကို အခြေခံတဲ့ စာတမ်းတွေ ခဏခဏထွက်ပေါ်လာနိုင်ရင် တိုင်းရင်းဆေးလောက ဖွံ့ဖြိုးတိုးတက်မယ်လို့ ယေဘုယျအားဖြင့် ကျွန်တော်ယူဆပါတယ်။ **လင်းထက်**

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဒီဇင်ဘာလအတွက် မြန်မာနိုင်ငံ၏ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၃၂၄ ဒသမ ၅၃ သန်းရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**


၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် ဒီဇင်ဘာလအတွက် မြန်မာနိုင်ငံ၏ စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၃၂၄ ဒသမ ၅၃ သန်းရှိပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၄၆၀ ဒသမ ၇၅ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ ထုတ်ပြန်သော ပို့ကုန်၊ သွင်းကုန် အခြေအနေအစီရင်ခံစာအရ သိရသည်။

စုစုပေါင်းကုန်သွယ်မှုပမာဏတွင် ပို့ကုန်နှင့် သွင်းကုန်တန်ဖိုးများ ပါဝင်ပြီး ပို့ကုန်တွင် ပုံမှန်ပို့ကုန်တန်ဖိုးနှင့် နယ်စပ်ပို့ကုန်တန်ဖိုးများ ပါဝင်သည်။ ထို့အတူ သွင်းကုန်တန်ဖိုးတွင်လည်း ပုံမှန်သွင်းကုန်တန်ဖိုးနှင့် နယ်စပ်သွင်းကုန်တန်ဖိုးများ ပါဝင်သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဒီဇင်ဘာလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၇၀ ဒသမ ၇၂ သန်းရှိပြီး နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၆၁ ဒသမ ၁၇ သန်းဖြစ်သဖြင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၃၁ ဒသမ ၈၉ သန်းဖြစ်သည်။ ထို့အတူ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၀၁ ဒသမ ၀၅ သန်းရှိပြီး နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၉၁ ဒသမ ၅၉ သန်းဖြစ်သဖြင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၈၉၂ ဒသမ ၆၄ သန်းဖြစ်သည်။

ထို့အတူ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ သုံးလတာကာလအတွင်း မြန်မာနိုင်ငံ၏ စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၇၆၂ ဒသမ ၁၄ သန်းဖြစ်ပြီး စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၉၉၀ ဒသမ ၂၆ သန်းရှိသဖြင့် စုစုပေါင်းလိုငွေ အမေရိကန်ဒေါ်လာ ၂၂၈ ဒသမ ၁၂ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့၏ အစီရင်ခံစာအရ သိရသည်။

**ကြေးမုံ**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် မော်ကွန်း

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)



## မိမိကိုယ်ကိုချစ်တယ်ဆိုနှင့် ပိဋကတ်တော်လာ ကျင့်သုံးစရာများ

စာရေးသူ အရှင်စန္ဒောဘာသ(ဟံသာဒီပ) စီစဉ်ရေးသားသည့် မိမိကိုယ်ကို ချစ်တယ်ဆိုနှင့် ပိဋကတ်တော်လာ ကျင့်သုံးစရာများ စာအုပ်ထွက်ရှိလာသည်။

ဗုဒ္ဓဘာသာဝင်များအနေဖြင့် ပိဋကတ်တော်တွင် လာရှိသည့်ဒေသနာ များကို နေ့စဉ် လူမှုဘဝတွင် ကျင့်သုံး၍ရသည်ကို သိစေလို၍ ရေးသားထား ခြင်းဖြစ်သည်။ မြတ်စွာဘုရားရဲ့ တရားတော်က အားလုံးအတွက်၊ မိမိထက် ချစ်ရမည့်သူ မရှိ၊ မိမိကိုယ်ကိုချစ်တယ်ဆို၊ နေ့ရောညပါ ကုသိုလ်ဖြာ၊ သည်းခံခြင်း ထက်သာလွန်တဲ့ ကောင်းကျိုးတရားမရှိ၊ သည်းခံခြင်းဆိုတာ၊ လင်နဲ့မယား၊ အဂတိလိုက်စားခြင်း၊ ငါးပါးသီလနဲ့မြန်မာပြည်၊ ငါးပါးသီလနဲ့ ဘုရားလောင်း၊ အကြီးအကဲ၊ ဒေါသရှေ့ထားမှားတတ်သည်စသည့် အကြောင်းအရာများကို ပြည့်ပြည့်စုံစုံ ရေးသားထားသည်။

စာအုပ်ကိုရှင်မတောင်စာပေ၊ အမှတ်-၂၉၆၊ ၁/အနော်မာ (၇)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၇၉၈၁၈၉၁၄၈မှ တန်ဖိုးငွေကျပ် ၃၀၀၀ဖြင့် ဖြန့်ချိသည်။

## အတိတ်ခေါင်းဆောင်များမှ အနာဂတ်ခေါင်းဆောင်များသို့




စာရေးဆရာခင်မောင်မြင့် (စစ်ကိုင်း) ရေးသားသည့် အတိတ်ခေါင်းဆောင်များမှ အနာဂတ်ခေါင်းဆောင်များသို့ စာအုပ်ထွက်ရှိလာသည်။

စာအုပ်တွင် သမိုင်းဖြစ်စဉ်များအား အလေးထားမိခြင်း၊ ခေါင်းဆောင်များနှင့် ဆက်ခံခေါင်းဆောင်များ၊ ပုံပိုးသူရဲကောင်းများ၊ ရာဇဝင်များ၏ နိဂုံးများ ၊ သူ့ကျွန်ဘဝသို့ ရောက်ရတော့သည့် စစ်ပွဲ(၃)ပွဲ ၊ စတုတ္ထမြန်မာနိုင်ငံတော်၏ ခေါင်းဆောင်များမှ အမွေခံခေါင်းဆောင်ကောင်းများ ပေါ်လာရေး စသည်ဖြင့် အခန်းများခွဲ၍ အနော်ရထာမင်း၏ ပထမမြန်မာနိုင်ငံတော်ခေတ်မှသည် စတုတ္ထမြန်မာနိုင်ငံတော် အထိ ဗဟုသုတရဖွယ် သိသင့်သိထိုက်သည့်အကြောင်းအရာများ စုံလင်စွာပါရှိသည်။ စာရေးသူက မြန်မာနိုင်ငံတော်ကြီး၏ အနာဂတ်ခရီးတွင် အရည်အချင်းရှိသော ခေါင်းဆောင်ကောင်းများ ပေါ်ထွက်လာစေရန် အတိတ်သမိုင်းမှ ခေါင်းဆောင်များ၏ အားနည်းချက်များကို သင်ခန်းစာယူပြီး ဆင်ခြင်သုံးသပ်နိုင်စေရေး ရည်ရွယ်ရေးသားထားသည်။

စာအုပ်ကို အမေ့ဥယျာဉ်စာအုပ်တိုက် ဒေါ်ခင်စန်းအေး (ဖြန့်ချိရေးတာဝန်ခံ) ဖုန်း ၀၉-၅၁၅၄၆၅၂ မှ တန်ဖိုးငွေကျပ် ၄၅၀၀ ဖြင့် ဖြန့်ချိသည်။



## သမိုင်းဝင်ဆံတော်ရှင် ကျိုက်သီရိ မွေ့သိုက်စေတီတော်

မိုးမြင့်လွင် ရေးသားပူဇော်သည့် သမိုင်းဝင်ဆံတော်ရှင် ကျိုက်သီရိမွေ့သိုက် စေတီတော် စာအုပ်ထွက်ရှိလာသည်။

ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း အင်းတကော်မြို့ မုဂနိမ့်တောင်ကုန်းထက်တွင် တည်ထားကိုးကွယ်ခဲ့သည့် သမိုင်းဝင်ဆံတော်ရှင် ကျိုက်သီရိမွေ့သိုက် စေတီတော်ကြီးသည် ဗုဒ္ဓ၏ဆံတော်မြတ်ဖြင့် တည်ထားကိုးကွယ်သည့် ဗုဒ္ဓ၏ ဆံတော်ရှင်စေတီတော်တစ်ဆူဖြစ်ပုံ၊ သုဝဏ္ဏဘူမိ(သထုံ)သို့ ကြွတော်မူပုံ၊ ဂဝံပတိမထေရ် လျှောက်တင်တော်မူပုံ၊ မြတ်စွာဘုရား သုဝဏ္ဏဘူမိသို့ ကြွတော်မူပုံ၊ မွေ့သိုက်စေတီတော်မြတ် တည်တော်မူပုံစသည့် စေတီတော်မြတ်၏ သမိုင်းအကျဉ်းကို ရေးသားပူဇော်ထားသည်။

စာအုပ်ကို ကျိုက်သီရိမွေ့သိုက် စေတီတော်ဂေါပကအဖွဲ့က ဖြန့်ချိပူဇော်သည်။




## ရှမ်း၊ ပလောင်၊ ပအိုဝ်း၊ ဓနု တိုင်းရင်းသားဝတ္ထုတိုများ

စာရေးသူ မောင်သင်းထုံ(ကျောက်မဲ) စီစဉ်ရေးသားသည့် ရှမ်း၊ ပလောင်၊ ပအိုဝ်း၊ ဓနု တိုင်းရင်းသားဝတ္ထုတိုများ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် မင်းမရှိရင်ဖြစ်တယ်ဆိုတဲ့ဆေး ကမ္ဘာပေါ်မှာ မပေါ်သေးပါ၊ ကောက်ဆန်လျှော် ဆုံမှာလောင်း ထောင်းစို့မုန့်ဆန်း၊ ရွှေဖီဦးမှာ တို့တစ်တွေ အတူတူခူးကြမယ်၊ အိမ်ရှေ့က တောင်ထန်းပင် မောင်ကြီးသခင် ရှင်အောင်စိုက်ပါ၊ ဖတ်ကပ်စော သေအောင်ခင်မယ် ရွှေညောင်ချဉ် ကောင်းလိုက်လေစွ၊ ကျင်ဖတ်ချို နွမ်းကော့လျို၊ မျက်နှာသာပေး ရွှေရေးပန်းကန်တက်၊ လိမ်တယ် ညာတယ် ဆူထိစံရယ်၊ နလုံးသားကို တံတားခင်း၍ ချစ်ခြင်းစသည့် တိုင်းရင်း သားတို့၏ အသုံးအနှုန်းများကို ရေးသားထားသည်။

စာအုပ်ကို ဆိပ်ကမ်းသာ စာပေအနုပညာ ဖြန့်ချိရေး၊ ၁၃၊ ၃၈-လမ်း၊ ပလာဇာ ဈေးသစ်၊ ဆိပ်ကမ်းသာ၊ ရန်ကုန်မြို့ ဖုန်း-၀၉-၇၈၆၈၃၇၃၀၅နှင့် ၀၉-၉၆၃၆၉၉၈၃၄ တို့မှ တန်ဖိုးငွေကျပ်၂၀၀၀ဖြင့် ဖြန့်ချိသည်။




## ငရဲခွေးကို ဟန့်တားသူ

စာရေးသူ အရှင်မာနိတ(ရွှေပြည်သာ) ဓမ္မာစရိယ၊ ဝိနယဝိဒူ စီစဉ်ရေးသားသည့် ငရဲခွေးကို ဟန့်တားသူ စာအုပ် ထွက်ရှိလာသည်။

လူသားတိုင်းသည် သေပြီးနောက်သွားရမည့်လမ်းကြောင်းငါးခု=ဂတိငါး မျိုးရှိရာ ငရဲလို့ခေါ်သည့် နိရယဂတိသို့ သွားရောက်အံ့ဆဲဆဲ၊ ငရဲခွေးနက်ကြီးပင် ဆွဲဖို့ဝင်လာနေတော့မှ ဒေဝဂတိဟုခေါ်သည့် နတ်ပြည်လောက နတ်ဘဝသို့ မရောက်ရောက်အောင် ပို့ဆောင်ပေးသူ၊ ပို့ပေးနိုင်သည့် နည်းလမ်းများကို အဆိုပါစာအုပ်တွင် စုစည်းဖော်ပြထားသဖြင့် ဖတ်ရှုလေ့လာသင့်သော စာအုပ် တစ်အုပ်ဖြစ်သည်။

စာအုပ်ကို သစ္စာမဏ္ဍိုင်ပိဋကတ်စာအုပ်ဆိုင်၊ အမှတ်(၂)(၃) ရွှေတိဂုံတောင် ဘက်မုခ်ဈေးတော်ရုံ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၇၈၄၉နှင့် ၀၉- ၅၁၂၅၂၈၅တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။



## မဲဇာမြိုင်ဂနိုင်တွင်းမှာ ပန်းတစ်ခင်းပျိုးခဲ့တယ်

စာရေးသူ ရွှေညောင်မြေ မောင်စန်းမြင့် စီစဉ်ရေးသားသည့် မဲဇာမြိုင်ဂနိုင်တွင်းမှာ ပန်းတစ်ခင်းပျိုးခဲ့တယ် စာအုပ်ထွက်ရှိလာသည်။

စာရေးသူ ထီးချိုင့်မြို့နယ် ဒင်ကြီးကျေးရွာ မူလတန်းကျောင်းတွင် စတင် တာဝန်ထမ်းဆောင်ခဲ့စဉ်ကာလအတွင်း စေတနာ၊ ဝါသနာ၊ အနစ်နာတို့အပြင် မုဒိတာ၊ ကရုဏာတို့ပါထား၍ ကြိုးစားခဲ့ရာ အဆိုပါကျောင်းသည် မူလတန်းမှ မူလတန်းလွန်၊ အလယ်တန်းကျောင်းခွဲအဖြစ် အဆင့်ဆင့် တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ကာ အဆိုပါရွာလေးနှင့် တပည့်များအား လွမ်းဆွတ်နာကျင်ခြင်းများကို ပညာရေးကုသိုလ်ယူခွင့်ရခဲ့၍ ကျေနပ်ခြင်းဖြင့် အစားထိုးဖြေသိမ့်နိုင်ခဲ့သည်ကို ရေးသားထားသည်။

စာအုပ်ကို ရှင်မတောင်စာပေ၊ အမှတ်-၂၉၆၊ ၁/အနော်မာ(၇)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၇၉၈၁၈၉၁၄၈မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။



## အသက်ကြီးပြီး အချိန်မစီးသူများနှင့် စိတ်ကျန်းမာရေး

စာရေးသူ မီးအိမ်ရှင် ဒေါက်တာနိုက်တင်ဂေးလ် စီစဉ်ရေးသားသည့် အသက်ကြီးပြီး အချိန်မစီးသူများနှင့် စိတ်ကျန်းမာရေး စာအုပ် ထွက်ရှိလာသည်။

ဦးခေါင်းဖွေးဖွေးဖြူခြင်းသည် ကြီးရင့်ခြင်းမဟုတ်ဟု ဓမ္မပဒက ဆိုသည်။ သစ္စာရှိခြင်း၊ တရားရှိခြင်း၊ ညှဉ်းဆဲမှုကင်းခြင်း၊ သီလစောင့်ခြင်း၊ ဣန္ဒြေရှိခြင်း၊ ပညာရှိခြင်းစသည့်တရားများနှင့် ပြည့်စုံမှသာ ကြီးရင့်ခြင်းမည်သည်ဟူ၏ ဓမ္မပဒတွင်သုံးထားသော ကြီးရင့်ခြင်းတွင် ယခုခေတ်အခေါ်အရရင့်ကျက်ခြင်း ဖြစ်သည်။ အသက်ကြီးလာသည်နှင့်အမျှ စိတ်ဖွံ့ဖြိုးတိုးတက်ရင့်ကျက်လာခြင်း၊ စိတ်သဘာဝနှင့် စိတ်၌ဖြစ်တတ်သော စိတ်ရောဂါဝေဒနာများ၊ ကုထုံးများ၊ ကာကွယ်ပုံများ စသည်ဖြင့် စိတ်ကျန်းမာရေးအတွက် လေ့လာမှတ်သားနိုင်စေရန် ရေးသားထားသည်။

စာအုပ်ကို မီးအိမ်ရှင်စာအုပ်တိုက်၊ အမှတ်(၄၅၇/ခ-၁/မြေညီ) တကောင်း (၈)လမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၂၅၁၀၇၄၆၁၅မှ တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိသည်။




## ရွှေနားတော်သွင်း

စာရေးဆရာ နိုက် ရေးသားသော (၁၅)အုပ်မြောက် အတွေးအခေါ်စာစုများ ဖြစ်သည့် 'ရွှေနားတော်သွင်း' စာအုပ်ထွက်ရှိလာသည်။

စာအုပ်တွင် အတွေးအခေါ် စာစုပေါင်း ၁၀၀ ခန့်ပါဝင်ပြီး ဘဝနေနည်း အတတ်ပညာ၊ လူမှုဆက်ဆံရေးအတတ်ပညာများ၊ မိမိကိုယ်ကို တည်ဆောက်ခြင်း အတတ်ပညာများ ရေးသားထားသည်။ 'ဘဝမှာ ကိုယ့်ကိုယ်ကိုယ် ကောင်းအောင် မနေတတ်သေးသမျှ သူတစ်ပါးကို ကောင်းအောင်လုပ်ပေးလို့ မရနိုင်ပါဘူး' ဟု ဆိုထားသည်။ ဘယ်ခရီးကိုသွားမလဲ ကိုယ်သည်သာ ကိုယ့်အားကိုးရာဟု ဆိုထားသည်။ တစ်ယောက်နှင့် တစ်ယောက် အဓိပ္ပာယ်ရှိရှိ ချစ်ခိုင်းထားသည်။

စာအုပ်ကို ၇၇၇၇ စာပေ၊ ဖုန်း ၀၉-၅၀၁၇၇၅၂၊ ၀၉-၇၇၇၇၁၃၃၁၇၊ ၀၉-၂၅၀၂၆၅၉၂၅ တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။

## ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံသီရိစိမ်းလဲ့ကန်သာအိမ်ရာ စီမံကိန်းဝင်း၊ လူနေရပ်ကွက်၊ မြေတိုင်းအမှတ် -၁၄၂ ရှိ ဒေါ်စပါယ် တရားဝင်ဂရန်အမည်ပေါက် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများဖြစ်သည့် မြေကွက်(၃၃)ကွက်နှင့် စပ်လျဉ်း၍ ကွယ်လွန်သူ ဦးစိန်သန်း (HGU-017368)၏ သားသမီးများဖြစ်ကြပါသည်ဟုဆိုသော ဦးလှကြည် [၁၂/လကန(နိုင်)၀၀၂၂၅၄]၊ ဦးတင်အောင်မိုး [၁၂/ဒဂတ(နိုင်)၀၀၁၆၁၉]၊ ဦးမင်းအောင် [၁၂/ဒဂတ(နိုင်)၀၀၁၆၂၀]၊ ဒေါ်မာမာစိုး [၁၂/ဒဂတ(နိုင်)၀၅၀၁၂၃]နှင့် ဦးခင်ဝင်း (ဦးလေး) [၁၂/ဒဂတ(နိုင်)၀၀၄၀၇၀]တို့၏ ရှေ့နေမှတစ်ဆင့် လွှဲအပ်ညွှန်ကြားချက်အရ ၁၇-၂-၂၀၂၀ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၅)၌ ပြန်လည်ရှင်းလင်းကြေညာခြင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာများနှင့်တကွ အများပြည်သူသိရှိစေရန် ထပ်မံသတိပေးတားမြစ်ခြင်း

ကျွန်ုပ်တို့၏အမှုသည်ဖြစ်သော ဒေါ်စပါယ် [၁၂/ဗဟန(နိုင်)၀၈၂၈၄၄]၏ လွှဲအပ်ညွှန်ကြားချက်အရ ၁၇-၂-၂၀၂၀ ပြည့်နှစ်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၅)တွင် တစ်မျက်နှာပြည့် ပြန်လည်ရှင်းလင်းကြေညာခြင်းနှင့်ပတ်သက်၍ အမှုဖွင့်တရားမစွဲဆိုမီ ရှေးဦးစွာ အောက်ပါအတိုင်း အများသိရှိလိုက်နာကြစေရန် မွန်မြတ်သော စေတနာကောင်းဖြင့် အသိပေးတားမြစ်ပါသည်။

၁။ ဦးလှကြည် [၁၂/လကန(နိုင်)၀၀၂၂၅၄]၊ ဦးတင်အောင်မိုး [၁၂/ဒဂတ(နိုင်)၀၀၁၆၁၉]၊ ဦးမင်းအောင် [၁၂/ဒဂတ(နိုင်)၀၀၁၆၂၀]၊ ဒေါ်မာမာစိုး [၁၂/ဒဂတ(နိုင်)၀၅၀၁၂၃]နှင့် ဦးခင်ဝင်း [၁၂/ဒဂတ(နိုင်)၀၀၄၀၇၀]တို့မှ ၁၇-၂-၂၀၂၀ ပြည့်နှစ်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၅)၏ ထိပ်ပိုင်း တတိယစာကြောင်း၌ ၉-၁၂-၂၀၂၀ဟု ဖော်ပြထားခြင်းမှာ လွဲမှားနေပါသည်။

၂။ အဆိုပါ ပြန်လည်ရှင်းလင်းကြေညာခြင်း ကြော်ငြာတွင် ဖြစ်ပွားခဲ့ပြီးသော ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် တရားရုံး၏ အမှုနံပါတ်များနှင့်စွဲဆိုသော ဥပဒေပုဒ်မ တို့ကို နှစ်ဖက်အမှုသည်၏ အမည်များနှင့်တကွ အတိအကျ ဖော်ပြပေးထားသဖြင့် ကျွန်ုပ်တို့၏အမှုသည်မှ တစ်စုံတစ်ရာ မပင်ပန်းတော့ဘဲ လွယ်လင့်တကူ တာဝန်ခံမိတ္တူမှန်များကို ကူးယူရရှိနိုင်ခဲ့သဖြင့် ကျေးဇူး အထူးတင်ပါသည်။

၃။ အဆိုပါ ၁၇-၂-၂၀၂၀ ပြည့်နှေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၅တွင် ဦးခင်ဝင်းသည် ကွယ်လွန်သူ ဦးစိန်သန်း၏ လယ်သမား အိမ်ထောင်စု သားများမှ အထွေထွေကိုယ်စားလှယ် လွှဲစာအပ်ထားသည့် ဦးစိန်သန်း၏ ယောက်ဖဖြစ်သည်ဟု ဖော်ပြထားသော်လည်း မည်သည့်နေ့ရက်လ ခုနှစ်က မည်သူ့ထံတွင် အထွေထွေကိုယ်စားလှယ်ကို မည်သူတို့က ပေးအပ်ထားကြောင်း ဖော်ပြနိုင်မှုမရှိခဲ့ပါ။

၄။ ထိုနည်းတူစွာ ဖော်ပြထားသော တရားရုံး၏ အမှုအမှတ်နှင့် ရာဇသတ်ကြီးပုဒ်မများပါ အမှုတို့သည် ကျွန်ုပ်တို့၏အမှုသည်နှင့် လုံးဝပတ်သက်ခြင်းမရှိပါလျက် **“ဒေါ်စပယ်[၁၂/ဗဟန(နိုင်)၀၈၂၈၄၄]သည် ဦးစိန်သန်း+ဦးခင်ဝင်းတို့၏ စပါးစိုက်လယ်မြေအတွင်း ခြံစည်းရိုးကာရံသဖြင့် အချင်းများရာ x x x”** ဟုဖော်ပြထားချက်မှာ လုံးဝမှန်ကန်ခြင်းမရှိဘဲ အထောက်အထားမဲ့ ဖော်ပြခြင်းသာဖြစ်ပါသည်။ **ဒေါ်စပယ်လတ်နှင့် ဦးကျော်ဇေလတ်တို့မှာ ကျွန်ုပ်တို့၏အမှုသည် ဒေါ်စပါယ်နှင့် လုံးဝပတ်သက်မှုမရှိဘဲ သီးခြားစီဖြစ်ပါလျက် ထင်ယောင်ထင်မှားဖြစ်စေရန် အတိအကျမသိဘဲ ရေးသားဖော်ပြရာ အထင်အရှားရောက်ပါသည်။**

၅။ ထိုနည်းတူစွာ ကျွန်ုပ်တို့၏အမှုသည် သည် မိမိတရားဝင် ဂရန်မြေအမည်ပေါက်ပိုင်ဆိုင်သည့်မြေကွက်တို့ကို တစ်စုံတစ်ဦးက မှားယွင်းပြီးတရားတပေါင်ဖြစ်ရေးဆီသို့ ဦးတည်ပြီး ကျူးကျော်ဝင်ရောက်မှုများ မပြုလုပ်ရနိုင်စေရန် ဥပဒေ၏အကာအကွယ်ရစေရန် လိုအပ်သလို ခြံစည်းရိုးကာခြင်းသာဖြစ်ပြီး မည်သူတစ်ဦးတစ်ယောက်၏ တရားဝင်ပိုင်ဆိုင်မှုရှိသော လယ်မြေအတွင်းသို့ ဝင်ရောက်ဆောင်ရွက်မှုပြုခြင်းမဟုတ်သကဲ့သို့ မည်သည့်ယန္တရားများကိုမျှ ပြန်လည်ရုပ်သိမ်းခဲ့ရခြင်းမျိုးမရှိပါ။ ကျွန်ုပ်တို့၏အမှုသည်က တရားဥပဒေနှင့်အညီ ဂရန်ရရှိထားသည့်မြေကွက်များ၏ ခြံစည်းရိုးတွင် ပိုင်ဆိုင်ကြောင်းတရားရုံး တစ်စုံတစ်ရာနှင့် မည်သည့်အစိုးရဌာနများထံမှ အသိအမှတ်ပြုထားခြင်းမရှိဘဲ အများပြည်သူထင်ယောင်ထင်မှားဖြစ်အောင် မိမိသဘောအလျောက် ဗွီနိုင်းများကို ကျူးကျော်ကပ်ထားခြင်းသည် တရားဥပဒေကိုလေးစားလိုက်နာရန်ပျက်ကွက်မှုသာဖြစ်ပါသည်။ ကျွန်ုပ်တို့၏အမှုသည်က တရားဥပဒေနှင့်အညီ ဂရန်ရရှိထားသော မြေကွက်(၃၃)ကွက်နှင့် ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်ကမျှ တရားဥပဒေနှင့်အညီ တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်း အထောက်အထားနှင့်တကွ တရားရုံး၏ တရားမဥပဒေဆိုင်ရာ စီရင်ဆုံးဖြတ်ချက်အမိန့်လုံးဝမရှိဘဲ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့ သိမ်းဆည်းခံလယ်ယာမြေများ ပြန်လည်လျှောက်ထားရာတွင် ဗဟိုကော်မတီမှ စိစစ်ဆောင်ရွက်နေသည် ဆိုရုံမျှဖြင့် မိမိတို့သည် တရားမဥပဒေဆိုင်ရာ ပိုင်ဆိုင်မှုရှိသည်ဟု လုံးဝဆို၍ မရနိုင်ကြောင်းသိသာပါလျက် ယခုလို ကျူးကျော်ပြီး ဗွီနိုင်းကပ်ခြင်း အနှောင့်အယှက်ဖြစ်စေသော စာသားများရေးသားခြင်းတို့သည် လွဲမှားစွာ လွတ်လပ်စွာ ပြောဆိုခွင့်ကို အသုံးချရာ ရောက်နေပါသည်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဆိုသည်မှာ မိမိတို့၏ တရားဝင် အထောက်အထား တရားရုံး၏စီရင်ချက်တစ်စုံတစ်ရာလက်ဝယ် ရရှိထားခြင်းဖြင့်သာ ဥပဒေနှင့်အညီ ပြောဆိုရမည်ဖြစ်ပြီး၊ တစ်စုံတစ်ရာမျှ လက်ဝယ်မရှိသဖြင့် လွတ်လပ်စွာ ထုတ်ဖော်ခွင့်ဆိုသည်ကို အလွဲ အသုံးချ၍မရပါ။

၆။ ကျွန်ုပ်တို့၏အမှုသည် သည် ဦးခင်ဝင်းနှင့်ဇနီး ဒေါ်သိန်းမြတို့အပေါ် အမှုတစ်စုံတစ်ရာစွဲဆိုရခြင်း မရှိသေးသလို ရုပ်သိမ်းခြင်းလည်းမရှိသေးပါလျက် ၁၇-၂-၂၀၂၀ ပြည့်နှစ်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၂၅တွင် အပိုဒ်-၉၌ ဖော်ပြချက်တို့သည် မှားယွင်းစွာ ဆက်စပ်ပြီး လိုရာပုံဖော်လျက် ဥပဒေနှင့်အညီမဟုတ်ဘဲ သိက္ခာကျအောင်မဟုတ်မမှန် စွပ်စွဲရေးသားထားခြင်းသာဖြစ်ပါသည်။

၇။ ထိုနည်းတူစွာ ၁၇-၂-၂၀၂၀နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ "ပြန်လည်ရှင်းလင်းကြေညာခြင်း"အပိုဒ်(၇)၌ **"x x x မြေကွက်(၃၃)ကွက်၏ တည်နေရာများသည် ဦးစိန်သန်း၏လယ်မြေ ၂၆ ဒသမ ၅၄ဧက တည်နေရာမြေများဖြစ်သည်ဟု ထင်ရှားမြင်သာမှုမရှိသည့်အပြင် x x x"**ဟုဖော်ပြချက်အရ ဦးလှကြည်၊ ဦးတင်အောင်မိုး၊ ဦးမင်းအောင်၊ ဒေါ်မာမာစိုး တို့သည် ဦးစိန်သန်း ပိုင်ခဲ့ပါသည်ဆိုသောလယ်မြေသည် ကျွန်ုပ်တို့အမှုသည်၏ ပိုင်ဆိုင်သည့်မြေကွက်(၃၃)ကွက်နှင့် ပတ်သက်မှုမရှိကြောင်း "တရားကိုနတ်စောင့်"ဆိုသောစကားနှင့်အညီ မိမိတို့ အလိုအလျောက် အပြီးအပြတ်ဝန်ခံချက်အဖြစ် ပြင်မရသည့်အခြေအနေဖြစ်၍၊ ပိုင်ရှင်မမြောက်ဘဲ ပိုင်ရှင်ဖြစ်ဟန် အများပြည်သူထင်ယောင်ထင်မှားဖြင့် ကျွန်ုပ်တို့၏အမှုသည်၏ ပိုင်ဆိုင်မှုကို စိတ်အနှောင့် အယှက်ဖြစ်အောင်နှင့် ဂုဏ်သိက္ခာကျဆင်းစေရန် ကျွန်ုပ်တို့၏အမှုသည်၏ ကုန်ကျခံမှုဖြင့် လုံခြုံရေးအတွက် ကာရံထားသည့် သွပ်နန်းကြိုးအကာအရံများ၌ ဗွီနိုင်းများကို ကျူးကျော်ကာရံခြင်းမှာ ဥပဒေနှင့်ညီညွတ်ခြင်း လုံးဝမရှိ၍ ပြန်လည်ဖြုတ်သိမ်းရန် သတိပေးခဲ့ခြင်းသာဖြစ်ပါသည်။

၈။ ထူးခြားသောအချက်မှာ ကျွန်ုပ်တို့၏အမှုသည်ဘက်က ၉-၂-၂၀၂၀ပြည့်နေ့ထုတ်ကြေးမုံသတင်းစာ စာမျက်နှာ-ညနှင့် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၂၇ တို့တွင် ထည့်သွင်း ဖော်ပြထားသော သတိပေးတားမြစ်ခြင်း ကိစ္စ၌ မြန်မာ့အလင်းသတင်းစာ၌ ဖော်ပြထားချက်ကိုသာ ပြန်လည်ရှင်းလင်းကြေညာပြီး ကြေးမုံသတင်းစာ၌ ထည့်သွင်းဖော်ပြထားချက်တို့နှင့် ပတ်သက်၍ ပြန်လည်ရှင်းလင်းဖော်ပြနိုင်သည့် အခွင့်အရေးရှိပါလျက် ဖော်ပြမှုမပြုခြင်းသည် တစ်စိတ်တစ်ပိုင်းအားဖြင့် ဥပဒေမူသဘောအရ ဝန်ခံရာ ရောက်သည်မှာ ထင်ရှားနေပါသည်။

၉။ ကျွန်ုပ်တို့၏အမှုသည်အနေဖြင့် **ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံသီရိစိမ်းလဲ့ကန်သာအိမ်ရာစီမံကိန်းဝင်း၊ လူနေရပ်ကွက်၊ မြေတိုင်းအမှတ် -၁၄၂ ရှိ ဒေါ်စပါယ် တရားဝင်ဂရန် အမည်ပေါက် မြေကွက်(၃၃)ကွက်ဖြစ်သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများ** နှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့၏ အမှုသည်က ၉-၂-၂၀၂၀ပြည့် နေ့ထုတ်ကြေးမုံသတင်းစာ စာမျက်နှာ-ညနှင့် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၂၇ တို့တွင် ထည့်သွင်းဖော်ပြထားသော အချက်အလက်တို့ကိုသာ ဆက်လက် စွဲမြဲပြီး ထိုအချက်များနှင့် ဆန့်ကျင်သော ၁၇-၂-၂၀၂၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ- ၂၅ပါ လူကြီးမင်းတို့၏ ပြန်လည်ရှင်းလင်းကြေညာခြင်းနှင့် ပတ်သက်၍ လုံးဝအသိအမှတ်ပြု လက်မခံဘဲ လိုအပ်သည့်အတိုင်းအတာဖြင့် ထပ်မံ၍ သတင်းစာများ၌ ထည့်သွင်းမှုမပြုတော့မည်အပြင် ရက်မသတ်မှတ်တော့ဘဲ တရားဥပဒေကြောင်းအရ တရားရုံး၏ အဆုံးအဖြတ်ကိုခံယူရန် ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း ပြတ်သားစွာ ပြန်လည်ရှင်းလင်းသတိပေးတားမြစ်ပါသည်။

### HYGIENIC LEGAL CLINIC LAW FIRM

[၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၃၈၉ နှင့်အညီ နှစ်စဉ်-ဝင်ငွေခွန်ထမ်းဆောင်သောရှေ့နေများ]

ဒေါ်စပါယ်၏လွှဲအပ်ညွှန်ကြားချက်အရ

| | | |
|---|---|---|
| ရောဘတ်စန်းအောင် | ဒေါ်အေးအေးသက် (ကျောင်းကုန်း) | ဒေါ်အေးအေးဝင်း(ပုသိမ်) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၂၄၆၉) | တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၂၀) | တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၃၄) |
| ဒေါ်မေနှင်းဦး(မိတ္ထီလာ) | ဦးမျိုးမင်းဇော်(မန္တလေး) | ဒေါ်သန်းသန်းစိုး(မန္တလေး) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၆၁) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၄၄) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၆၅) |
| ဦးကျော်လတ်စိုး | ဦးသိန်းဌွေးအောင် | ဒေါ်အေးအေးမျိုး(ကြံခင်း) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၇၇) | အထက်တန်းရှေ့နေ(စဉ်-၃၅၉၄၉) | အထက်တန်းရှေ့နေ(စဉ်-၄၀၉၀၇) |
| ဦးရန်နိုင်လင်း(တောင်ကုတ်) | ဦးညီညီလွင် | ဒေါ်ခင်ခင်နွယ် (ကျောက်ဖြူ) |
| အထက်တန်းရှေ့နေ(စဉ်-၄၈၅၅၆) | အထက်တန်းရှေ့နေ(စဉ်-၅၀၉၃၂) | အထက်တန်းရှေ့နေ(စဉ်-၅၁၆၇၆) |

**ရုံးအမှတ်-၁၇၃၊ ပထမထပ်၊ သိမ်ဖြူလမ်း၊ ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း-၀၁ ၃၉၄၃၂၄**

ဒေါ်စပါယ်
(အမှုလွှဲအပ်ညွှန်ကြားသူ)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ လမ်း၊ တံတား ဒါယိကာမကြီး

## ဒေါ်ကျင်လှ (မြောင်းမြ)

**အသက် (၈၅) နှစ်**

မြောင်းမြမြို့နေ (ဦးရောင်ရှိန်-ဒေါ်ကျော့)တို့၏သမီး၊ (ဦးဟုတ်ယုံ)၏ဇနီး၊ (ဦးကာရီ-ဒေါ်နု)၊ (ဦးဟုတ်ရှမ်း-ဒေါ်ပု)၊ (A1 ဦးစိုးမြင့်)၊ အဆိုတော် စည်သူဒေါ်တင်တင်မြတို့၏ ချစ်လှစွာသောညီမ၊ အမှတ်(၂၀)၊ ကျားကွက်သစ်လမ်း၊ ကျောက်မြောင်းနေ (မမြင့်မြင့်)၊ ဦးကြည်ဝင်း-ဒေါ်ကျင်စော (နေတံခွန်လျှပ်စစ်ပစ္စည်း)၊ ဦးခင်မောင်ကြီး(တရားသူကြီးချုပ်၊ မွန်ပြည်နယ်)-ဒေါ်ကြည်ကြည်၊ Capt:ဦးငွေးမြင့်(အတွင်းရေးမှူး၊ ရွှေပါရမီဖောင်ဒေးရှင်း)၊ ဦးဝင်းနိုင်-ဒေါ်ချိုချိုသန်းတို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေး လေးယောက်၊ မြစ်ရှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၆-၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၄:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃-၃-၂၀၂၀ (အင်္ဂါနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ရက်လည်ဆွမ်းကျွေးတရားတော်နာဖိတ်ကြားလွှာ

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးကိုလေး (ရေဦး)

**ဒုတိယအထွေထွေမန်နေဂျာ (ငြိမ်း)၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း**

**အသက် (၈၈) နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နေ (ဦးအောင်ဘ-ဒေါ်ပိုက်)တို့၏သား၊ ရမည်းသင်းမြို့နေ (ဦးခင်မောင်သန်း-ဒေါ်နွဲ့ဝင်း)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂၂)၊ တော်ဝင်ရိပ်သာနေ ဒေါ်ခင်မူမူသန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်ချုပ်မြင့်နွယ်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)-ဒေါ်စိမ်းမြတ်သူ၊ ဦးသက်နိုင်ဦး (ညွှန်ကြားရေးမှူးချုပ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန)-ဒေါ်ဝင်းစံဖြူတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မယမုံဖြူဦး (SATHAPANA LIMITED)၊ ဒေါက်တာထိုက်အောင်မြင့်နွယ်(ဘွဲ့လွန် စိတ်ကျန်းမာပညာ)၊ ကိုထူးဇော်အောင်(ဒု-လေယာဉ်မှူး၊ MAI)-မစိုးယမင်းမြင့်နွယ်တို့၏ချစ်လှစွာသောအဘိုး ဦးကိုလေး(ရေဦး)သည် ၂၃-၂-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၅:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူအားရည်စူး၍ ၂၉-၂-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးဝင်းမောင် (ခ) ရွှေမောင် (ရေစကြိုမြို့) (၈၉) နှစ်

**အလက(ရဲမွှန်)၊ ကျောင်းအုပ် (ငြိမ်း)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်(တောင်)ရပ်ကွက်၊ ဝေဠုဝန်လမ်းကျယ်၊ အမှတ်(၄၃/၄၅)၊ ပထမထပ်နေ (ဦးဘိုးကျော်-ဒေါ်ခင်မ)တို့၏သား၊ (ဦးဘသွင်-ဒေါ်ရင်မြ)၊ (ဦးတင့်ကျော်-ဒေါ်မိမိ)တို့၏ ညီ/မောင်၊ (ဒေါ်တင်တင်ထွေး)၊ (ဦးအောင်သူ)-ဒေါ်ဝင်းဝင်းလတ်တို့၏အစ်ကို၊ ဒေါ်ရီရီ (ကျောင်းအုပ်-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်ဇေယျ-ဒေါ်နီနီအေး၊ ဦးကျော်ဆွေသန့်-ဒေါ်စုမာမြင့်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၆-၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၆:၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၃-၂၀၂၀ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးဝင်းနိုင်စိုး (ကန်တော်လေး)

**ပြည်တွင်းအခွန် (ဗိုလ်တထောင်မြို့နယ်)**

**အသက် (၄၉)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ (၉၄)လမ်း၊ အမှတ်(၄၄)၊ (ပ) ထပ်နေ [ဦးစိုးမြင့်(ခ) ဦးစိုးလေး]-ဒေါ်စန်းရီတို့၏သား၊ ဒေါ်စိုးစိုးနိုင်၊ ဒေါ်စိုးစိုးနွယ်၊ ဦးမင်းနိုင်စိုး-ဒေါ်နိုင်နိုင်ဝင်း၊ ဒေါ်လွင်လွင်စိုး၊ (မအိအိခိုင်)တို့၏မောင်သည် ၂၅-၂-၂၀၂၀ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၃-၂၀၂၀ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးဝင်းမောင် (ခ) ရွှေမောင် (ရေစကြိုမြို့)**

အလက(ရဲမွှန်)၊ ကျောင်းအုပ် (ငြိမ်း)

**အသက် (၈၉) နှစ်**

သူငယ်ချင်း ဦးကျော်ဇေယျ (တရားလွှတ်တော်ရှေ့နေ)-ဒေါ်နီနီအေးတို့၏ဖခင်၊ ဒေါ်ရီရီ (ကျောင်းအုပ်-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်းသည် ၂၆-၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၆:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**LL.B (96 Batch ဘွဲ့ရ) သူငယ်ချင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ လမ်း၊ တံတား ဒါယိကာမကြီး

**ဒေါ်ကျင်လှ (မြောင်းမြ)**

**အသက် (၈၅) နှစ်**

ရန်ကုန်မြို့၊ အမှတ်(၂၀)၊ ကျားကွက်သစ်လမ်း၊ ကျောက်မြောင်း နေ Capt:ဦးငွေးမြင့်(အတွင်းရေးမှူး၊ ရွှေပါရမီဖောင်ဒေးရှင်း)၏ ကျေးဇူးရှင်မိခင်ကြီးသည် ၂၆-၂-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်ပိုးဖြူ၊ ဒေါ်နိုင်နိုင်ဦး၊ ဒေါက်တာမြသီတာ၊**
**ဒေါ်ဝေဝေမွန်၊ မဝင်းရွှေစင်မျိုး၊ မအိသဉ္ဇာလှိုင်**
**လေးကျွန်းသူဖောင်ဒေးရှင်းညီအစ်မများ**

---

နိုင်ငံ သာယာ ဝပြောဖို့ သဘာဝ တောတွေ ထိန်းသိမ်းစို့

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ကျင်လှ**

**အသက် (၈၅) နှစ်**

မွန်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးခင်မောင်ကြီးနှင့် ဇနီး ဒေါ်ကြည်ကြည်တို့၏မိခင်ဖြစ်သူ ဒေါ်ကျင်လှသည် ၂၆-၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ၊**
**ပြည်နယ်တရားရေးဦးစီးမှူးနှင့် တရားရေးအရာရှိများ၊**
**ဝန်ထမ်းမိသားစုများ၊ မွန်ပြည်နယ်တရားလွှတ်တော်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ကျင်လှ**

**အသက် (၈၅) နှစ်**

မွန်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးခင်မောင်ကြီးနှင့် ဇနီး ဒေါ်ကြည်ကြည်တို့၏မိခင် ဒေါ်ကျင်လှ အသက်(၈၅)နှစ်သည် ၂၆-၂-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်ဝင်း (တရားလွှတ်တော်ရှေ့နေ)-**
**ဒေါ်အေးမြိုင်(ဒုခရိုင်တရားသူကြီး-ငြိမ်း၊ တရားလွှတ်တော်ရှေ့နေ)**
**မော်လမြိုင်မြို့**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်နွယ်

**ညွှန်ကြားရေးမှူး (ငြိမ်း)**

**နိုင်ငံတော်သမ္မတရုံး**

**အသက် (၆၉) နှစ်**

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ အမှတ် (4/5)၊ နှင်းချယ်ရီ (၂)လမ်း၊ နှင်းဥယျာဉ်အိမ်ရာနေ (ဦးချစ်လှိုင်-ဒေါ်ခင်တင့်)တို့၏ သမီးလတ်၊ (ဦးခိုင်ထွန်း)၏ ဇနီး၊ ဒေါ်သောင်းမြင့်၊ ဒေါ်စန်းစန်းမြင့်တို့၏ ညီမ၊ ဦးကျော်ရွှေ၊ ဦးကျော်ငွေတို့၏ အစ်မကြီး၊ ဦးဖြိုးခိုင်ဦး-ဒေါ်ဆွေစန္ဒာအေးတို့၏ မိခင်၊ မောင်ရဲရင့်ဖြိုး၊ မကြေယ်စင်ဖြိုးတို့၏ အဘွားသည် ၂၆-၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်မြမြ**

**အသက် (၇၅) နှစ်**

ဗိုလ်ကြီးအောင်လွင်ဦး (ငြိမ်း)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး)၏ဇနီး ဒေါ်သီသီခိုင်၏ မိခင်ကြီးဖြစ်သူ ဒေါ်ခင်မြမြ အသက်(၇၅) နှစ်သည် ၂၄-၂-၂၀၂၀ (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**နေပြည်တော်၊ သီဟ (၈၅) မိသားစုများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ကြည် (မင်းတိုင်ပင်ရွာ)**

**အသက် (၈၄) နှစ်**

ရန်ကုန်တက္ကသိုလ်၊ ရှေးဟောင်းသုတေသနပညာဌာနမှ ဒေါက်တာကျော်မျိုးဆက်(ပါမောက္ခ)၏မိခင်ကြီး ဒေါ်ကြည် အသက် (၈၄)နှစ်သည် ၂၆-၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ/ဌာနမှူး၊ ဆရာ/ဆရာမများ**
**ရှေးဟောင်းသုတေသနပညာဌာန**
**ရတနာပုံတက္ကသိုလ်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ကြည် (မင်းတိုင်ပင်ရွာ)**

**အသက် (၈၄) နှစ်**

ရန်ကုန်တက္ကသိုလ်၊ ရှေးဟောင်းသုတေသနပညာဌာနမှ ဒေါက်တာကျော်မျိုးဆက်(ပါမောက္ခ)၏မိခင်ကြီး ဒေါ်ကြည် အသက် (၈၄) နှစ်သည် ၂၆-၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Archaeology (YU) 1st batch (1992–Intake)**
**သူငယ်ချင်းများ**

---

# အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## ဟာဂျီ ဦးစိုးမြင့်(ခ)ရှိုက်အာလမ်

## အသက်(၇၂)နှစ်

## (Chairman and Founder)

## (သရဖူစိုးမြင့်ကုမ္ပဏီ)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ အေးရိပ်မွန်(၇)လမ်း၊ အမှတ်(၃/၅)နေ (ဦးဘိုကေ-ဒေါ်မာရန်)တို့၏သား၊ ဦးစန်းအောင်-ဒေါ်ဟာဂျီမ ဒေါ်ခင်သန်းမြင့်၊ (ဦးလှထွန်း-ဒေါ်ချိုချိုလွင်)၊ (ဦးစန်းလွင်)၊ ဦးအေးမင်းငွေး(ဒါရိုက်တာ)-ဒေါ်နွယ်နီတင် (ဒါရိုက်တာ) (သရဖူစိုးမြင့်ကုမ္ပဏီ)၊ ဦးကျော်ဇင်ထွေး(MD)-ဒေါ်ကေကေခိုင်(ဒါရိုက်တာ) (သရဖူစိုးမြင့်ကုမ္ပဏီ)တို့၏ချစ်လှစွာသောဖခင် ဟာဂျီမ ဒေါ်ယဉ်စိန်၏ ခင်ပွန်းဖြစ်သူ၊ မြေး(၁၅)ယောက်၊ မြစ်(၈)ယောက်တို့၏အဘိုးဖြစ်သူသည် ၂၆-၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂:၃၅ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၇-၂-၂၀၂၀ ရက် (ကြာသပတေးနေ့) မွန်းလွဲတွင် ဇိုဟိုရ်အပြီး၊ ရေဝေးတွင်ဒါဖနာမည်ဖြစ်ပါ၍ မင်္ဂဖိရသ်တွက် ဒုအာပြုပေးမည်ဖြစ်ကြောင်း ဖိတ်ကြားအပ်ပါသည်။

- နေအိမ်မှကားများ (၁၀:၀၀)နာရီ ထွက်မည်။
- သီရိမွန်ပလာဇာမှ ကားများ(၁၁:၀၀)နာရီထွက်မည်။

ကျန်ရစ်သူမိသားစု

# ဦးအေးဇော်ဝင်း

## အသက် (၇၂) နှစ်

ရန်ကုန်မြို့၊ အေဒီလမ်း/မေခလမ်းနေ [သံအမတ်ကြီး ဦးဇော်ဝင်း (ခ)ဇော်မြင့်သိန်း-ဒေါ်မြင့်မြင့်ကြီး]တို့၏ သားထွေး၊ [ဗိုလ်ချုပ်ကြီး နေဝင်း (ငြိမ်း)-ဒေါ်ခင်မေသန်း ]တို့၏သားသမက်၊ ဗိုလ်မှူးဒေါ်ခင် စန္ဒာဝင်း(ငြိမ်း)၏ ခင်ပွန်း၊ ကိုအေးနေဝင်း၊ ကိုကျော်နေဝင်း၊ ကိုဇွဲ နေဝင်း-မပြည့်စိုးနိုင်တို့၏ ဖခင်၊ မခင်နေဝင်း၏အဘိုး၊ ဒေါ်ခင် အေးဝင်း-ဗိုလ်မှူးကြီးမောင်မောင်အေး၊ ဦးကျော်ဇော်ဝင်း-ဒေါ်ခင် သူဇာချမ်းထွန်း၊ ဒေါ်နီနီနေဝင်း-ဦးနေဝင်း၊ ဒေါက်တာဘိုဇော်ဝင်း- ဒေါ်မိမိလေး၊ ဗိုလ်ကြီးလင်းဇော်ဝင်း-ဒေါ်အုန်းဆက်တို့၏ ညီ/မောင် ဦးအေးဇော်ဝင်းသည် ၂၆-၂-၂၀၂၀ ရက် ညနေ ၄:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၈:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း။ ကျန်ရစ်သူမိသားစု

### ဒေါ်ယဉ်ယဉ်နွဲ့ (သာယာဝတီမြို့)

#### အသက် (၇၆) နှစ်

သာယာဝတီမြို့နေ (ဦးမောင်တင့်-ဒေါ်ညို)တို့၏သမီး၊ (ဦးအုန်းမောင်-ဒေါ်လှခင်)တို့၏သမီးချွေးမ၊ အမှတ်(၂၄)၊ ဗိုလ်မြဒင်လမ်း၊ အလယ်ပိုင်းရပ်ကွက်၊ သာယာဝတီမြို့နေ ဦးမင်းအောင် (သာယာဝတီမြို့နယ်၊ ပညာရေးမှူးရုံး၊ စာရေးကြီး-ငြိမ်း)၏ဇနီး၊ ဦးသောင်းဒန်-ဒေါ်ကေကေအောင်၊ ဦးကျော်ကျော် အောင်-ဒေါ်စုစု၊ ဦးမင်းသူအောင်-ဒေါ်သဲဦးပန်းတို့၏မိခင်ကြီး၊ မြေးငါးယောက် တို့၏အဘွား ဒေါ်ယဉ်ယဉ်နွဲ့သည် ၂၆-၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၅:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် သာယာ ဝတီမြို့၊ ထောင်ကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဦးမြင့်ဟန်

ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (DYGM-Channel MI)

#### အသက် (၆၂) နှစ်

ရန်ကုန်မြို့နေ (ဦးဇော်ဝင်း-ဒေါ်စိန်ရီ)-ဒေါက်တာဒေါ်တင်တင်ဝင်းတို့၏ သားကြီး၊ (ဦးရဲလှ-ဒေါ်စိန်စိန်သန့်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်း မြို့နယ်၊ (၂)ရပ်ကွက်၊ အောင်ရတနာလမ်း၊ အမှတ်(၁၀/ခ)နေ ဒေါ်ခင်နီလာလှ (ဒုဦးစီးမှူး၊ ပညာရေး-ငြိမ်း)၏ ခင်ပွန်း၊ ကိုကျော်မင်းဟန်-မမျိုးသိမ့်သိမ့်နွေး၊ ကိုသီဟန်စိုး-မသီရိကျော်တို့၏ဖခင်၊ မောင်ကောင်းဆက်ဟန်၏အဘိုး၊ (ဦးဉာဏ် သိန်း)-ဒေါ်အေးအေးလှိုင်၊ (ဦးသိန်းမြင့်)-ဒေါ်စန္ဒာထွန်း၊ ဦးခင်လတ်-ဒေါ်စန္ဒာ ထက်၊ ဦးဝဏ္ဏထွေး၊ မသွယ်သွယ်အောင်၊ မခင်ရူပါသင်း၊ ဒေါ်ခင်စန္ဒာဝင်းတို့၏ အစ်ကိုကြီး၊ တူ/တူမ ၁၂ ယောက်တို့၏ ဦးလေးသည် ၂၆-၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၂၀ (သောကြာနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးကြည်ရွှေ

### အသက် (၅၄) နှစ်

ပေါင်းတည်မြို့၊ အရှေ့လမ်း၊ အမှတ်(၃၆)၊ မင်းကွက်(၁)ရပ်ကွက် နေ (ဦးထွန်းမြင့်-ဒေါ်ပိုးကြည်)တို့၏သားငယ်၊ ရန်ကုန်မြို့၊ စမ်းချောင်း မြို့နယ်၊ အရှေ့ကုန်းလမ်း၊ အမှတ်(၄)နေ ဦးဘို-ဒေါ်မာမာတင်တို့၏ သားသမက်၊ ဦးကျော်စိုး-ဒေါ်ချစ်ချစ်မင်း၊ ဒေါ်ချိုချိုမြင့်၊ ဦးဝင်းမြင့်၊ ဦးသူရ-ဒေါ်ခင်စန်းမြင့်တို့၏ညီ/မောင်၊ Capt.ဇော်မင်းထွန်း(BSM)- ဒေါ်တင်တင်ဌေး၊ ဒေါ်ညွန့်ညွန့်စိန်၊ ဦးကျော်မြင့်၊ ဦးကျော်မျိုးအောင် (AGM၊ ညောင်ဦးခရိုင် လျှပ်စစ်ဓာတ်အားပေးရေး)-ဒေါ်ဝင်းသန္တာဘို၊ ဦးဆန်း ဝင်း-ဒေါ်နွယ်နွယ်အေး၊ CE.မင်းဆွေ-Dr.ခင်အိအိတင်(Precious THET Gems)တို့၏အစ်ကို/ညီ/မောင်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သုမေ့ဓာရီလမ်း၊ အမှတ်(၄၄၈/၄၅၀)၊ အခန်း (၁၀၃)နေ ဒေါ်စန္ဒာချို၏ချစ်လှစွာသောခင်ပွန်းသည် ၂၆-၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၃:၄၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန် သွားပါသဖြင့် ၂၇-၂-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကား များ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၃-၂၀၂၀ (အင်္ဂါနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဦးကျော်ဦး

#### အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၄)ရပ်ကွက်၊ အမှတ်(၁၁)၊ (၉)လမ်းနေ (ဦးလှမြင့်-ဒေါ်ကျင်ထွေး)တို့၏ သားကြီး၊ (ဦးတင့်ဆွေ-ဒေါ်သန်းမြင့်)တို့၏ သားသမက်၊ ဦးစစ်မောင်-[ဒေါ်ကျင်ဟုန်(စိန်မေတ္တာပွဲရုံ)]တို့၏ တူ၊ ဒေါ်ရွှေရွှေမြင့် ၏ ခင်ပွန်း၊ မမေသန္တာဦး (Get All Myanmar Co.,Ltd)၊ မဆုမွန်ကျော် (အထက- ၂၊ လသာ၊Grade 11-A)တို့၏ ဖခင် ဦးကျော်ဦးသည် ၂၅-၂-၂၀၂၀ (အင်္ဂါနေ့)နံနက် ၁:၃၀ နာရီတွင် ဗဟိုရ်စည်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇- ၂-၂၀၂၀ (ကြာသပတေးနေ့)ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီး သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြား အပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန် သူအားရည်စူး၍ ၂-၃-၂၀၂၀ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါ သည်။] ကျန်ရစ်သူမိသားစု

## အနိစ္စ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးစောလှိုင်

ဦးစီးအရာရှိ(ငြိမ်း)
အကောက်ခွန်ဦးစီးဌာန
မင်းကွန်းတောရ ပရိယတ္တိကျောင်း
ဂေါပကအဖွဲ့ နာယက

#### အသက် (၈၄) နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁) ရပ်ကွက်၊ အမှတ်(၂၆)၊ အောင်မာဃ လမ်းနေ (ဆရာ ဦးဘဦး-ဆရာမကြီး ဒေါ်ငြိမ်းနု)တို့၏သား၊ ဒေါ်ညွှန့်ရွှေ (ဆလရ-ငြိမ်း)၏ခင်ပွန်း၊ ဦးစိုးထက် ဇော်-ဒေါ်ပွင့်ဝေလှိုင်တို့၏ဖခင်၊ မဖူးပွင့်ပြည့်ဇော်၏ ချစ်လှစွာသော အဘိုး ဦးစောလှိုင်သည် ၂၆-၂-၂၀၂၀ ရက် နံနက် ၄:၄၁ နာရီတွင် ကွယ် လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ နံနက် ၁၁:၃၀ နာရီ တွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီး စီးပါကြောင်း။ [ကွယ်လွန်သူအားရည် စူး၍ ၃-၃-၂၀၂၀ (အင်္ဂါနေ့) နံနက် ၇ နာရီတွင် ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**သစ်တော မှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ချစ်မေ

#### အသက် (၈၉) နှစ်

စစ်ကိုင်းမြို့၊ ပိုးတန်းရပ်၊ ဇေယျာလမ်းနေ ဦးမြင့်သိန်းဦး(ခ) ဦးမျိုး သိန်းထွန်းအောင်-ဒေါ်ဇာခြည်လင်းလင်း၊ ဦးလှမျိုးမြင့်-ဒေါ်နီနီဝင်း၊ ဦးလှ မျိုးကြိုင်-ဒေါ်မြမြ၊ ဦးစိုးလင်း-ဒေါ်ရွှေရွှေရီ၊ ဦးအောင်စိန်ဝင်း၊ ဦးကျော် ကျော်စိုးတို့၏ မွေးသမိခင်၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီး၊ ပိုးတန်းရပ်၊ ဇေယျာလမ်းနေ [ဦးစိန် (စိန်ကျီးမင်းမုန့်တိုက် ပိုင်ရှင်)]၏ ချစ်လှစွာသောဇနီးသည် ၂၆-၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၆:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် အေးငြိမ်းမြေသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးလှကြိုင်

### အသက် (၈၈) နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း(အထက်) ရပ်ကွက်၊ ရွှေဘိုလမ်း၊ အမှတ်(၁၇)၊ မြေညီထပ်နေ (ဒေါ်ခင်လှဲ)၏ ခင်ပွန်း၊ ဒေါ်သန်းသန်းဝင်း၊ ဦးသိန်းထွဋ်-ဒေါ်သန်းသန်းလွင်၊ ဦးဟန်ဝင်းအောင်-ဒေါ်အေးအေးဝင်းတို့၏ ချစ်လှစွာသောဖခင်၊ မယဉ်ယဉ်ဝင်း၊ မောင်ဖြိုးစည်သူ၊ မဇုသီရိရှိန်၊ မောင်မြတ်မင်းခန့်၊ မောင်ရွှေကုဋေအောင်၊ မောင်ဟန်ထူးမင်းတို့၏ အဘိုးသည် ၂၅-၂-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၁:၃၀ နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၂-၂၀၂၀ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်ဝေး ရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေး အကြောင်း ကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဒေါ်ချို (အလုံ)

#### အသက် (၈၁) နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ နှင်းဆီကုန်းလမ်း၊ ၂၉(လေးလွှာ)နေ (ဦးချွန် နန်း-ဒေါ်အုန်းတင်)တို့၏ သမီး၊ (ဦးကြည်မြင့်)၏ဇနီး၊ ဒေါ်ဝါဝါမြင့်၊ ဦးသိန်းထွန်း၊ ဦးသိန်းဇေမြင့်-ဒေါ်ဝင်းဝင်းချို(မ-၅၊ ဒေါပုံ)၊ (ဦးရဲမြင့်အောင်)၊ ဒေါ်လဲ့လဲ့ကြည်၊ ဦးကျော်ထင်တို့၏ မိခင်၊ မမေသက်ခိုင်၏ဘွားဘွား ဒေါ်ချိုသည် ၂၅-၂-၂၀၂၀ (အင်္ဂါနေ့) ည ၇:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၂၀ (ကြာသပတေး နေ့) ညနေ ၃ နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၃-၂၀၂၀ (တနင်္လာနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက် ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးရွှေမင်း (ဘားအံ)

(ဦးရွှေမင်းနှင့် သားများ စက်မှုလက်မှုတောင်ဒဂုံ)

#### အသက် (၇၉) နှစ်

ရန်ကုန်မြို့၊ပုဇွန်တောင်မြို့နယ်၊ (၁) ရပ်ကွက်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် (၂၂၁/၂၂၃)နေ (ဒေါ်မြင့်မြင့်စိုး)၏ ခင်ပွန်း၊ ကိုနိုင်ဝင်း-မဇာဏီဝင်း၊ ကိုအောင်မြတ်၊ မအေးသက်ချိုတို့၏ဖခင်၊ မောင်အောင်ပြည့်စုံမင်း၊ မသျှားသီရိသူ၊ မကြည်စင်လင်းလက်တို့၏အဘိုးသည် ၂၅-၂-၂၀၂၀ (အင်္ဂါနေ့) ည ၇:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါ နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၃-၂၀၂၀ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ခင်စောမြင့်

မူလတန်းပြဆရာမ (ငြိမ်း)၊ ထန်းတပင်

### အသက် (၇၅) နှစ်

ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့၊ သမ္မတရပ်ကွက်နေ (ဦးတင်-ဒေါ်မြကြည်)တို့၏ သမီး၊ (ဦးရှု-ဒေါ်ပု)တို့၏ သမီးချွေးမ၊ (ဦးဌေးလွင်)၏ဇနီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉) ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အမှတ် (၉၄၅/၉၄၆)နေ ဦးသိန်းနိုင်-ဒေါ်သီရိလွင်၊ ဦးတင်လှိုင်-ဒေါ်သန္တာလွင်၊ ဗိုလ်မှူးအောင်ကျော်မိုး (တပ်မတော်-ရေ-ငြိမ်း)ရေကြောင်းပြမှူးကြီး မြန်မာ့ဆိပ်ကမ်းအာဏာ ပိုင်) - ဒေါ်နော်ချောချောသိန်းတို့၏ မွေးသမိခင်၊ မောင်အောင်ပြည့်ဖြိုး၊ မောင်ကောင်းခန့်ကျော်၊ မအေးမြမြမိုး၊ မောင်အံ့သော်မိုးတို့၏အဘွား ဒေါ်ခင်စောမြင့်သည် ၂၆-၂-၂၀၂၀ ရက် မွန်းလွဲ ၂:၅၅ နာရီတွင် ပင်လုံ ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၂၀ (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဦးကျော်ဇင်

ဦးစီးအရာရှိ (ငြိမ်း)၊ သမဝါယမဦးစီးဌာန

#### အသက် (၇၄) နှစ်

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ရွှေဘိုးကြီးကျေးရွာနေ (ဦးစိန်ခို- ဒေါ်အေးနု)တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၁)ရပ်ကွက်၊ မြဝတီမင်းကြီး(၃)လမ်း၊ အမှတ်(၁၁၈၅/က)နေ (ဒေါ်လှဝင်း)၏ခင်ပွန်း၊ မခင် ချိုလေး၊ မနီလာ(ဒုရဲအုပ်-ငြိမ်း)၊ ကိုနေလင်း(ကျောက်တော်)၊ မဘူဘူမြင့်(လယ်/ ပြ)၊ ကိုထက်မြတ်မိုး(အကျဉ်းဦးစီး၊ အင်းစိန်)-မသင်းယုနိုင်၊ ကိုဇော်နိုင်ဝင်း- မဇာနည်ကျော်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၆-၂-၂၀၂၀ (ဗုဒ္ဓဟူး နေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကား များ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၃- ၂၀၂၀ (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ရင်ရွှေ (မော်လမြိုင်)

#### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊ အမှတ်(၄၄/ပ)ထပ်၊ (၈)လမ်းနေ (ဦးသောင်းဟို-ဒေါ်ငြိမ်းရွှေ)တို့၏ သမီး၊ ဦးမောင်လေး၏ ဇနီး၊ ဒေါ်မြင့်မြင့်ဆွေ၊ (ဦးလှမိုး)၊ (ဦးတင်ထွဋ်)-ဒေါ်ခင်ခင်ဝင်း၊ ဦးမင်းထွဋ်- ဒေါ်မျိုးမျိုးမြင့်၊ ဦးမင်းသိန်း-ဒေါ်မိုးမိုး(ဗဟန်း)တို့၏ မိခင်ကြီး၊ မြေး ငါးယောက်တို့၏ အဘွားသည် ၂၅-၂-၂၀၂၀ (အင်္ဂါနေ့) နံနက် ၃:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။ (အမှတ်-၃၆၊ ပြည်ထောင်စုလမ်း၊ ဗဟန်းနေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၂-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အမှတ်-၃၆၊ ပြည်ထောင်စုလမ်း၊ ဗဟန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးမောင်ကြည်

BOSUN EX.TOMOE SHIPPING

#### အသက် (၈၆)နှစ်

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နေ (ဦးကြင်-ဒေါ်အေးခင်)တို့၏သား၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ပုသိမ်မြေရပ်ကွက်၊ ပုသိမ်မြေ (၁၂)လမ်း၊ အမှတ်(၂၁၅) နေ Capt.ဦးကျော်ညွှန့်-ဒေါ်ယဉ်ယဉ်နိုင်၊ ဒေါ်မော်မော်၊ ဦးကျော်ရွှေ၊ ဦးစိုးတင့်- ဒေါ်တင်တင်ကြည်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ငါးယောက်တို့၏အဘိုး၊ ဒေါ်မြအေး၏ ချစ်လှစွာသောခင်ပွန်းသည် ၂၆-၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် နံနက် ၁၁ နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃-၃-၂၀၂၀ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ဒေါပုံမြို့နယ်၊ ပုသိမ်မြေ ရပ်ကွက်၊(၁၂)လမ်း၊ အမှတ် (၂၁၅) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဒေါ်မြနှင်း (ခ) ဒေါ်မော်လီတိတ်

ကထိက (ငြိမ်း)၊ မော်လမြိုင်တက္ကသိုလ် (ပထဝီဝင်ဌာန)

#### အသက် (၈၅) နှစ်

မော်လမြိုင်မြို့နေ (ဦးဟုတ်တိတ်-ဒေါ်ဘိရှူ)တို့၏သမီး၊ ရန်ကုန်မြို့၊ ဆရာစံတောင်စံပြရပ်ကွက်၊ ဆရာမကြီးလမ်း၊ အမှတ်(၄၀/၄၂)နေ (ဦးချစ်မြိုင်)၏ ချစ်လှစွာသောဇနီး၊ ဒေါ်အေးမွန်၊ (ဦးထင်ကျော်)-ဒေါ်ယဉ်ယဉ်စိုးတို့၏ မိခင်၊ (ဦးရွှေအောင်)-ဒေါ်ခင်မေရွှေ၊ (ဦးကြည်အေး-ဒေါ်ခင်စောနွယ်)တို့၏ ညီမ၊ ဒေါ်မြခိုင်၏ အစ်မ၊ ဒေါက်တာဦးမွန်-ဒေါ်စန်းစန်းနွယ်၊ ဒေါက်တာဦးနိုင်- ဒေါ်စန္ဒာမျိုး၊ ဒေါက်တာဇော်ထွဋ်-ဒေါက်တာယဉ်မွန်သန့်တို့၏ အဒေါ်၊ မြေး ကိုးယောက်တို့၏အဘွား ဒေါ်မြနှင်းသည် ၂၅-၂-၂၀၂၀ (အင်္ဂါနေ့) ညနေ ၄ နာရီ တွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၂၀ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ် မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၃-၂၀၂၀ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

### ဦးစိုးမြင့်မောင်

(MSCQ-Chem.DPMS Medical Thenology 2nd Batch Paramedical Science) Serior Medical Technologist Nuclear Medicine Dept.YGH

#### အသက် (၇၅) နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ အောင်ဓမ္မရိပ်သာလမ်း၊ အမှတ် (၂၆၆/၁၅)နေ [ဦးမြမောင်-ဒေါ်သန်း(ဟင်္သာတမြို့)]တို့၏ သားကြီး၊ ဒေါ်မြမြ (Retired Pharmacist YGH)၏ခင်ပွန်း၊ ဦးဇော်စိုးဦး-Dr.ယမင်း(USA)၊ ဦးသူရ- ဒေါ်နှင်းသီတာ(အာဇီဝဆေးဆိုင်)၊ ဦးအောင်မွန်စိုး-ဒေါ်စန္ဒာလင်း၊ ဦးအေးမင်းပါ- ဒေါ်မြသီတာစိုး(YTL Cement)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်အောင်ပြည့် ကျော်စိုး(S'pore)၊ မစုစန္ဒီစိုး၊ မောင်စိုးဝဏ္ဏ၊ မောင်စိုးနန္ဒ(USA)၊ မောင်သူရိယ အောင်၊ မောင်မင်းသုတတို့၏ချစ်လှစွာသောအဘိုးသည် ၂၆-၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၉:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည် စူး၍ ၃-၃-၂၀၂၀ (အင်္ဂါနေ့)နံနက်တွင် အောင်ဓမ္မရိပ်သာလမ်း၊ အမှတ်(၂၆၆/၁၅) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါ သည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်အေးအေးကြည် (B.Com)

#### အသက် (၅၈) နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ လှည်းတန်း(၇)လမ်း၊ အမှတ် (၃၄)၊ လေးလွှာနေ (ဦးထွန်းကြည်-ဒေါ်တင်ကြွေ)တို့၏ သမီး၊ (ဦးတင်မောင်- ဒေါ်သောင်းမြင့်)တို့၏ သမီးချွေးမ၊ [ဦးမြင့်ဆွေ(ခ)မောင်မောင်]၏ချစ်လှစွာသော ဇနီး၊ ကိုကျော်ကိုကို-မပြုံးလဲ့မွန်၊ ဒေါက်တာနေလင်း-ဒေါက်တာသက်ဆုမွန်၊ ကိုမင်းကိုကိုတို့၏ ချစ်လှစွာသောမိခင်၊ မပြုံးသီရိစံ(ခ)မီးတုံ၏ အဘွားသည် ၂၅-၂-၂၀၂၀ ရက် နံနက် ၆:၅၃ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန် သွားပါသဖြင့် ၂၇-၂-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်အေးအေးကြည် (B.Com)

#### အသက် (၅၈) နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ လှည်းတန်း(၇)လမ်း၊ အမှတ် (၃၄)၊ လေးလွှာနေ (ဦးထွန်းကြည်-ဒေါ်တင်ကြွေ)တို့၏သမီး၊ [ဦးမြင့်ဆွေ(ခ) မောင်မောင်]၏ ချစ်လှစွာသောဇနီး၊ ဦးစိုးမင်း-ဒေါ်မြင့်မြင့်စန်း၊ ဦးခင်မောင်လွင်- ဒေါ်အေးအေးသန်း၊ ဦးမျိုးမင်း-ဒေါ်ခင်မိမိခိုင်တို့၏ ညီမ၊ ဒေါ်လှလှကြည်၊ ဦးမျိုးမြင့်-ဒေါ်တင်တင်ကြည်(ခ)ယမင်းအေး၊ ဦးထွန်းထွန်းဝင်း-ဒေါ်သဇင် မင်းမောင်တို့၏ အစ်မသည် ၂၅-၂-၂၀၂၀ ရက် နံနက် ၆:၅၃ နာရီတွင် ရန်ကုန် ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမောင်နှမများ

# (၄၃) ကြိမ်မြောက် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ မိန့်ခွန်းပြောကြား



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ (၄၃) ကြိမ်မြောက် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီတွင် မိန့်ခွန်းပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၆ ရက်အထိကျင်းပသည့် (၄၃) ကြိမ်မြောက် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီအစည်းအဝေး၏ အဆင့်မြင့်ကဏ္ဍသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ တက်ရောက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၆ ရက်တွင် မိန့်ခွန်းတစ်ရပ်ပြောကြားသည်။

**အခြေခံအုတ်မြစ်**

ပြည်ထောင်စုဝန်ကြီးက ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံ နိုင်ငံခြားရေးမူဝါဒ၏ အခြေခံအုတ်မြစ်ဖြစ်သည်ဟု အလေးအနက် ပြောကြားခဲ့သည်။

ထို့ပြင် ဗီယင်နာကြေညာချက်နှင့် လုပ်ဆောင်ချက်အစီအစဉ်တို့ကို အတည်ပြုခဲ့သည့် (၂၇)နှစ်ပြည့် အထိမ်းအမှတ်ကို အမှတ်ရလျက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံများအနေဖြင့် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်တို့အား ကာကွယ်မြှင့်တင်ရန် တာဝန်ရှိသည့်နည်းတူ ပြည်တွင်း၌ ဆောင်ရွက်နိုင်သည့် နည်းလမ်းများ မကုန်ဆုံးသည်အထိ အခြားအရေးယူဆောင်ရွက်ခြင်းတို့ မပြုလုပ်သည့်မူဝါဒအား ထောက်ခံအားပေးရမည်ဖြစ်ကြောင်း မီးမောင်းထိုးပြခဲ့သည်။

**ထည့်သွင်းပြောကြား**

ပြည်ထောင်စုဝန်ကြီးက ငြိမ်းချမ်းရေးနှင့် လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့အခွင့်အရေး၏ အနှစ်သာရများသည် ဆက်နွှယ်နေကြောင်း၊ ထို့ကြောင့် နှစ်ပေါင်း (၇၀) ကြာ ပြည်တွင်းပဋိပက္ခများခံစားခဲ့ရသည့် မြန်မာနိုင်ငံအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးရရှိရေးသည် အရေးအကြီးဆုံး ဦးစားပေးကိစ္စဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍

## ပထဝီဝင်ဘာသာရပ်ဆိုင်ရာ သိကောင်းစရာ ကျောင်းသင်ခန်းစာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ပထဝီဝင်ဘာသာရပ်ဆိုင်ရာ သိကောင်းစရာ ကျောင်းသင်ခန်းစာများကို အချပ်ပိုစာမျက်နှာ (က၊ ခ၊ ဂ) တွင် ဖော်ပြထားပါသည်။

## ဂျပန်-အာဆီယံ ယူ-၁၉ ပြိုင်ပွဲတွင် မြန်မာအသင်း အဖွင့်ပွဲ၌ ဂိုးပြတ်အနိုင်ရ



အဖွင့်ပွဲတွင် အနိုင်ရခဲ့သည့် မြန်မာ ယူ-၁၉ အသင်း။ ဓာတ်ပုံ-ကိုရဲ (Facebook)

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

၂၀၂၀ ဂျပန်-အာဆီယံ ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုပထမနေ့ကို ယနေ့မြန်မာစံတော်ချိန် နံနက်ပိုင်းက ဂျပန်နိုင်ငံ၌ စတင်ကျင်းပရာ မြန်မာ ယူ-၁၉ အသင်းသည် ဂျပန်နိုင်ငံမှ ကာဂိုရှိမာယူနိုက်တက် ယူ-၁၈ အသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

**ဂိုးပြတ်သွင်းယူ**

မြန်မာ ယူ-၁၉ အသင်းသည် အုပ်စုအဖွင့်ပွဲမှာပင် ရလဒ်ကောင်း ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ဂျပန်လူငယ်ကလပ်အသင်းကို ဂိုးပြတ်သွင်းယူခဲ့သည်။ မြန်မာ ယူ-၁၉ အသင်းသည် ပထမပိုင်းမှာပင် လေးဂိုးသွင်းယူထားပြီး ဒုတိယပိုင်းတွင် သုံးဂိုးထပ်မံသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၂၀ ကော်လံ ၅ သို့ ❖

## ရှမ်းယူနိုက်တက်အသင်း အဝေးကွင်းတွင် အင်ဒိုနီးရှားကလပ်ကို ရှုံးနိမ့်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

၂၀၂၀ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စု (H) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပရာ အင်ဒိုနီးရှားကလပ် မာကာဆာအသင်းက မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

**ထပ်မံအရေးနိမ့်**

AFC Cup ပြိုင်ပွဲတွင် ရှန်းကန်နေရသည့် ရှမ်းယူနိုက်တက်အသင်းသည် ယခုပွဲတွင်လည်း ထပ်မံအရေးနိမ့်ခဲ့ပြီး နောက်တစ်ဆင့်တက်ရေးမျှော်လင့်ချက် နည်းသွားခဲ့ရသည်။ ရှမ်းယူနိုက်တက်အသင်းသည် အဓိကကစားသမားအချို့ ပါဝင်နိုင်ခြင်းမရှိသောကြောင့် အားနည်းခဲ့သော်လည်း နောက်ခံလူများ၏ လူကပ်ကစားပုံအားနည်းခြင်းတို့ကြောင့် ဂိုးများခွင့်ပြုခဲ့ရခြင်းဖြစ်သည်။

**အားနည်းချက်များရှိ**

ရှမ်းယူနိုက်တက်အသင်း၏ ပွဲထွက်လူစာရင်းတွင် နိုင်ငံခြားသားကစားသမားသုံးဦးကို အမာခံထားကာ သီဟစည်သူ၊ နန္ဒကျော်၊ ရဲမင်းသူ၊ ငြိမ်းချမ်းတို့ပါဝင်ခဲ့ပြီး ကိုသ်မာတူနာမပါနိုင်သည့် တိုက်စစ်မှာ အားနည်းချက် များ ရှိနေခဲ့သည်။

စာမျက်နှာ ၂၀ ကော်လံ ၅ သို့ ❒

## ထူးခြားသည့် ညအပူချိန်များ

၂၆-၂-၂၀၂၀

| | | | | | |
|---|---|---|---|---|---|
| ဟားခါး | ၇ | ဒီဂရီစင်တီဂရိတ် | လွိုင်လင် | ၈ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၇ | ဒီဂရီစင်တီဂရိတ် | ပြင်ဦးလွင် | ၈ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | ၈ | ဒီဂရီစင်တီဂရိတ် | မိုးကုတ် | ၈ | ဒီဂရီစင်တီဂရိတ် |

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၆-၂-၂၀၂၀

| | | | | |
|---|---|---|---|---|
| ဂန့်ဂေါ | သုည | ဒသမ | ၂၀ | လက်မ |
| ဟုမ္မလင်း | သုည | ဒသမ | ၁၆ | လက်မ |
| ကလေး | သုည | ဒသမ | ၀၈ | လက်မ |

## ကြေးမုံ ယနေ့ ဖတ်စရာ

Coronavirus Disease 2019 (COVID-19) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် နေ့စဉ်ညှိနှိုင်းအစည်းအဝေး (၂၄/၂၀၂၀) ကျင်းပ
စာမျက်နှာ » ၇



မလေးရှားနိုင်ငံ၌ အမျိုးသားအကျိုးစီးပွားကို ဦးစားပေးမည့် ဘက်မလိုက်အစိုးရ တည်ထောင်မည်ဟု မဟာသီယာ ပြောကြား
စာမျက်နှာ » ၁၃

အဲဗစ်ပရက်စလေရဲ့ စံချိန်ကို ကျော်လွန်ခဲ့တဲ့ ဂျက်စတင်ဘီဘာ
စာမျက်နှာ » ၂၀



အနောက်တိုင်းခရီးသွားဈေးကွက်ချဲ့ထွင်နိုင်ရန် ဥရောပနိုင်ငံတချို့အား ဆိုက်ရောက်ဗီဇာဖြင့် ဝင်ရောက်ခွင့်ပြုနိုင်ရေးစီစဉ်
စာမျက်နှာ » ၁၉

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဒီဇင်ဘာလအတွက် မြန်မာနိုင်ငံ၏ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၃၂၄ ဒသမ ၅၃ သန်းရှိ
စာမျက်နှာ » ၂၁

# ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ပထဝီဝင်ဘာသာရပ်ဆိုင်ရာသိကောင်းစရာများ

ဒေါက်တာထွန်းကို၊ ပါမောက္ခ(ဌာနမှူး)၊ ပထဝီဝင်ဌာန၊ ရန်ကုန်တက္ကသိုလ်

ဒီကနေ့ ပို့ချမှာကတော့ ၂၀၂၀ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထဝီဝင်သင်ရိုးနဲ့ပတ်သက်ပြီး အထူးဂရုပြုလေ့လာသင့်တဲ့ အကြောင်းအရာတွေဖြစ်ပါတယ်။ အခြေခံပညာအထက်တန်း ပထဝီဝင်သင်ရိုး ဖတ်စာအုပ်မှာ သဘာဝပထဝီဝင်၊ စီးပွားရေးပထဝီဝင်၊ မြန်မာနိုင်ငံပထဝီဝင်၊ ကမ္ဘာ့ရွေးချယ်နိုင်ငံများ ပထဝီဝင်နဲ့ လက်တွေ့ပထဝီဝင်ဆိုပြီး အပိုင်းကြီး(၅) ပိုင်းပါဝင်သော်လည်း ၂၀၁၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှစတင်ပြီး ပထဝီဝင်ဘာသာရပ်မှာတော့ သဘာဝပထဝီဝင်၊ မြန်မာနိုင်ငံပထဝီဝင်၊ ကမ္ဘာ့ရွေးချယ်နိုင်ငံများပထဝီဝင်နဲ့ လက်တွေ့ပထဝီဝင်ဆိုတဲ့အပိုင်းလေးပိုင်းကပဲ ဖြေဆိုရမှာ ဖြစ်ပါတယ်။

**အပိုင်း(က) သဘာဝပထဝီဝင်အပိုင်းမှာ**

ကမ္ဘာမြေကြီးတည်ဆောက်ပုံ၊ ကမ္ဘာ့မြေထုအပေါ်ယံကျောက်များ၊ ကမ္ဘာ့အပေါ်ယံမြေလွှာလှုပ်ရှားခြင်း၊ ကမ္ဘာ့ကုန်းမြေသဏ္ဌာန်များ၊ အိုင်များ၊ စိမ့်များနဲ့ ကျွန်းများအကြောင်းပါဝင်တယ်။

**အပိုင်း(ဂ) မြန်မာနိုင်ငံပထဝီဝင်အပိုင်းမှာ**

မြန်မာနိုင်ငံရဲ့စီးပွားရေးကုန်ထုတ်လုပ်ငန်းများမှ တွင်းထွက်ပစ္စည်းလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းနဲ့ ကုန်သွယ်ရေးလုပ်ငန်းများ ပါဝင်တယ်။

**အပိုင်း(ဃ)ကမ္ဘာ့ရွေးချယ်နိုင်ငံများပထဝီဝင်အပိုင်းမှာ**

အမေရိကန်ပြည်ထောင်စု၊ ဂျပန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ယူနိုက်တက်ကင်းဒမ်း(ဗြိတိန်)နိုင်ငံအပြင် ပြင်သစ်နိုင်ငံနဲ့ ဂျာမနီနိုင်ငံများလည်း ထည့်သွင်းထားတယ်။

**အပိုင်း(င) လက်တွေ့ပထဝီဝင်အပိုင်းမှာ**

စကေးများ၊ ကွန်တိုနဲ့ကွန်တိုမြေပုံများ၊ မြေပြင်လက္ခဏာပြမြေပုံများ၊ ကောင်းကင်ဓာတ်ပုံများကို လေ့လာပြန်ဆိုတွက်ချက်ခြင်းများ ပါဝင်တယ်။

တက္ကသိုလ်ဝင်တန်း ပထဝီဝင်မေးခွန်းပုံစံမှာ အပိုင်း(၅)ပိုင်းပါဝင်ပြီး

အပိုင်း(က) ဓမ္မဓိဋ္ဌာန်၊ အပိုင်း(ခ) သဘာဝပထဝီဝင်၊ အပိုင်း(ဂ) မြန်မာနိုင်ငံပထဝီဝင်၊ အပိုင်း(ဃ) ကမ္ဘာ့ပထဝီဝင်နှင့် အပိုင်း(င) လက်တွေ့ပထဝီဝင်မေးခွန်းများဟူ၍ ဖြစ်တယ်။ အဲဒီအထဲမှာ အပိုင်း(က)နှင့် (င)မှ မေးခွန်းအားလုံးကို ဖြေဆိုရမှာဖြစ်ပြီး ကျန်အပိုင်းတစ်ပိုင်းစီမှ တစ်ပုဒ်စီဖြင့် စုစုပေါင်း(၅)ပုဒ်ဖြေဆိုရမှာဖြစ်တယ်။ လိုအပ်တဲ့နေရာများမှာ မြေပုံများ၊ သရုပ်ပြပုံများ၊ ပုံကြမ်းများရေးဆွဲပြီး ဖြေရမှာဖြစ်တယ်။ ဖြေဆိုချိန် (၃) နာရီဖြစ်ပြီး စုစုပေါင်းပေးမှတ်မှာ (၁၀၀) ဖြစ်တယ်။

ဓမ္မဓိဋ္ဌာန်မှာ(၃)ပိုင်းပါဝင်ပြီး (၁၅)မှတ်ဖိုး ဖြေရမှာဖြစ်တယ်။ ၁(က)မှား/မှန်ရွေး၊ ၁(ခ)ကွက်လပ်ဖြည့်၊ ၁(ဂ) အဖြေမှန်ရွေးတို့ဖြစ်တယ်။

အပိုင်း(ခ)မှာ မေးခွန်းရှည်(၂)ပုဒ်နဲ့ မှတ်စုတိုမေးခွန်းစုစုပေါင်း(၃)ပုဒ်မေးထားပြီး နှစ်သက်ရာ တစ်ပုဒ်ကိုရွေးပြီး (၁၅)မှတ်ဖိုး ဖြေရမှာဖြစ်တယ်။ ထို့နည်းတူ အပိုင်း(ဂ)၊ (ဃ)တို့မှာလည်း (၁၅)မှတ်ဖိုးစီ ဖြေရမှာဖြစ်ပြီး (၃)ပိုင်းအတွက် စုစုပေါင်း(၄၅)မှတ်ရပါမယ်။

လက်တွေ့ပထဝီဝင်အပိုင်း(င) မေးခွန်း၁၁(က)မှာ စကေးနဲ့ မေးခွန်း၁၁(ခ)မှာ ကောင်းကင်ဓာတ်ပုံအကြောင်း အရာထဲမှ ပုစ္ဆာတစ်ခုခုဖြစ်ပြီး(၁၀)မှတ်ဖိုးစီဖြေရမယ်။ မေးခွန်း၁၁(ဂ)မှာ ကွန်တိုမြေပုံကို လေ့လာဖြေဆိုရမှာဖြစ်ပြီး (၂၀)မှတ်ပေးထားတယ်။ အပိုင်း(င) လက်တွေ့ပထဝီဝင်အပိုင်းဟာ ဓမ္မဓိဋ္ဌာန်လိုပဲ မဖြေမနေရဖြစ်တယ်။ ဒါ့ကြောင့် အပိုင်း(င)မှာ စုစုပေါင်းပေးမှတ်(၄၀)မှတ်ဖြစ်တယ်။

မေးခွန်းမှာ သင်ရိုးညွှန်းတမ်းကို ခြုံငုံမိအောင်မေးမှာဖြစ်တဲ့အတွက် ကျောင်းသား ကျောင်းသူများအနေနဲ့ ပြဋ္ဌာန်းစာအုပ်ပါ သင်ရိုးအားလုံးကို ကျေကျေညက်ညက် ဖတ်မှတ်ဖို့လိုပါတယ်။ သင်ခန်းစာအားလုံးကို မှန်မှန် လေ့ကျင့်ထားရပါမယ်။

သီအိုရီအပိုင်းကို လေ့လာကျက်မှတ်တဲ့အခါ မြေပုံနဲ့အချက်အလက်များတွဲပြီး မြေပုံပါအချက်များကို သဘော ပေါက်နားလည်ထားပါက ကြောင်းကျိုးဆက်စပ်ပြီး မှတ်မိလွယ်တဲ့အတွက် အလွတ်ကျက်ခြင်းထက် ပိုပြီးဖြေဆိုနိုင် တယ်။ မေးခွန်းမှာမေးထားတဲ့ လိုရင်းကိုသာဖြေရမှာဖြစ်ပြီး သိတာတွေအားလုံးဖြေရမှာမဟုတ်ကြောင်း သတိပြုရ ပါမယ်။ ကမ္ဘာ့ပထဝီဝင်အပိုင်းမှာ ဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်တဲ့ အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ ဩစတြေးလျ၊ ဗြိတိန်၊ ပြင်သစ်နဲ့ ဂျာမနီနိုင်ငံများ ပါဝင်တယ်။ နိုင်ငံတိုင်းရဲ့ တည်နေရာ၊ အကျယ်အဝန်းနဲ့ထိစပ်နေသော အိမ်နီးချင်းနိုင်ငံများကို သိရမယ်။

ဒါ့အပြင် ရူပပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှုစီးပွားရေးပထဝီဝင်ဆိုပြီး ခွဲခြားလေ့လာမှတ်သားသင့်တယ်။ ရူပပထဝီဝင်အပိုင်းမှာ တည်နေရာ၊ အကျယ်အဝန်း၊ မြေမျက်နှာသွင်ပြင်နဲ့ရေဆင်း၊ ရာသီဥတု၊ သဘာဝပေါက်ပင်နဲ့မြေဆီလွှာများ ပါဝင်တယ်။ သဘာဝပထဝီဝင်မှာ မြေမျက်နှာသွင်ပြင်မှ မြေဆီလွှာအထိသာ ပါဝင်တယ်။ လူမှုရေး ပထဝီဝင်မှာ လူဦးရေ၊ လူမျိုးနှင့် မြို့ကြီးများ ပါဝင်တယ်။

စီးပွားရေးပထဝီဝင်မှာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ သစ်ထုတ်လုပ်ငန်း၊ တွင်းထွက်ပစ္စည်းတူးဖော်ရေး လုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးနဲ့ ကုန်သွယ်ရေးလုပ်ငန်းများ ပါဝင်တယ်။ စီးပွားကုန်ထုတ်လုပ်ငန်း မှာတော့ စိုက်ပျိုးရေးမှ စက်မှုလုပ်ငန်းအထိသာ ပါဝင်တယ်။

ဓမ္မဓိဋ္ဌာန်များကိုလည်း ဒီအပိုင်းများမှသိသင့်တဲ့အချက်များကို မှား/မှန်၊ ကွက်လပ်ဖြည့်၊ အဖြေမှန်ရွေး စသည်ဖြင့် မေးနိုင်တာကို သတိပြုပါ။ လက်တွေ့ပထဝီဝင်အပိုင်းမှာ စကေးများ၊ ကောင်းကင်ဓာတ်ပုံများရဲ့စကေးကို တွက်ချက် ခြင်း၊ ကွန်တိုနှင့် ကွန်တိုမြေပုံများ၊ မြေပြင်လက္ခဏာပြမြေပုံများကို လေ့လာပြန်ဆိုခြင်းများ ပါဝင်ပါတယ်။

ဆက်လက်ပြီးပို့ချမှာကတော့ လက်တွေ့ပထဝီဝင်အပိုင်းဖြစ်ပြီး ဒီအပိုင်းမှာလေ့ကျင့်ဖို့ အများကြီး လိုအပ်တယ်။ ပို့ချချက်ပါညွှန်ကြားချက်များအတိုင်း ဆွဲသားနည်း၊ ဖြေဆိုနည်းတွေကို စာမေးပွဲနီးမှ လေ့ကျင့်တာမျိုးမဖြစ်သင့်ပါ။ ဥပမာ – ပုံပြစကေးဖြစ်တဲ့ စကေးကျဲ၊ စကေးစိပ်များ တွက်ချက်ရေးဆွဲရာမှာ ပို့ချချက်များကို ဖတ်ရှုရုံနဲ့ မလုံလောက်ပါ။ လက်တွေ့အကြိမ်ကြိမ် လေ့ကျင့်ဆွဲသားမှသာ စာမေးပွဲဖြေဆိုတဲ့အခါ အလွယ်တကူ ဆွဲလို့ရမှာဖြစ်တယ်။ အလားတူ ကွန်တိုမြေပုံလေ့လာပြန်ဆိုရာမှာလည်း နှစ်စကတည်းက ကွန်တိုပုံများကို မှန်မှန်လေ့ကျင့်ထားသင့်တယ်။ ကောင်းကင် ဓာတ်ပုံနဲ့ပတ်သက်တဲ့ ပုစ္ဆာတွေတွက်ရာမှာလည်း ပုံသေနည်းများကိုအလွတ်ကျက်တာထက် သင်္ကေတရှင်းလင်းချက် များကို နားလည်အောင်မှတ်ဖို့လိုတယ်။ လက်တွေ့တွက်ချက်ခြင်းများမပြုမီ စကေးရဲ့အဓိပ္ပာယ်၊ မြေပုံများပေါ်တွင် စကေးကိုဖော်ပြခြင်း၊ စကေးတစ်မျိုးမှ အခြားတစ်မျိုးသို့ ပြောင်းလဲတွက်ချက်ခြင်းများ ပါဝင်တယ်။

စကေးဆိုသည်မှာ မြေပုံပေါ်မှအကွာအဝေးနှင့် မြေပြင်ပေါ်မှအကွာအဝေးတို့၏ အချိုးဖော်ပြချက် ဖြစ်တယ်။ စကေးအမျိုးအစား(၃)မျိုးရှိတယ်။ ယင်းတို့မှာ–

(၁) စာစကေး (ဝါ) စာတန်းစကေး (ဥပမာ– တစ်လက်မလျှင်တစ်မိုင်)

(၂) အချိုးစကေး (ဝါ) အပိုင်းစကေး (ဥပမာ– ၁:၆၃၃၆၀ (ဝါ) ၆၃၃၆၀ပိုင်း တစ်ပိုင်း)နှင့်

(၃)ပုံပြစကေး(ဥပမာ– အတိုင်းအတာတစ်ရပ်ရှိသော မျဉ်းတစ်ကြောင်းကို စိတ်ပိုင်းကာ အချိုးကျမြေပြင်အကွာအဝေး များကို ရေးမှတ်ဖော်ပြသော စကေးအမျိုးအစားဖြစ်တယ်)။

ပုံပြစကေးအမျိုးအစားကို အဓိကအားဖြင့်(၂)မျိုးခွဲခြားထားတယ်။ ၎င်းတို့မှာ စကေးစိပ်/အပြည့်စကေးနှင့် စကေးကျဲ/ အဖွင့်စကေးတို့ဖြစ်တယ်။ ပုံပြစကေးရေးဆွဲရာမှာ တွက်ချက်ရန်နဲ့ ဆွဲသားရန်ဟူ၍ နှစ်ပိုင်းပါဝင်တယ်။

ပုံပြစကေးများတွက်ရန်၊ ဆွဲရန်အတွက် အနည်းဆုံးပြုရမယ့်ကိန်း၏ "ယူနစ်" ကို သတိပြုရန် လိုအပ်တယ်။

တွက်ချက်တဲ့အခါ ရေးဆွဲရမယ့်မျဉ်းရဲ့အလျားဟာ လေးလက်မနှင့် ခြောက်လက်မကြားရှိရင် အသင့်တော်ဆုံးဖြစ်တယ်။ တွက်နည်းကို အဆင့်ဆင့်မှန်အောင်တွက်ရမယ်။ တွက်ချက်လို့ရတဲ့ အဖြေပေါ်မူတည်ပြီး စကေးမျဉ်းကို တိကျ မှန်ကန်အောင်ဆွဲရန်လိုတယ်။ အပိုင်းများကို စိတ်ပိုင်းတဲ့အခါမှာလည်း အစိတ်အပိုင်းများ မှန်ကန်ညီညာအောင် စိတ်ပိုင်းရန် အဓိကလိုအပ်တယ်။

ဆက်လက်ပြီး ကောင်းကင်ဓာတ်ပုံလေ့လာပြန်ဆိုတွက်ချက်ခြင်းအကြောင်းကို လေ့လာမယ်ဆိုရင် ကောင်းကင် ဓာတ်ပုံဆိုတာကတော့ လေယာဉ်အမျိုးမျိုး၊ ဂြိုဟ်တု၊ ဒုံးပျံစသည်တို့မှ ရိုက်ကူးထားတဲ့ ဓာတ်ပုံများဖြစ်တယ်။ ကောင်းကင်ဓာတ်ပုံများကို (၁)တစောင်းရိုက်ကောင်းကင်ဓာတ်ပုံ၊ (၂) အောက်တည့်ရိုက်ကောင်းကင်ဓာတ်ပုံဆိုပြီး အဓိကနှစ်မျိုးခွဲခြားနိုင်တယ်။ တစောင်းရိုက်ကောင်းကင်ဓာတ်ပုံမှာ မိုးကုတ်စက်ဝိုင်းကိုမြင်နိုင်တဲ့ တစောင်းမြင့် ကောင်းကင်ဓာတ်ပုံနဲ့ မိုးကုတ်စက်ဝိုင်းကိုမမြင်နိုင်တဲ့ တစောင်းနိမ့်ကောင်းကင်ဓာတ်ပုံဆိုပြီး (၂)မျိုး ထပ်မံခွဲခြား နိုင်တယ်။

ကောင်းကင်ဓာတ်ပုံရဲ့ စကေးရှာတဲ့ပုံသေနည်းများနဲ့ တွက်ချက်နည်းများကို မှတ်မိအောင် လေ့လာထားရမယ်။ ကောင်းကင်ဓာတ်ပုံစကေးများနဲ့ပတ်သက်ပြီး သင်္ကေတများကိုသိထားရင် မေးခွန်းပုစ္ဆာမှာပါတဲ့ အကြောင်းအရာတွေကို လိုအပ်တဲ့နေရာတွေမှာ အစားထိုးထည့်သွင်းပြီး ဖြေဆိုရမယ်။

ပုစ္ဆာများတွက်တဲ့အခါ သတိပြုရမယ့်အချက်များကတော့ အချိုးစကေးမှာ ပိုင်းဝေဟာ အစဉ်အမြဲ "၁" ဖြစ်ရမယ်။ ပိုင်းဝေနဲ့ပိုင်းခြေ ယူနစ်တူအောင် ညှိပေးရမယ်။ ကိုက်ညီတဲ့ပုံသေနည်းများကို သုံးရမယ်။ ပုံကြမ်းရေးဆွဲပေးသင့်တယ်။ ပိုင်းဝေဟာမြေပုံပေါ်(သို့မဟုတ်)ဓာတ်ပုံပေါ်အကွာအဝေးဖြစ်ပြီး ပိုင်းခြေမှာ မြေပြင်အကွာအဝေးဖြစ်တယ်။

ဒီအခါမှာ မြေပုံအကွာအဝေးပေးထားပြီး မြေပြင်အကွာအဝေးကို ပေ၊ ကိုက်၊ မိုင် စသဖြင့် ရှာခိုင်းရင် လိုအပ်တဲ့ ယူနစ်ကို ပြောင်းပေးရမယ်။

ကောင်းကင်ဓာတ်ပုံစကေးရှာရာမှာ

(၁) ကင်မရာဆုံတာနဲ့လေယာဉ်ပျံသန်းသောအမြင့်တို့ကို အချိုးဖြင့် စကေးရှာနည်း

(၂) ဓာတ်ပုံပေါ်အကွာအဝေးနဲ့ မြေပြင်အကွာအဝေးနှိုင်းယှဉ်ခြင်းဖြင့် စကေးရှာနည်း

(၃) စကေးသိသောမြေပုံနဲ့နှိုင်းယှဉ်နည်းဖြင့် စကေးရှာနည်းဆိုပြီး နည်း(၃)နည်းရှိတယ်။

(၁) ကင်မရာဆုံတာနဲ့ လေယာဉ်ပျံသန်းသောအမြင့်အချိုးဖြင့် စကေးရှာနည်းမှာ အသုံးပြုရမယ့်ပုံသေနည်း(က) ကတော့

$$\text{Scale or RF} = \frac{f}{H}$$


သင်္ကေတရှင်းလင်းချက်အနေနဲ့

| | |
|---|---|
| Scale or RF | ဆိုတာကတော့ စကေး/အချိုးစကေး (Representative Fraction) |
| f | ဆိုတာကတော့ကင်မရာဆုံတာ (focal length) |
| H | ဆိုတာကတော့ ကုန်းမြေအထက်လေယာဉ်ပျံသန်းသောအမြင့် (Flying Height above the ground) ဖြစ်တယ်။ |

**ဥပမာ ။** ကင်မရာဆုံတာ ၆ လက်မဖြင့် ရိုက်ကူးထားသော ကောင်းကင်ဓာတ်ပုံတစ်ပုံ၏ စကေးမှာ ၁:၆၀၀၀ဖြစ်လျှင် ရိုက်ကူးသောအချိန်၌ ပျံသန်းသည့်လေယာဉ်၏ မြေပြင်အထက်အမြင့်ပေကိုရှာပါ။

**တွက်နည်း**

| | |
|---|---|
| ကင်မရာဆုံတာ (f) | = ၆ လက်မ |
| ဓာတ်ပုံ၏စကေး (RF) | = ၁:၆၀၀၀ |
| ကုန်းမြေအထက်လေယာဉ်ပျံသန်းသော အမြင့်(H) | = ? |




**အသုံးပြုသောပုံသေနည်း** $RF = \frac{f}{H}$

$$H = ၆ \times ၆၀၀၀$$

$$= \frac{၃၆၀၀၀ \text{ လက်မ}}{၁၂ \text{ လက်မ}}$$

$$H = ၃၀၀၀ \text{ ပေ}$$

အဖြေ။ လေယာဉ်၏မြေပြင်အထက်ပျံသန်းသော အမြင့်ပေ ၃၀၀၀

**ပုံသေနည်း(ခ)ကတော့**

$$\text{Scale or RF} = \frac{f}{(A-h)}$$

သင်္ကေတရှင်းလင်းချက်အနေနဲ့


| | |
|---|---|
| **Scale or RF** | ဆိုတာကတော့စကေး/အချိုးစကေး (Representative Fraction) |
| **f** | ဆိုတာကတော့ ကင်မရာဆုံတာ (focal length) |
| **A** | ဆိုတာကတော့ ပင်လယ်ပြင်အထက်လေယာဉ်ပျံသန်းသောအမြင့်(Altitude)နဲ့ |
| **h** | ဆိုတာကတော့ ကုန်းမြေအမြင့် (Height of the terrain) ဖြစ်တယ်။ |

ပုံသေနည်း(၂)မှာ လေယာဉ်ပျံသန်းသောအမြင့်**(H)**ကို တိုက်ရိုက်မပေးထားတဲ့အတွက် ပင်လယ်ပြင်အထက် လေယာဉ်ပျံသန်းတဲ့အမြင့်**(A)**မှ ကုန်းမြေအမြင့်**(h)**ကို နုတ်ပေးခြင်းအားဖြင့် **(H)**ကို ရနိုင်ပါတယ်။

**ဥပမာ။** လေယာဉ်တစ်စင်းသည် ပင်လယ်ရေပြင်အထက် အမြင့်ပေ(၁၂၀၀၀)မှပျံသန်းပြီး ကင်မရာဆုံတာ ၆ လက်မဖြင့် ဓာတ်ပုံရိုက်ကူးရာ ဓာတ်ပုံတွင် အမြင့်ပေ(၁၅၀၀)ရှိသည့် တောင်ကုန်းတစ်ခု ပါဝင်သည်။ ထိုကောင်းကင်ဓာတ်ပုံ၏ စကေးကိုရှာပါ။

**တွက်နည်း**

| | |
|---|---|
| ပင်လယ်ပြင်အထက်လေယာဉ်ပျံသန်းသော အမြင့်(A) | = ၁၂၀၀၀ ပေ |
| ကင်မရာဆုံတာ (f) | = ၆လက်မ |
| တောင်ကုန်း၏အမြင့် (h) | = ၁၅၀၀ ပေ |
| ကောင်းကင်ဓာတ်ပုံ၏စကေး (RF) | = ? |




အသုံးပြုသောပုံသေနည်း Scale or RF $= \frac{f}{(A-h)}$

$$RF = \frac{၆ \text{ လက်မ}}{၁၂၀၀၀ - ၁၅၀၀ \text{ ပေ}}$$

ကျောင်းသင်ခန်းစာ [ ခ ] သို့ »»

»»» ကျောင်းသင်ခန်းစာ [ က ] မှ

$$= \frac{\text{၆ လက်မ}}{\text{၁၀၅၀၀ x ၁၂ လက်မ}}$$

$$= \frac{\text{၆ လက်မ}}{\text{၁၂၆၀၀၀ လက်မ}}$$

$$= \frac{\text{၁ လက်မ}}{\text{၂၁၀၀၀ လက်မ}}$$

RF = ၁:၂၁၀၀၀

အဖြေ။ ကောင်းကင်ဓာတ်ပုံ၏ စကေး ၁:၂၁၀၀၀

(၂) ဓာတ်ပုံပေါ်အကွာအဝေးနဲ့ မြေပြင်အကွာအဝေး နှိုင်းယှဉ်ခြင်းဖြင့် စကေးရှာနည်းမှာဆိုရင် အသုံးပြုရမည့် ပုံသေနည်းကတော့

$$\text{Scale or RF} = \frac{PD}{GD}$$


သင်္ကေတရှင်းလင်းချက်အနေနဲ့

| | | |
|---|---|---|
| **Scale or RF** | | ဆိုတာကတော့စကေး/အချိုးစကေး(Representative Fraction) |
| | **PD** | ဆိုတာကတော့ဓာတ်ပုံပေါ်ရှိအကွာအဝေး(Photo Distance) နဲ့ |
| | **GD** | ဆိုတာကတော့မြေပြင်ပေါ်ရှိအကွာအဝေး (Ground Distance)ဖြစ်တယ်။ |

**ဥပမာ** ။ လေယာဉ်တစ်စင်းပေါ်မှ အောက်တဲ့ရိုက် ကောင်းကင်ဓာတ်ပုံရိုက်ကူးရာတွင် ရိုက်ကူးသော ဓာတ်ပုံ၏ စကေးမှာ ၁:၁၂၀၀၀ ဖြစ်ပြီး ရွာနှစ်ရွာ၏ မြေပြင်ပေါ်ရှိ အကွာအဝေးမှာ ပေ ၃၀၀၀ ဖြစ်လျှင် ထိုရွာ နှစ်ရွာ၏ဓာတ်ပုံပေါ်ရှိ အကွာအဝေးကိုရှာပါ။

**တွက်နည်း**

| | |
|---|---|
| ကောင်းကင်ဓာတ်ပုံ၏စကေး **(RF)** | = ၁:၁၂၀၀၀ |
| မြေပြင်ပေါ်ရှိအကွာအဝေး **GD** | = ၃၀၀၀ ပေ |
| ဓာတ်ပုံပေါ်ရှိအကွာအဝေး **PD** | = ? |



PD

GD

အသုံးပြုသောပုံသေနည်း

$$RF = \frac{PD}{GD}$$

$$PD = GD \times RF$$

$$PD = (\text{၃၀၀၀} \times \text{၁၂}'') \times \frac{\text{၁}}{\text{၁၂၀၀၀}}$$

$$PD = \text{၃၆၀၀၀}'' \times \frac{\text{၁}}{\text{၁၂၀၀၀}}$$

$$PD = \text{၃ လက်မ}$$

အဖြေ။ ရွာနှစ်ရွာ၏ ဓာတ်ပုံပေါ်ရှိ အကွာအဝေး = ၃ လက်မ

(၃) စကေးသိသောမြေပုံနဲ့နှိုင်းယှဉ်နည်းဖြင့်စကေးရှာနည်းမှာ အသုံးပြုရမည့်ပုံသေနည်းကတော့

$$\text{Scale or RF} = \frac{PD}{MD} \times \text{Map Scale}$$


သင်္ကေတရှင်းလင်းချက်အနေနဲ့

| | |
|---|---|
| **Scale or RF** | ဆိုတာကတော့ စကေး/အချိုးစကေး(Representative Fraction) |
| **PD** | ဆိုတာကတော့ ဓာတ်ပုံပေါ်ရှိ အကွာအဝေး (Photo Distance) |
| **MD** | ဆိုတာကတော့ မြေပုံပေါ်ရှိအကွာအဝေး(Map Distance) နဲ့ |
| **Map Scale** | ဆိုတာကတော့ မြေပုံစကေးဖြစ်တယ်။ |

**ဥပမာ** ။ မြေပုံတစ်ပုံပေါ်ရှိ လမ်းဆုံနှစ်ခုတို့၏ အကွာအဝေးသည် (၁၂) လက်မဖြစ်ပြီး ယင်းမြေပုံ၏ စကေးမှာ ၁:၅၀၀၀ ဖြစ်သည်။ ထိုလမ်းဆုံနှစ်ခုတို့၏ ဓာတ်ပုံပေါ်ရှိအကွာအဝေးမှာ (၄)လက်မဖြစ်လျှင် ဓာတ်ပုံ၏ စကေးကိုရှာပါ။

**တွက်နည်း**

| | | |
|---|---|---|
| မြေပုံပေါ်ရှိ အကွာအဝေး | MD | = ၁၂ လက်မ |
| မြေပုံ၏ စကေး | MS | = ၁:၅၀၀၀ |
| ဓာတ်ပုံပေါ်ရှိ အကွာအဝေး | PD | = ၄ လက်မ |
| ဓာတ်ပုံ၏ စကေး | RF | = ? |



အသုံးပြုသောပုံသေနည်း

$$RF = \frac{PD}{MD} \times \text{Map Scale}$$

$$= \frac{\text{၄}}{\text{၁၂}} \times \frac{\text{၁}}{\text{၅၀၀၀}}$$

$$= \frac{\text{၄}}{\text{၆၀၀၀၀}}$$

$$= \frac{\text{၁}}{\text{၁၅၀၀၀}}$$

အဖြေ။ ဓာတ်ပုံ၏ စကေး ၁:၁၅၀၀၀

ကောင်းကင်ဓာတ်ပုံရဲ့ စကေးရှာတဲ့ပုံသေနည်းများနဲ့ တွက်ချက်နည်းများကို မှတ်မိအောင် လေ့လာထားရမယ်။ ပုံသေနည်းပါ သင်္ကေတတွေရဲ့နေရာမှာ မေးခွန်းပုစ္ဆာပါ သက်ဆိုင်ရာကိန်းဂဏန်းများကို အစားထိုးပြီး တွက်ရမှာဖြစ်တဲ့အတွက် ယေဘုယျအားဖြင့် လွယ်ကူသယောင်ဖြစ်တယ်။ ဒါပေမဲ့ ပုံသေနည်းမှာပါတဲ့ သင်္ကေတတွေရဲ့အဓိပ္ပာယ်ကို သိထားရန် မည်သည့်ပုံသေနည်းကို မည်သည့်ပုစ္ဆာမှာ သုံးရမယ်ဆိုတာကို ခွဲခြားမှတ်သားရန် အထူးလိုအပ်တယ်။ နမူနာများကို အထပ်ထပ်လေ့ကျင့်သင့်တယ်။

ကွန်တိုမြေပုံလေ့လာဖြေဆိုခြင်းအပိုင်းမှာ (က)မှ(ခ)သို့ ဖြတ်ပိုင်းပုံရေးဆွဲခြင်း၊ မြေပုံပါဒေသရဲ့ ဧရိယာနဲ့လတ္တီကျူ လောင်ဂျီကျူရှာဖွေခြင်း၊ မြန်မာနိုင်ငံရဲ့မည်သည့်ပြည်နယ်၊ တိုင်းဒေသကြီးအတွင်း တည်ရှိသည်ကို အကြောင်းပြချက်နဲ့ဖြေဆိုခြင်း၊ မြေပုံပါဒေသရဲ့ ရူပပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှု-စီးပွားရေးပထဝီဝင်၊ စီးပွားကုန်ထုတ်လုပ်ငန်းများ စသဖြင့် ပါဝင်တယ်။

(က)မှ(ခ)သို့ ဖြတ်ပိုင်းပုံရေးဆွဲရာမှာ ဒေါင်လိုက်စကေးကို ဦးစွာရှာပေးရမှာဖြစ်ပြီး ကွန်တိုမြေပုံမှာ ပေးထားတဲ့ အလျားလိုက်စကေးကို အသုံးပြုတွက်ချက်ရှာဖွေရမယ်။ ဒေါင်လိုက်စကေးကိုရှာရာမှာ မြေမျက်နှာသွင်ပြင် အနိမ့်အမြင့် ပေါ်လွင်စေရန် ၅ ဆမှ ၁၀ ဆအထိ ချဲ့သင့်တယ်။ စကေးကို တစ်လက်မအပေါ်မူတည်ပြီး ရှာရမယ်။ ရလာတဲ့အဖြေကို ပုံဆွဲရာမှာလွယ်ကူအောင် အနီးဆုံးကိန်းပြည့်ကိုယူရမယ်။

ဒီနည်းဟာ ပုံသေနည်းလိုပဲ ဘယ်စကေးကိုမဆို တွက်နိုင်ရမယ်။

ဥပမာ။ ။ ဒေါင်လိုက်စကေးရှာရာမှာ

အလျားလိုက်စကေး ၁ လက်မ = ၁ မိုင်ဆိုပြီးပေးထားရင်

ဒေါင်လိုက်အဆချဲ့ခြင်း(၅ ဆ)ချဲ့တဲ့အခါ

၁ လက်မ x ၅ ဆ = ၅ လက်မ = ၁ မိုင် (၅၂၈၀ ပေ)


$$\text{၁ လက်မပေါ်မှာပြန်ရှာရင်} = \frac{\text{၁} \times \text{၅၂၈၀}}{\text{၅}} = \text{၁၀၅၆ ပေ} = \text{၁၀၀၀ ပေ (အနီးဆုံးယူပါ)}$$

ဒါ့ကြောင့် ဒေါင်လိုက်စကေး ၁ လက်မ = ၁၀၀၀ပေ တွက်ပြီး စကေးရရင် ပေးထားတဲ့ဂရပ်ပေါ်မှာ ဖြတ်ပိုင်းပုံကို စကေးကိုက် ရေးဆွဲပေးရမယ်။

ရေးဆွဲပုံအဆင့်ဆင့်ကတော့


- ပထမဦးဆုံးပေးထားတဲ့ ကွန်တိုမြေပုံပေါ်ရှိ (က)အမှတ်နှင့် (ခ)အမှတ်တို့ကိုရှာပြီး မျဉ်းဖြောင့်ဖြင့်ဆက်ပါ။

ပုံ (၁) "က" မှ "ခ"သို့ မျဉ်းဖြောင့်ဆက်ပုံ





- ပြီးရင် 'က' နှင့် 'ခ' ဖြတ်သန်းရာမျဉ်းအောက်ရှိ ကွန်တိုမျဉ်းများရဲ့ အမြင့်ပေများကို မှတ်ရ မယ်။ ဒီလိုမှတ်တဲ့အခါ ပေးထားတဲ့ ကွန်တိုခြားနားချက်ကို သတိပြုရမယ်။ ကွန်တိုမျဉ်းသာမက မြစ်၊ ချောင်း၊ အင်းအိုင်၊ မြို့၊ ရွာ၊ လမ်းမှအစ အသေးစိတ်မှတ်သားရမယ်။

ပုံ (၂) ကွန်တိုမျဉ်းများပေါ် အမြင့်ပေများမှတ်သားပုံ





- ဒီနောက် 'က' 'ခ' ဖြတ်သန်းရာ မျဉ်းတစ်လျှောက် ကွန်တိုမြေပုံစာရွက်ကို ခေါက်ပါ။

ပုံ (၃) "က"နှင့် "ခ" ဖြတ်ပိုင်းမျဉ်းအတိုင်း ကွန်တိုမြေပုံခေါက်ထားပုံ





- ပြီးရင် ဂရပ်စာရွက်ပေါ်မှာ ပေးထားတဲ့ကွန်တိုမြေပုံရဲ့ **'က' 'ခ'** အလျားအတိုင်း အောက်ခြေ အလျားလိုက်မျဉ်းကြောင်းကို တိကျစွာဆွဲပါ။ **'က'** နေရာမှ ဒေါင်လိုက်မျဉ်း တစ်ကြောင်းနှင့် **'ခ'** နေရာမှ ဒေါင်လိုက်မျဉ်းတစ်ကြောင်းဆွဲပါ။ ထိုမျဉ်းများသည် အရှေ့ပိုင်းမှတွက်၍ ရထားတဲ့ ဒေါင်လိုက်စကေးကို ကိုယ်စားပြုထားတဲ့အတွက် ယင်းမျဉ်းများပေါ်မှာ ဒေါင်လိုက်ကိန်းဂဏန်းများ မှတ်သားရမယ်။

-ခေါက်ထားတဲ့ကွန်တိုမြေပုံစာရွက်ကို မှတ်သားထားတဲ့ ဂရပ်စာရွက်ရဲ့အောက်ခြေမျဉ်းမှာ **'က' 'ခ'** အမှတ် အသားအကွာအဝေးအတိုင်း ဒေါင်လိုက်မျဉ်းနဲ့ တစ်ထပ်တည်းကျအောင်ကပ်ပါ။ ပြီးရင် ကွန်တိုမြေပုံပေါ်ရှိ အမြင့်ပေများကို ဂရပ်စာရွက်ပေါ်သို့ စကေးကိုက်အမှတ်များချပြီး မှတ်ပါ။




- မှတ်ထားတဲ့ အစက်များကို ပြေပြစ်တဲ့မျဉ်းကြောင်းများ လိုက်ဆက်ရင် လိုအပ်တဲ့မြေပြင်ပုံ ပေါ်ထွက်လာမယ်။

"က" မှ "ခ"သို့ ဖြတ်ပိုင်းပုံ




အလျားလိုက်စကေး ၁လက်မ = ၁မိုင်,
ဒေါင်လိုက်စကေး-၅ဆချဲ့၍ ဒေါင်လိုက်စကေး ၁လက်မ = ၁၀၀၀'(အနီးဆုံး)

ကျောင်းသင်ခန်းစာ [ ဂ ] သို့ »»»

»»» ကျောင်းသင်ခန်းစာ [ ခ ] မှ

– ဒီလိုဆွဲတဲ့အခါ သတိပြုရမယ့်အချက်မှာ ‘က’ နှင့် ‘ခ’ ကို ဘောင်မှာရှိတဲ့ နေရာအမြင့်များမှာ မှန်အောင်ရေးရန် လိုတယ်။ မြစ်ဝှမ်းကျယ်ဖြစ်ရင် ဇလားပုံ၊ ချောင်းငယ်များရဲ့နေရာမှာ V ပုံသဏ္ဌာန် အနည်းငယ်ချိုင့်ပေးရမယ်။ ပုံမှာထင်ရှားတဲ့ မြစ်၊ ချောင်း၊ အင်းအိုင်၊ လမ်းစတဲ့နေရာတွေကို မြားများပြပြီး ဖော်ပြရမယ်။ ကုန်းမြေကိုလည်း အနက်(သို့မဟုတ်)အညိုရောင် ခြယ်ပေးသင့်တယ်။ ပုံရဲ့အပေါ်မှာ ခေါင်းစဉ်တပ်ပြီး ပုံရဲ့အောက်မှာ အလျားလိုက်နှင့် ဒေါင်လိုက်စကေး နှစ်မျိုးစလုံးဖော်ပြရမယ်။

မြေပုံပါဒေသရဲ့တည်နေရာကို ဖော်ပြတဲ့အခါ နည်း(၂)နည်းဖြင့် ဖော်ပြနိုင်တယ်။ ပထမနည်းက သင်္ချာနည်းဖြစ်ပြီး မြေပုံရဲ့ဘောင်မှာ လတ္တီကျုနှင့် လောင်ဂျီကျုများကို မှတ်သားဖော်ပြထားလေ့ရှိတယ်။ မေးခွန်းပါ ကွန်တိုမြေပုံဟာ မြန်မာနိုင်ငံအတွင်းရှိ ဒေသတစ်ခုဖြစ်တဲ့အတွက် ဖော်ပြထားတဲ့ ကိန်းဂဏန်း အနက်(၉၂°)ကျော်တဲ့ကိန်း(၂)ခုဟာ အရှေ့လောင်ဂျီကျုမျဉ်းများဖြစ်ပြီး ကျန်(၂၈°)အောက်၂ ခုဟာ မြောက်လတ္တီကျု ဖြစ်တာကို ခွဲခြားသိရှိထားသင့်တယ်။

ဥပမာ။ မြေပုံပါဒေသဟာ မြောက်လတ္တီကျု ၂၁° ၄၅' နဲ့ ၂၁° ၄၉' အတွင်း အရှေ့လောင်ဂျီကျု ၉၆° ၉' နှင့် ၉၆° ၁၃' အတွင်းတွင် ရှိတယ်။


နောက်တစ်နည်းကတော့ မြေပုံပေါ်မှာပါရှိတဲ့ ထင်ရှားတဲ့မြစ်ချောင်းစတဲ့ မြေပြင်လက္ခဏာများနှင့် မြို့ပြကျေးရွာများကို မှီငြမ်းပြီးဖော်ပြခြင်းဖြစ်တယ်။ ဥပမာပေးထားတဲ့မြေပုံမှာ ထင်ရှားတဲ့ မြို့ပြကျေးရွာမပါဘဲ ဧရာဝတီမြစ်အလယ်ဗဟိုမှ ဖြတ်စီးနေပါက “မြေပုံမှာထင်ရှားတဲ့ မြို့ပြကျေးရွာမပါဘဲ ဧရာဝတီမြစ်ဝှမ်း၏တစ်စိတ်တစ်ဒေသနှင့် ပတ်ဝန်းကျင်ဒေသဖြစ်သည်”ဟု အကြမ်းအားဖြင့် ရေးနိုင်တယ်။ အကယ်၍ ထင်ရှားတဲ့မြို့တစ်မြို့(ဥပမာ–ရေနံချောင်းမြို့)ပါရှိပါက “မြေပုံပါဒေသသည် ရေနံချောင်းမြို့နှင့် အနီးပတ်ဝန်းကျင်ဒေသကို ဖော်ပြထားသည်” ဟု ရေးနိုင်တယ်။

မြေပုံပါဒေသရဲ့ ဧရိယာကို မြေပုံစကေးနဲ့အညီ တွက်ချက်ပြီး စတုရန်းမိုင်နဲ့ ဖော်ပြရမယ်။ ဥပမာ မြေပုံ၏စကေးဟာ (၂) လက်မလျှင် (၁)မိုင်ဖြစ်ပြီး အဲဒီမြေပုံရဲ့ အလျားနဲ့အနံဟာ (၈) လက်မနဲ့ (၄)လက်မရှိပါက စကေးအရ မြေပြင်မှာ အလျား(၄) မိုင်နဲ့ အနံ(၂)မိုင် အသီးသီးရှိမယ်။ ဒါကြောင့် ပေးထားတဲ့ မြေပုံပါဒေသရဲ့ အကျယ်အဝန်း ဧရိယာဟာ (အလျား၄မိုင် x အနံ ၂ မိုင်) (၈)စတုရန်းမိုင်ရှိတယ်။ တကယ်လို့ တွက်ချက်ရရှိတဲ့အဖြေဟာ ကိန်းပြည့်မဟုတ်ပါက အနီးစပ်ဆုံးဖော်ပြနိုင်တယ်။

မြေပုံပါဒေသဟာ မည်သည့်ပြည်နယ်နဲ့တိုင်းဒေသကြီးအတွင်း ပါဝင်တာကိုဖော်ပြရာမှာ မြေပုံမှာ ပါဝင်တဲ့မြို့ရွာ၊ မြစ်ချောင်း၊ အင်းအိုင်၊ တောင်တန်း၊ ကားလမ်း၊ ရထားလမ်းဆက်သွယ်မှုစတဲ့ အခြေအနေတွေကို စေ့စပ်သေချာစွာ လေ့လာပြီး ကြောင်းကျိုးဆက်စပ်၍ ဖော်ပြပေးရမယ်။

ဥပမာ။ မြေပုံတွင် ငွမြို့နယ်လို့တွေ့ရင် ရခိုင်ပြည်နယ်၊ ရမည်းသင်းမြို့နယ်လို့တွေ့ရင် မန္တလေးတိုင်းဒေသကြီးအတွင်းမှာ ရှိတယ်လို့ ရေးသားဖော်ပြရမယ်။


ဆက်လက်ပြီး ပေးထားတဲ့ ကွန်တိုမြေပုံ ဖတ်ရှုရေးသားခြင်းအကြောင်းကို လေ့လာကြရအောင်။




အထက်ဖော်ပြပါ မြေပုံဒေသသည် မင်းဘူးမြို့၏ ပတ်ဝန်းကျင်ဒေသပုံဖြစ်သည်။ ‘က’ အမှတ်အသားသည် ဒေသ၏ အနောက်တောင်ခန့်၌ရှိပြီး ‘ခ’ အမှတ်အသားသည် ဒေသ၏ အရှေ့တောင်ခန့်တွင်ရှိသည်။

ထို့ကြောင့် ‘က’ မှ ‘ခ’ ဖြတ်ပိုင်းပုံကို ဆွဲကြည့်လျှင် အောက်ပါအတိုင်းတွေ့ရမည်။

"က" မှ "ခ" သို့ဖြတ်ပိုင်းပုံ



အလျားလိုက်စကေး ၁" = ၁မိုင်
ဒေါင်လိုက်စကေး ၁" = ၁၀၀၀ ပေ

‘က’ နေရာသည် အမြင့်ပေ (၃၀၀) အောက်၌ရှိပြီး အရှေ့ဘက်ရှိ ‘ခ’ သို့ဆက်ရာ ဆားပွတ်ချောင်းနှင့် ချောင်းငယ်များ၊ ပေ ၂၀၀ ကွန်တိုမျဉ်း၊ ပေ ၃၀၀ နှင့် ပေ ၄၀၀ ကွန်တိုမျဉ်းများကိုဖြတ်သန်းပြီး ဧရာဝတီမြစ်အတွင်း ရှိ ‘ခ’ မှတ်နှင့် ဆက်သွယ်ထားသည်။ ‘ခ’ အမှတ်သည် အမြင့်ပေ ၂၀၀ အောက်တွင် တည်ရှိသည်။

ကွန်တိုမြေပုံကိုကြည့်ပြီး ဒေသန္တရပထဝီဝင်အကြောင်းကို ဆွေးနွေးရအောင်။

**မြေပုံပါဒေသ၏ ရူပပထဝီဝင်**

**တည်နေရာနှင့် အကျယ်အဝန်း**

ပေးထားသော ကွန်တိုမြေပုံပါဒေသတွင် မင်းဘူးမြို့ကိုတွေ့ရသဖြင့် မကွေးတိုင်းဒေသကြီးအတွင်း တည်ရှိပြီး မြောက်လတ္တီကျု ၂၀° ၈' မှ ၂၀° ၁၃' အတွင်းနှင့် အရှေ့လောင်ဂျီကျု ၉၄° ၄၉' မှ ၉၄° ၅၅' အတွင်း တည်ရှိသည်။ ဧရိယာ (၂၁.၆၂) စတုရန်းမိုင်ခန့် ကျယ်ဝန်းသည်။

**မြေမျက်နှာသွင်ပြင်နှင့် ရေဆင်း**

ပုံတွင် တောင်ကုန်းတောင်တန်းရှိရာအပိုင်းနှင့် မြေပြန့်လွင်ပြင်အပိုင်းဟူ၍ (၂)ပိုင်းတွေ့ရသည်။ တောင်ကုန်းတောင်တန်းများကို ပုံ၏တောင်ဘက်ပိုင်းတွင် တွေ့ရသည်။ အမြင့်ဆုံးအပိုင်းမှာ (၄၃၈) ပေမြင့်သော တောင်ကုန်းမြင့်ကို ပုံ၏တောင်ဘက်တွင် တွေ့ရှိရသည်။

မြောက်ဘက်သို့ တောင်ကုန်းမှာ နိမ့်ဆင်းသွားရာ ပေ (၂၀၀) ကွန်တိုမျဉ်းကို ပုံ၏ မြောက်ဘက်တွင် တွေ့ရသည်။ မြေပြန့်လွင်ပြင်ပိုင်းကို ပုံ၏မြောက်ဘက်တွင်တွေ့ရပြီး ပေ (၂၀၀) အောက်နိမ့်သော အပိုင်းဖြစ်သည်။ ဒေသတစ်ခုလုံးမှာ မြေမျက်နှာပြင်ညီညာမှုမရှိပေ။ ပုံ၏အရှေ့ဘက် ဧရာဝတီမြစ်ကမ်းအနီးတွင် ကမ်းပါးများကို တွေ့ရသည်။ ပုံတွင် ဧရာဝတီမြစ်သည် အဓိကရေဆင်းဖြစ်ပြီး မြောက်မှတောင်သို့ စီးဆင်းနေသည်။ မြေပုံပါဧရိယာ၏ လေးပုံတစ်ပုံမှာ ဧရာဝတီမြစ်၏အစိတ်အပိုင်းဖြစ်ပြီး မြစ်အတွင်း သဲသောင်များ၊ ကျွန်းများကိုတွေ့ရှိရသည်။ မြစ်အတွင်း ရေနံချောင်းမှ မကွေးသို့သွားသော သင်္ဘောလမ်းကို တွေ့ရသည်။ ဧရာဝတီမြစ်အတွင်းသို့ အနောက်ဘက်မှ ဆားပွတ်ချောင်းစီးဆင်းပြီး ချောင်းအတွင်း သဲများတွေ့ရှိရသည်။

**အောက်ခံကျောက်**

မြေပုံပါဒေသတွင် ရေနံတွင်းများတွေ့ရှိရ၍ အောက်ခံကျောက်မှာ အနည်ကျကျောက်များ ဖြစ်နိုင်သည်။

**ရာသီဥတု**

မြေပုံပါဒေသသည် မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းဒေသကြီးအတွင်း တည်ရှိပြီး ပေ(၃၀၀) အောက်နိမ့်သော အပိုင်းဖြစ်ခြင်း၊ ပုံတွင်သဲပိတ်ချောင်းများတွေ့ရခြင်းတို့ကြောင့် အပူချိန်များသော ဒေသဖြစ်သည်။ ပင်လယ်နှင့်ဝေး၍ အပူချိန်ကွာခြားချက်များသော ဒေသလည်းဖြစ်သည်။

ပုံတွင်သဲပိတ်ချောင်းများတွေ့ရခြင်း၊ မြန်မာနိုင်ငံအလယ်ပိုင်းတွင် တည်ရှိခြင်း၊ မြစ်ချောင်း နည်းပါးခြင်းတို့ကြောင့် မိုးနည်းသည်။ အပူချိန်များပြီး မိုးနည်းခြင်းကြောင့် အပူပိုင်းခြောက်သွေ့ရာသီဥတုကို ရရှိမည်။

**သဘာဝပေါက်ပင်**

အပူပိုင်းခြောက်သွေ့ရာသီဥတုရှိခြင်းကြောင့် ဆူးချုံတော၊ ထနောင်းစသော ခြောက်သွေ့တောများ ပေါက်နိုင်သည်။

**မြေဆီလွှာ**

အလယ်ပိုင်းမိုးနည်းရပ်ဝန်းတွင် တည်ရှိသော်လည်း တူးမြောင်းများဖြင့် ရေသွင်းစိုက်ပျိုးနိုင်သောဒေသဖြစ်၍ လယ်မြေများရှိနိုင်သည်။

မြေပုံပါဒေသ၏ **လူမှု–စီးပွားရေး** ပထဝီဝင်ကိုလေ့လာကြည့်လျှင်

**လူဦးရေ**

မင်းဘူးမြို့နှင့် ကျေးရွာအများအပြားတွေ့ရသဖြင့် ဒေသတစ်ခုလုံးအနေဖြင့် လူဦးရေများမည်။ မင်းဘူးမြို့တွင် လူနေသိပ်သည်းမှုအများဆုံးဖြစ်ပြီး ဧရာဝတီမြစ်အနောက်ဘက်ကမ်းဘေးတစ်လျှောက်ရှိ ရွာများတွင် လူနေသင့်တင့်၍ ဆားပွတ်ချောင်းအရှေ့ဘက်ရှိ တောင်ကုန်းပိုင်းတွင် လူနေကျဲပါးမည်။

**လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ပတ်ဝန်းကျင်ဒေသဖြစ်၍ ဗမာလူမျိုးအများဆုံးနေထိုင်မည်။ စေတီများတွေ့ရ၍ ဗုဒ္ဓဘာသာ အဓိက ကိုးကွယ်ကြသည်။

**မြို့ရွာပျံ့နှံ့တည်ရှိမှု**

အဓိကမြို့မှာ မင်းဘူးမြို့ဖြစ်ပြီး ဧရာဝတီမြစ်၏အနောက်ဘက်ကမ်း၌တည်ရှိသည်။ ရေနံများရှိခြင်း၊ စစ္စလီရှ်မီးတောင်ရှိခြင်းတို့ကြောင့် ထင်ရှားသည်။ ရွာအများစုကို ဧရာဝတီမြစ်အနောက်ဘက်ကမ်းတစ်လျှောက်တွင် တွေ့ရပြီး ရွာတန်းရှည်များ (ဥပမာ–ရွာသာ၊ ရှားတောကျွန်းရွာ၊ ထောက်ရာပင်၊ ကျွဲသိုးမျှောင်)ဖြစ်ကြသည်။ အချို့ရွာများကို အနောက်ဘက်ခြမ်းရှိ တောင်ကုန်း၏တောင်ခြေပိုင်းတွင် တွေ့ရပြီး ရွာစုရွာဝိုင်းများ(ဥပမာ–ကံရေရွာ၊ ရွာမကံ၊ ရက်သမရွာ) ဖြစ်ကြသည်။

**စီးပွားရေးပထဝီဝင်**

အဓိကလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် တွင်းထွက်တူးဖော်ရေးဖြစ်သည်။

**စိုက်ပျိုးရေး**

မြေပဲ၊ နှမ်း၊ ပြောင်း၊ ပဲအမျိုးမျိုးတို့ကို စိုက်ပျိုးမည်။ ကျွန်းများတွင် ကိုင်းကျွန်းသီးနှံများလည်း စိုက်ပျိုးနိုင်သည်။

**ငါးဖမ်းလုပ်ငန်း**

ဧရာဝတီမြစ်နှင့် ချောင်းလက်တက်များအတွင်း ရေချိုငါးဖမ်းလုပ်ငန်း လုပ်ကိုင်နိုင်သည်။

**တွင်းထွက်တူးဖော်ရေး**

ရေနံတွင်းများ၊ ရေနံပြွန်လမ်းများတွေ့ရသဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်မည်။

**စက်မှုလုပ်ငန်း**

မင်းဘူးမြို့တွင် ဆီစက်၊ ပဲခွဲစက်နှင့် ရေနံထွက်ပစ္စည်း ထုတ်လုပ်သည့် လုပ်ငန်းများရှိမည်။

**လမ်းပန်းဆက်သွယ်ရေး**

ကားလမ်းနှင့် ရေကြောင်းလမ်းကို အဓိကအသုံးပြုဆက်သွယ်နိုင်သည်။ မင်းဘူးမြို့မှ မြောက်ဘက် စကုသို့လည်းကောင်း၊ တောင်ဘက် ကျွဲသိုးမျှောင်သို့လည်းကောင်း ကားလမ်းဖြင့် ဆက်သွယ်နိုင်သည်။ ထို့အပြင် ကံရေရွာ၊ ရေမျက်ရွာသို့လည်း နွေရာသီလမ်းဖြင့် ဆက်သွယ်နိုင်သည်။ တစ်ရွာမှတစ်ရွာသို့ လှည်းလမ်းဖြင့်လည်း ဆက်သွယ်နိုင်သည်။ မင်းဘူးမြို့မှမြောက်ဘက် ရေနံချောင်းသို့၊ တောင်ဘက် မကွေးသို့ ဧရာဝတီမြစ်ကြောင်းအတိုင်း သင်္ဘောဖြင့် သွားလာနိုင်သည်။ ထို့ကြောင့် ဒေသအတွင်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည်။ ရေနံပြွန်လမ်းများတွေ့ရ၍ ပိုက်လမ်းစနစ်ဖြင့် ပို့ဆောင်နိုင်သည်။

**ကုန်သွယ်ရေး**

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း၊ ဒေသထွက်ကုန် ပေါများခြင်းတို့ကြောင့် ကုန်ကူးသန်းရောင်းဝယ်ရေး ဖွံ့ဖြိုးနိုင်သည်။ ဆီထွက်သီးနှံနှင့် ရေနံထွက်ပစ္စည်းများ အဓိကထုတ်လုပ်နိုင်သဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများရှိသည်။

မြေပုံပါဒေသရဲ့ ပထဝီဝင်ကို ဖတ်ရှုရေးသားရာမှာ အတွေ့အကြုံလည်း များစွာလိုအပ်တယ်။ ဒါကြောင့် ကွန်တိုမြေပုံအများအပြားကို ကြည့်ရှုလေ့လာထားရမယ်။ ရေးသားဖြေဆိုရာမှာ ကြောင်းကျိုးဆက်နွှယ် ဖြေဆိုရန် လိုအပ်တယ်။ မြေပုံပါ အချက်အလက်တွေကိုပဲ ဖြေရမှာဖြစ်လို့ သေချာစွာ လေ့လာဖြေဆိုကြဖို့ မှာကြားရင်း ဒီမှာပဲရပ်နားလိုက်ပါတယ်။

